
www.burmeseclassic.com

# လရောင်ကျူးရှင်

## ဟာသ်ာငယ်ရဲ့မင်းသခင်



BURMESE CLASSIC .com

www.burmeseclassic.com

ဒုတိယအကြိမ်

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၂၄၃၀၃၁၂ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၂၄၁၀၃၁၂ |
| အကြိမ် | – | ဒုတိယအကြိမ် |
| | | ၂၀၁၂ ခုနှစ်၊ မေလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) |
| အဖုံးပုံနှိပ်သူ | | ရွှေရောင်လင်းပုံနှိပ်တိုက် |
| | | အမှတ်(၈၈)၊ ၅၁ လမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

ဟာသာဝယ်ရဲ့ မင်းသခင်/ လရောင်ကျူးရင့်၊ ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၂။

၂၀၈– စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) ဟာသာဝယ်ရဲ့ မင်းသခင်



BURMESE CLASSIC .com

## အခန်း (၁)

"ဟိတ်ကောင် .."

နောက်လှည့်ကြည့်လိုက်သည့် မျက်နှာက ဘယ်သူပါသလဲ ဆိုတာကို သဲကွဲစွာ မမြင်ရသေးမီ ...

"ခွပ် .."

မျက်လုံးထဲမှာ ကြယ်ရောင်စုံတွေ လင်းလက်သွားသည့်ကိုယ်လုံးက နောက်ကို ခပ်ယိုင်ယိုင်လန်သွားလျှင် နောက်မှနေ၍ သူ့လက်နှစ်ဖက်ကို ဖမ်းချုပ်ခြင်း ခံလိုက်ရ၏။

အုပ်စုနဲ့ ဝိုင်းဆော်ခံရပြီမှန်း သတိဝင်လာသည်။ ရှေ့တည့်တည့်က လက်သီးနောက်တစ်ချက် ထပ်မဝင်လာမီ သူ အာရုံစိုက်၍



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကိုင်ထားသူရဲ့ ခြေသလုံးသို့သကျည်းကို ရှူးဖိနပ်စီးထားသည့် ဖနောင့်နှင့် နောက်ပြန် ကန်ထည့်လိုက်သည်။

ချုပ်နှောင်မှုအားက ချက်ချင်း လျော့သွားသည်။

တစ်ဆက်တည်း ဗိုက်ကို တံတောင်နဲ့ပါ ဆောင့်ထည့်လိုက်သည်။ ချုပ်နှောင်ထားသည့်သူ ကုန်းကွကျန်ခဲ့လျှင် မင်းသခင် ရဲ့ လှုပ်ရှားမှုများက ဒေါသအဟုန်အတိုင်း ...

သုံးယောက်နဲ့တစ်ယောက်ပေမယ့် သူ မရှုံးနိမ့်ပါ။

"ဟိတ်ကောင် .. မင်းသခင် ဆိုတဲ့ ပန်းစားဘီးလူး .. လာစမ်းပါ .."

အားလုံးထဲမှတစ်ယောက်သည် မင်းသခင် ကို အငြိုးတကြီး ကြည့်လျက် တိုက်ခိုက်တုံ့ပြန်မှုတွေက ပြင်းပြင်းထန်ထန် ...။

တစ်ယောက်ကတော့ အရိုက်တည့်တည့်ကို အကန်ခံလိုက်ရကာ လုံးဝ မှောက်သွားသည်။

တစ်ယောက်က အရမ်းမဝင်ရဲဘဲ ဆနေသည်။

အဲဒီတစ်ယောက်ကတော့ ခံရမှာကို မမြင်၊ ကြောက်ရွံ့ပုံလည်း မပြဘဲ မင်းသခင် ကို တစ်စစီ ဖွဲ့ပစ်ချင်နေသည့် ဒေါသအဟုန်တွေ စီးဖျန်းလျက် ...

"မင်း ဘယ်သူလဲ ...၊ မင်းနဲ့ငါ ဘယ်တုန်းက ငြိခဲ့ဖူးလို့လဲ"

မင်းသခင် က သူ့ကန်ချက်ကို ပုတ်ထုတ်ပစ်၍ ရင်ဝကို ဒူးနဲ့ ဆောင့်ကန်ပစ်လိုက်လျှင် ထိုသူ ဖင်ထိုင်ကျသွားလေသည်။





ထိုစဉ် နောက်မှတစ်ယောက်က ဘယ်ကရလာမှန်းမသိသော တုတ်တိုကို တအားလွှဲလျက် ...

"အမလေး!... သခင် .. နောက်မှာ .."

မိန်းကလေးတစ်ယောက်၏ အော်သံစူးစူးလေးကြောင့် မင်းသခင် ကိုယ်ကို ကမန်းကတမ်း တိမ်းရှောင်လိုက်ပေမယ့် လုံးဝ လွတ်မသွားဘဲ ပခုံးတစ်ဖက် အောင့်တက်သွားသည်။

"မရိုက်နဲ့ .. ထပ်မရိုက်နဲ့နော်၊ ဟောဒီမှာ လာကြပါဦးရှင် ...၊ အုပ်စုနဲ့ ဝိုင်းရိုက်နေကြပါတယ်"

မင်းသခင် ကို ထပ်ရိုက်ဖို့ ရွယ်ထားသည့်လက်က လေထဲမှာပင် ရပ်တန့်သွားသည်။

လှုပ်ရှားလာသည့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်ကာ လဲကျနေသည့်သူတို့အဖော်ကို ပြေးတွဲကြသည်။

"မင်း ငါ့ကို ဘယ်သူမှန်းမသိဘူး မဟုတ်လား၊ ဘယ်သိမလဲ.. မင်းက ဝါးစားမျိုချပြီး အရသာခံနေတဲ့ကောင်မှ မဟုတ်ဘဲ၊ ရွှေရည်သိမ်း က ငါ့ညီမ ...၊ ပန်ဒါချစ် က ငါနဲ့ စေ့စပ်ထားတဲ့ မိန်းမ .."

မင်းသခင် မျက်မှောင်ကုတ်သွားသည်။

"မင်း ထမင်းဝအောင် စားထား .. မင်းလို စေဦးလဲကျားကို နောက်ထပ် သားစားမကျူးရဲအောင် ငါ ဆုံးမပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ ပြောလိုက်ရင် နင့်အပြစ် တစ်ခုမှမရှိဘူး၊ မကောင်းမှုလုပ်တဲ့လူဟာ ဘယ်တော့မဆို .."

"ဟာ!... တော်စမ်းပါ၊ မိဟင်္သာ ရာ .. နင် ပြောလိုက်မှပဲ မြောင်းထဲခုန်ဆင်းပြီး နှာခေါင်းဖော် သေရတော့မယ့်အတိုင်း"

"သေလိုက်ပေါ့ ..၊ ခုလည်း နင် ငါသာ ရောက်မလာရင် ခေါင်းကွဲပြီး မြောင်းထဲရောက်နေမှာပဲ"

"တော်စမ်းပါ"

မင်းသခင် က ဟင်္သာ လက်ကို ပုတ်ထုတ်ပစ်၍ ထရပ်လိုက်သည်။

"မင်းသခင် ဆိုတဲ့ကောင် ဘယ်တော့မှ အငိုက်ခံရတယ်ဆိုတာ ရာဇဝင်မရှိဘူး"

"ကဲ .. ပြန်ထိုင်ပါ၊ ပါးရိုးမှာ ရောင်နေသေးတယ်"

"နေပစေ .. အသက်နဲ့ အဝေးကြီးပဲ"

မင်းသခင် ဘယ်မှာပဲ ရန်ဖြစ်လာလာ ဟင်္သာ အပြစ်တင်စကားတွေ တတောက်တောက် ပြောမည်၊ လက်က အဆက်မပြတ် လှုပ်ရှားနေမည်။

ဒါ ထုံးစံ ..၊

မင်းသခင် မျက်နှာမှာ ဒဏ်ရာတစ်ခုခု ရလာတိုင်း ဟင်္သာ စိုးရိမ်တကြီး ပြုစုပေးတာ ကောင်းတော့ကောင်းပါသည်။ ဒါပေမယ့် အဲဒီ ပွစိပွစိကို မင်းသခင် က စိတ်မရှည် ..။





"ဘာစားစရာ ရှိသေးလဲ"

"ဘာမှမရှိဘူး .. ထမင်းစားမလာဘူးပေါ့"

"မစားခဲ့ဘူး၊ အိမ်မှာ ဖေဖေ တင်းနေတာနဲ့ ငါ ရှောင်နေတာ"

"ဖြစ်ရမယ် .. နင်"

ဟင်္သာ က လက်ထဲက ကြပ်ထုပ်စည်းလေးကို အသာချကာ ထရပ်လိုက်သည်။

"ခဏစောင့်ဦး .. ငါ လက်ဖက်သုပ်ပေးမယ်"

"မြန်မြန်လုပ် .."

မင်းသခင် က ပါးရိုးက ရောင်နေသည့်နေရာကို အသာစမ်း၍ အံကြိတ်နေသည်။ တအောင့်ကြာတော့ လက်ဖက်သုပ်နယ်နေသည့် ဟင်္သာ နားကို ရောက်လာ၏။

"နင်ကလည်း ကြာလိုက်တာဟာ"

"ပြီးပြီ .. ရော့ .."

ဟင်္သာ က နယ်လက်စ လက်ကို ရုတ်၍ လက်ဖက်သုပ်ပန်းကန်ကို ဖွန်းတပ်ပေးလိုက်သည်။

"ဟင်္သာ .. နင့်လက်မှာ ပေနေတာတွေ အများကြီးပဲ၊ အကုန်ခြစ်ချလေဟာ"

မင်းသခင် က ဟင်္သာ ရှေ့ရောက်လျှင် တကယ့်ကလေးလိုပင်..။

"ကုန်ပါပြီဟယ် .. လက်နဲ့နယ်တာ လက်မှာ ပေတာပေါ့ ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လက်သွားဆေး.. မဟုတ်ရင် ငါ ဆွဲစုပ်မိလိမ့်မယ်"

"အယ် .. သခင်စုတ်"

ဟသ်ာ မင်းသခင် ကို မျက်စောင်းထိုးသည်။

မင်းသခင် က ခပ်တည်တည် ပြန်ကြည့်ကာ လက်ဖက်သုပ် ယူစား၏။

"မိဟသ်ာ .."

"ဘာလဲ .."

"နင် တကယ် လက်ဖက်သုပ် တော်တယ် .. လက်ဖက်သုပ်ဆို အိမ်မှာ မေမေတို့၊ မလတ်တို့ သုပ်ပေးတာတောင် ငါ နင့်လက်ရာလောက် မကြိုက်ဘူး"

"စားသောက်ကောင်းအောင် ပြော .."

"တကယ်ပြောတာ"

နှစ်ယောက်သား အပြင်ဧည့်ခန်းလေးမှာ ပြန်ထိုင်ဖြစ်ကြသည်။

မင်းသခင် နဲ့ ဟသ်ာငယ် ဆိုတာ ကျောင်းနေတတ်စအရွယ်ကတည်းက အိမ်ချင်းလည်းကပ်လျက် ကျောင်းနေဖက်သူငယ်ချင်း ..။

အိမ်ချင်းကပ်လျက်ဆိုပေမယ့် စည်းရိုးခြားလျက် တစ်ဘက်တစ်ချက်မှာကွာ မင်းသခင် တို့က တိုက်၊ ဟသ်ာ တို့က အိမ် ..။

မင်းသခင် ရဲ့မိဘများက စီးပွားရှာတော်ကြသူများပီပီ ငွေကို လက်ဖျားသီးအောင် ရှာနိုင်ကြသလောက် ဟသ်ာ ရဲ့မိဘတွေက အစိုးရဝန်ထမ်းတွေ ဖြစ်၏။





လစဉ် ပုံမှန်ဝင်ငွေလေးကို လောက်ငအောင် ခြစ်ခြုပ် သုံးစွဲကြရသူတွေ ဖြစ်သည်။

ထို့ပြင် မင်းသခင် နဲ့ ဟသ်ာ က ကျောင်းမှာလည်း အတူတူ၊ အိမ်မှာလည်း အတူဆော့မို့ တအားချစ်ခင်ကြပေမယ့် လူကြီးချင်းကတော့ အိမ်ချင်းကပ်နေသည့်တိုင် ခင်ခင်မင်မင် နှုတ်ဆက် ခေါ်ပြောတတ်ရုံအပြင် တရင်းတနှီး မရှိကြ။

နောက်တော့ ဟသ်ာ တို့က ဒီတိုင်း မပြောင်းမလဲ ကျန်ခဲ့ပြီး မင်းသခင် တို့ မိသားစုကတော့ ဝင်ဒါမီယာထဲ ပြောင်းသွားကြလေသည်။

အဲဒီအချိန်ကျတော့ မင်းသခင် နဲ့ ဟသ်ာ ရှစ်တန်းကျောင်းသားတွေ ဖြစ်နေကြပြီ။

ဘယ်နေရာရောက်ရောက် မင်းသခင် ကတော့ ဟသ်ာ ရှိတဲ့ဆီ အမြဲ ရောက်လာသည်သာ ..။

"ဟော .. သခင် ရောက်နေပါလား"

ဒီနေ့ တနင်္ဂနွေနေ့မို့ ဦးဘမင်း ရော ဒေါ်ရွှေငယ် ပါ အိမ်မှာ ရှိနေကြသည်။

ညနေဘက် လမ်းထွက်လျှောက်နေကြရာမှ ပြန်ရောက်လာကြခြင်း ဖြစ်သည်။

"ဟဲ့ .. သခင် မျက်နှာမှာ ရောင်နေပါလား .. ဒီနားမှာလည်း သွေးခြည်ဥနေသလိုပဲ၊ ဘာလဲ .. ရန်ဖြစ်လာပြန်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အန်တီငယ် .. ဟသာ ဆီ လာတုန်း ဒီထိပ်မှာ ဘယ်ကကောင်တွေမှန်း မသိဘူး၊ ရန်စကြတာ"

ဦးဘမင်း က မင်းသခင် မျက်နှာကို စူးစိုက်ကြည့်၍ ရှေ့တည့်တည့် ကြိမ်ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

"ရန်စတာ ရန်ရှိလို့ဖြစ်မှာပေါ့ လူလေးရ၊ တစ်ခါတလေ ကိုယ်က မသိဘဲ သူတို့ဘက်က သူတို့ဟာသူတို့တော့ မှန်နေပြီး ရန်ငြိုးဖွဲ့နေတာတွေ ရှိကြတာပဲ"

အကြောင်းမသိသော ဦးဘမင်း က ရှင်းပြနေသေးသည်။

မင်းသခင် နဲ့ ဟသာ က တစ်ယောက်ကိုတစ်ယောက် အချက်ပြကြည့်ကာ ပြုံးစိစိ ဖြစ်နေကြသည်။ ပန်းကန်ထဲမှာ လက်ဖက်သုပ်ပြောင်လေမှ ...

"ငါ ပြန်တော့မယ် ဟသာ"

"ဟဲ့ .. သား ထမင်းစားပြီးမှ ပြန်လေကွယ်၊ မိုးပဲချုပ်တော့မယ်"

"မစားတော့ဘူး အန်တီငယ်၊ သိပ်မိုးချုပ်ရင် မေမေ စိတ်ပူနေမှာစိုးလို့"

"ဒါဆို လမ်းမှာ ရန်တွေဘာတွေ ထပ်ဖြစ်ဦးမယ်၊ ဦး လိုက်ပို့မယ်"

ဦးဘမင်း က ထဖို့ ပြင်သည်။

"နေပစေ ဦး .. ဆက်နိုင် တို့ အိမ်မှာ ကျွန်တော့်ဆိုင်ကယ် ရှိ





တယ်၊ ဒီကိုလာတော့ ဒီကောင် ဆိုင်ကယ် ခဏယူသွားတာနဲ့ ခြေလျင်လျှောက်လာခဲ့တာ၊ ဟသာ ငါ သွားမယ်"

မင်းသခင် က ပြောပြောဆိုဆို သုံးထစ်သောလှေကားကို မနင်းဖြတ်ဘဲ လွှားခနဲ ခုန်ချသွားသည်။

ဒေါ်ရွှေငယ် သက်ပြင်းချလေသည်။

"အေ .. ညည်းမောင် ရိုက်ထားတဲ့ အဲဒီ စီဒီခွေကိုပဲ ကြည့် ..၊ ပီတိဖြစ်နေ၊ မင်းသားလုပ်ပြီးကတည်းက ရှုပ်လိုက်ပွေလိုက်တာ ထိန်းမနိုင်ဘူး၊ ငါဖြင့် နေ့ရှိသရွေ့ ရှင်းနေရတဲ့ သူ့ပြဿနာတွေကို စိတ်ညစ်လှပါပြီအေ .."

အနားမှာ ဒေါ်နွဲ့မိုး က လာထိုင်၏။ မေလတ်မောင် က မင်းသခင် ပါသည့်သီချင်း ပြီးသွားသည်နှင့် ရီမုတ်နှင့် လှမ်းပိတ်ပစ်လိုက်သည်။

"မေမေကလည်း မေမေရယ် .. သားလေးမွေးထားတာ ဒီလောက်တော့ ရှိမှာပေါ့၊ မောင်လေးက ချောလည်း ချောတယ်၊ ဆွဲဆောင်မှုလည်း ရှိတယ်၊ စီဒီရိုက်ဖို့တောင် သူများတွေလို အပတ်တကုတ် ကြိုးစားခဲ့တာမျိုးမှ မဟုတ်တာ၊ အပျော်တမ်းစတော့ရိုးမှာ သူ့ကိုမြင်သွားပြီး တောင်းတောင်းပန်ပန် လာခေါ်ကြရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ချောပဲ ချောပါစေဦးအေ .. တော်ရုံတန်ရုံပေါ့၊ ခုတော့ ညည်း မောင် ဘယ်လောက်ပွေသလဲ သိလား၊ ရန်သူတွေဘာတွေတောင် ရှိနေပြီ၊ ဟိုနေ့ကလည်း ဟသ်ာငယ် ဆီသွားတုန်း နောက်က ချောင်းရိုက်ကြသတဲ့"

"သိသားပဲ .. မောင်လေးကလည်း သင်တန်းဆင်းတစ်ယောက်ပဲဟာ၊ ဒီလိုအခြေအနေမျိုးလောက်ကို ရင်ဆိုင်နိုင်ပါတယ်၊ မေမေက ကြံဖန်ပူနေတာ"

မေလတ်မောင် က သူ့မောင်ကို တုန်နေအောင် ချစ်သလောက် အိမ်ထောင်ပြုဖို့ဟာတောင် မောင်ကို မခွဲနိုင်လို့ မဆုံးဖြတ်နိုင် ဖြစ်နေတဲ့သူ ..။

"မေမေရာ မောင်လေးကို နာမည်ပေးတာ ဘာဖြစ်လို့ 'မင်းသခင်' လို့ မေးတာလဲ၊ ပညတ်သွားရာ ဓာတ်သက်ပါတဲ့။ မောင်လေးကို ကောင်မလေးတွေ ကြိုက်ကြတာ အဲဒါကြောင့်ပေါ့"

ဟုတ်များ ဟုတ်သလားဆိုသည့် အတွေးနှင့် ဒေါ်နွဲ့မိုး ငြိမ်သက်သွားသည်။

သားလေးကို မွေးလိုက်တာ ဝမ်းက ကျွတ်လာကတည်းက နှီပြင်ကလေးတွေလို ထွေးညပ်ညပ် ရှုံ့တွတွ အသည်းယားဖွယ်လေး မဟုတ်ဘဲ ဖွေးဖွေးသန့်သန့် တစ်လုံးတစ်ခဲကြီး ..။

အဖျားရှူးသွားသော မျက်ခုံးတန်းလေးက ငယ်ငယ်ကတည်းက မည်းနက်ထူတန်းနေတာ ဖြစ်သည်။





ဘွားအေ မဆုံးခင်ကဆို ...

"ငါ့မြေးက နှာတံလေး လှလိုက်တာကွယ် .. မင်းသားလေးကျနေတာပဲ၊ မျက်တောင်တွေလည်း ရှည်ပေမယ့် ကတ္တီပါသားလေးတွေလိုပဲ ထူပိတ် မှောင်မည်းနေတာပဲ"

မြေးလုပ်သူကို ရင်ခွင်ထဲမှာ တပွေ့ပွေ့နှင့် ပီတိဖြစ်လို့ မဆုံး..။ သမီးလေးမွေးခဲ့တာ ဒီလောက်မဟုတ်ပဲ သားလေးကျမှ မြင်တဲ့သူတိုင်း မချီးမွမ်းဘဲ မနေနိုင်အောင် ချောနေခဲ့တာ၊ နာမည်တောင် ဘယ်လိုပေးရမှန်း မသိ ..။

ပန်းကလေးလိုကို လှနေသည့်ကလေးမို့ 'မင်းသခင်' လို့ နာမည်ပေးလိုက်တော့ ဖအေလုပ်သူက သဘောမကျ ..။

"မင်းတို့နာမည်ကလည်းကွာ .. ငါ့သား မိန်းမလျှာ ဖြစ်နေပါ့မယ်"

ဟု ပြောခဲ့သေးသည်။

မင်းသခင် က ရုပ်ချောသလောက် အရုပ်အမောင်းလည်း ကောင်းနေသေးသည်။

မိန်းမလျှာစိတ် တကယ်ဝင်နေလျှင်တောင် ယောကျ်ားပီသသည့် အရုပ်အမောင်းကို ဖျောက်လို့ရမည် မဟုတ် ..။

မေလတ်မောင် ကတော့ သူ့မောင်ကို အရိပ်တကြည့်ကြည့် ...၊ မောင်နှမနှစ်ယောက် အသက်ချင်းက ရှစ်နှစ်တောင် ကွာနေသည်။ ထို့ကြောင့် မောင်လုပ်သူကို မေလတ်မောင် ကိုယ်တိုင် ချီပိုး ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းခဲ့ရတာ ဖြစ်သည်။

'မင်းသခင်'ဆိုတဲ့အတိုင်း မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာကို မေလတ်မောင် က ကျေနပ်နေတတ်သူ ..။

"မောင်လေးရဲ့ အစ်မဖြစ်ရတာ ဘယ်လောက်မျက်နှာပွင့်လဲ မေမေရယ် .."

ဟု ရယ်မော ပြောတတ်လေသည်။ စီဒီခွေထဲမှာ သီချင်းတစ်ပုဒ်စ နှစ်ပုဒ်စ ရိုက်ဖူးပြီးကတည်းက လာလိုက်တဲ့စာတွေ ..၊ ဆက်လိုက်ကြတဲ့ တယ်လီဖုန်းတွေ ..။

အိမ်မှာ အချိန်ပြည့်ရှိတတ်တဲ့ မေလတ်မောင် က ဒိုင်ခံကိုင်၍ မင်းသခင် ကို ခေါ် ..၊ မင်းသခင် မရှိလျှင် ပြန်ချိန်းပေးနှင့် မမောနိုင် မပန်းနိုင်။

နေ့ရှိသရွေ့ မင်းသခင် ပါသမျှ စီဒီခွေတွေ ထိုင်ကြည့် ..၊

မင်းသမီးကို မင်းသခင် က ပွေ့ပိုက်ဖက်လိုက်တာကို သဘောကျနှင့် မေလတ်မောင် က မင်းသခင် ဘာလုပ်လုပ် ကျေနပ်နေသည်သာ ..။

"ကြည့်လုပ်နော် သမီး .. ညည်းမောင် တော်ကြာ ချောင်ပိတ်မိနေလိမ့်မယ်၊ ငါတော့ ဒီကလေးကို စီရီထဲ ထည့်၊ သော့ခတ်ထားရမလို ဖြစ်နေပြီ"

"မဆိုင်ပါဘူး မေမေရာ .. ရုပ်ထဲရှာထဲမှာ မိန်းကလေးတွေ သဘောမကျဘဲ ဘယ်ယောကျ်ားလေးမှ အနိုင်ကျင့်လို့ မရပါဘူး၊





မိန်းကလေးတွေကိုက သူတို့ကိုယ်သူတို့ တန်ဖိုးမထားကြတာ၊ ယောကျ်ားလေးတစ်ယောက်ကို အထင်ကြီးပြီဆို မျက်စိမှိတ် ချစ်လိုက်တာပဲ၊ ဖြစ်လာတော့သာ ကိုယ့်အထုပ် ဟိုပို့ .. ဒီပို့"

"ညည်း အဲသလို ကြပ်ကြပ်မြှောက်ပေး .. ကလေး ဒုက္ခရောက်လိမ့်မယ်"

ဒေါ်နွဲ့မိုး ထသွားလျှင် မေလတ်မောင် ပြုံး၍ ကျန်ခဲ့သည်။

မောင့်လေး ပြဿနာတစ်ခုခု တက်လာတိုင်း မေမေ ဒီလိုပဲ ဆူနေကျ၊ ဘာဖြစ်လဲ .. ရည်းစားများတာ အပြစ်မှ မဟုတ်တာ။ ပြီးတော့ ကိုယ်က ယောကျ်ားလေး ..။

"ဟဿာဝယ် .. သူနဲ့ နင် အခင်ဆုံးလား"

"ဘယ်သူနဲ့လဲ .."

"ဟိုမှာ အနီလေးနဲ့တစ်ယောက်"

ဟဿာ က မင်းသခင် ပြတဲ့ဆီ မသိမသာ လှည့်ကြည့်၏။

"သိတော့သိတယ် မခင်ဘူး၊ သူတို့က မြင့်တယ်ဟာ၊ ငါက သူတို့အုပ်စုနဲ့မှ မရောနိုင်တဲ့ဟာ"

"သိတော့ သိတယ်ပေါ့"

"အင်း"



www.burmeseclassic.com

"ငါ့ကို ကူညီစမ်းပါ"

"မကူညီဘူး"

ဟသ်ာ က အပြတ်ခါသည်။

"မိဟသ်ာ ကကွာ .. ဒါလေးကို ကပ်နေပြန်ပြီ၊ နောက်ထပ် ဘာစားမလဲ .. ပြော .."

"ဘာမှ မစားဘူး"

ဟသ်ာ က စားထားပြီးသည့် မုန့်ဟင်းခါးပန်းကန်ကို ဆားရွှေ့ ပစ်၍ ရေနွေးငှဲ့သောက်သည်။

"သူ့နာမည်က သင်းနဲ့သာ တဲ့၊ တော်တော် ချောတယ်ဟ၊ ဒါပေမယ့် ငါ့ကို သူ ကြည့်ပါတယ်၊ နည်းနည်းလှန့်နေလို့ အကပ်မခံဘူး"

"နင်ကလည်း လန့်စရာပဲကိုး သခင် ရဲ့ .. ထိုလိုက်တာနဲ့ ငြိသွားတာပဲ"

"မိန်းကလေးတိုင်းက ငါ့ကို အမြင်မှားနေလို့ပါ၊ ငါကတော့ တန်ဖိုးအလိုက် ဆက်ဆံမှာပဲ၊ သူတို့ကိုယ်သူတို့မှ တန်ဖိုးမထားလို့ မဆင်ခြင်ရင် ငါက ယောကျ်ားပဲ"

ဟသ်ာ က မျက်စောင်းထိုးသည်။

"ဟသ်ာ ဘယ်လိုလဲ .."

မင်းသခင် က 'မိဟသ်ာ' လည်း ခေါ်သလို ဟသ်ာ လို့လည်း ခေါ်တတ်သေးသည်။

"ငါ စဉ်းစားဦးမယ် .. နင်က သိပ်စိတ်ချရတာ မဟုတ်ဘူး၊





တော်ကြာ ကြားက ငါက လူမုန်းခံရဦးမယ်၊ နင် ဖြစ်ချင်တာလည်း ဖြစ်အောင် ငါလည်း ရှောင်လို့ရအောင် ကြံလို့ရမှ"

မင်းသခင် က ပြုံးသည်။

သူ နားပူလျှင် ဟသ်ာ ကြာကြာမနေနိုင်တတ်တာ သိထားသည် လေ ..။

"နင့်ကောင်မလေးတွေထဲမှာ အဲဒီတစ်ယောက်က အချောဆုံးပဲ လို့ ငါ ထင်တယ်၊ မိဘကလည်း ချမ်းသာတယ်ဟ၊ ဒီတစ်ခါ အတည် ကြံလိုက်ပါဟာ .. ပန်ဒါချစ် လိုတော့ မလုပ်ပါနဲ့"

"နင်ကလည်း စတောင် မစရသေးဘူး၊ တည်နိုင်းနေပြန်ပြီ၊ သူ့ ဆွဲအား ဘယ်လောက်ပြင်းသလဲ စောင့်ကြည့်ရဦးမှာပေါ့၊ အချစ်ဆိုတာ ချောတိုင်း ခံစားလို့ရတာ မဟုတ်ဘူးဟ"

"နင် မချစ်ဘဲနဲ့ မိန်းကလေးတစ်ယောက်ကို ချစ်လှချည်ရဲ့ .. ကြိုက်လှချည်ရဲ့နဲ့ ပြောထွက်တယ်နော်"

"သူတို့လည်း ယုံတာပဲလေ .. ဒါပေမယ့် ငါ နင် ပြောသလို အဲဒီလောက် ပလီပလာကြီးတော့ ဘယ်သူ့ကိုမှ မပြောခဲ့သေးဘူး၊ 'ချစ်တယ် .. ချစ်သလား' မေးလိုက်ရုံနဲ့ ငြိးတာပဲ"

မင်းသခင် က လက်ကနာရီကို မြှောက်ကြည့်၍ ပိုက်ဆံ ရှင်းသည်။

"အတန်းချိန်နီးပြီ .. သွားရအောင်၊ နင် ဟိုတစ်ယောက်ကိစ္စ မမေ့နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟာသ်ာ ကိုလည်း သတိပေးလိုက်သေးသည်။

တတ်လည်း တတ်နိုင်တဲ့ မင်းသခင် ..။

"သင်းနုံ့သာ .."

သုံးယောက်အုပ်စုထဲမှ သင်းနုံ့သာ က ဖျတ်ခနဲ လှည့်ကြည့်သည်။

"ဒါ .. ယွန်းဝစ္စည်းလေး မဟုတ်လား"

ဟာသ်ာ လက်ထဲက ဘောလ်ပင်နံလေးကို မြင်တော့ သင်းနုံ့သာ သူပိုက်ထားတဲ့စာအုပ်ကို ငုံ့ကြည့်သည်။

"ဟယ်!.. ဟုတ်တယ်၊ အဟင်း .. ကျေးဇူးပဲ"

ဟာသ်ာ က ဘောလ်ပင်နံလေးကို ပြန်ပေး၍ ရလာသည့် အခွင့်အရေးကို အပြတ်သုံးလိုက်သည်။

"တို့က သိပ်အရောတဝင် မနေပေမယ့် သင်းနုံ့သာ ကို မြင်ရတဲ့နေရာဘက်များဆို သင်းနုံ့သာ ကိုပဲ .."

"သင်း လို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါ"

"အင်း .. သင်း ကိုပဲ လိုက်ကြည့်နေမိတာ၊ သင်း က သိပ်ချောတာပဲ .. တကယ်"

စကားရောဖောရောနှင့် သူတို့အုပ်စုထဲ ဟာသ်ာ ပါသွားသည်။





ကျန်တဲ့နှစ်ယောက်တာ ရိုးရိုးပါတိတ်ဝမ်းဆက်ကလေးနှင့် ဒူးခေါက်ခွက်ထိရှည်သော ဆံပင်တွေကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ချထားသည့် ဟာသ်ာ အပေါ် အထင်မြင်သေးသည့်မျက်လုံးများနှင့် ကြည့်ကြသည်။

ဟာသ်ာ ဂရုမစိုက်ပါ ..။

အများတန်းတူ ရွှေ၊ ငွေ လက်ဝတ်ရတနာ မဝတ်နိုင်ပေမယ့် သူတို့သင်သည့်ပညာကို ဟာသ်ာ လည်း သင်နိုင်သည်။

ဘယ်သူ့အောက်ကျမှ ခံဖို့မလိုအဲ ကိုယ့်ထမင်း ကိုယ်စား၍ ကိုယ့်အတိုင်းနဲ့ကိုယ်တော့ ပြည့်စုံနေသည်ပဲ။

အဲဒီမာနတော့ ဟာသ်ာ က ရှိသည်။

ကိုယ်ဆင်းရဲတာကို ကြွေကွဲအားငယ်နေတော့ရော ဘယ်သူက ပုံအော ထောက်ပံ့လာမှာမို့လို့လဲ ..။

ကိုယ် ကြီးပွားဖို့ ကိုယ်ကြိုးစားမှ ဖြစ်မှာ၊ ဘယ်သူ့မျက်နှာမှ ကြည့်နေဖို့ မရှိ။

"ဟာသ်ာ ဘယ်သွားမလို့လဲ၊ တို့နဲ့ ကင်န်တင်း လိုက်ခဲ့ပါလား"

"လိုက်မယ် .."

ဟာသ်ာ က အများသူငါလို မချမ်းသာပေမယ့် အားငယ်သိမ်ငယ်ရိပ် မရှိ ..၊

ရဲတင်းသလောက် ပွင့်လင်းသည်မို့ ဘာလုပ်လုပ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်းနံ့သာ နှင့် ဟာသာ တို့ ခင်ခင်မင်မင် ဖြစ်သွားကြလေ သည်။

နောက်နေ့တွေ မကြာခဏ ဆုံဖြစ်ကြလျက် သင်းနံ့သာ က ဟာသာ ကို အရေးတယူ ဖြစ်လာသည်။ ဒါကို ကျန်တဲ့နှစ်ယောက်က မကြည်တော့ ...။

မနာလို၍တော့ မဟုတ်ပါ။

ဟာသာ နဲ့ မင်းသခင် တို့ အတွဲကို မသိတဲ့သူ ဘယ်သူရှိလို့ လဲ...။





အခန်း (၂)

"ပြောတာကို မယုံမရှိနဲ့နော် .. မကြာခင် နှင့်နားကို မင်းသခင် ရောက်လာလိမ့်မယ် ကြည့်နေ .."

သင်းနံ့သာ က ရယ်သည်။

"ရောက်လာတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ .. နင် ကြွေသွားမှာ စိုးလို့ပါ၊ မင်းသခင် က ပန်းကိုနမ်းတဲ့ သခင် မဟုတ်ဘူး .. ပန်းစားဘီလူး .."

"ပြောလို့သာ ကြားရတယ် ဒေဝီ ရယ် ... ဒီလောက်ချောတဲ့ ရုပ်ကို .."

သူတို့ပြောသမျှ သင်းနံ့သာ က ပြက်ရယ်ပြုနေသည်မို့ ဒေဝီ နဲ့ ပပ မျက်နှာတွေ တင်းနေပြီ။

သင်းနံ့သာ က ဒေဝီ ပခုံးကို ဖက်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိပါတယ်ဟာ .. ရှေ့မှာ လက်ဆင်တွေ အများကြီး တွေ့ထားသားနဲ့ ငါက မိုက်ပါ့မလား ..၊ ဟသ်ာ ငါ့ကို လာရောနေတာလဲ သူနဲ့ပတ်သက်မှန်း သိတာပဲ၊ ဒါပေမယ့် ဟသ်ာ ကိုတော့ ငါ တကယ်ခင်တာ၊ သူက မလှပေမယ့် ချစ်ဖို့ကောင်းတယ်၊ စကားပြောရင် 'လေယူလေသိမ်းက' အရမ်းနူးညံ့ပြီး နားထောင်ချင်အောင် အနုတ်အသိမ်း ညီတယ်၊ ဥပမာဟာ စကားဝင်ခွင် အကြမ်းတစ်ခုကို စလိုက်ပြီဆို ဗလုံးဗထွေး ဖြစ်မသွားဘူး၊ သူ စခဲ့တဲ့ဦးတည်ချက် ပြောင်းမသွားဘူး၊ စပြီးရင် ဆုံးအောင်ပြောတယ်၊ နားထောင်ရတာ မငြီးငွေ့ဘူး၊ အနက်အဓိပ်ပ် ညီဟယ်ဆိုတာ အဲဒါကို ပြောတာ .."

"ငါတို့ ပြောချင်တာလဲ အဲဒါပဲ ..၊ မင်းသခင် နဲ့ ဟသ်ာငယ်ဆိုတာ တကယ့်ပညာရှင်တွေပဲ၊ တစ်ကျောင်းလုံး မသိတဲ့လူ မရှိဘူး၊ သူတို့နှစ်ယောက်မှာ ကြောက်စရာကောင်းတဲ့ လက်နက်တစ်မျိုးစီ ရှိကြတယ်"

"ဥပမာပြောရရင် .. သုခမိန်ပေါင်ချိန် နဲ့ အကြံပေး ကုန်းစွန်းလိုပေါ့၊ ဘယ်သူမှ ညွှံတဲ့လူ မပါဘူး"

"ငါကလည်း အရှုံးမပေးပါဘူး၊ မင်းသခင် အယ်လောက်ပဲ ချောချော ဒိုပြင် မိန်းကလေးတွေလို သူ ငါ့ကို ဘယ်တော့မှ မရစေရဘူး .. ကြည့်"

"ရတာ မရတာတော့ မသိဘူး .. ရှေ့ပြေး စေတမန်လေးကိုတော့ နင် မေ့တ္တာရှိနေပြီ မဟုတ်လား"





"ခင်တာပါ"

"ဟဲ့ .. ခွေးတိုချစ်ရင် သခင်ကိုပါ ချစ်ရတယ်လေ"

"နင်ကလည်း ပပ ရယ် .. ဟသ်ာ ခမျာ ခွေးဖြစ်သွားရရှာပြီ၊ ကုန်းစွန်းချဲ နဲ့ နှိုင်းတာကမှ ဟုတ်တုတ်တုတ်"

ပပ က သူ့စကားသူ သဘောကျကာ ရယ်သည်။

"အနီးစပ်ဆုံး ဥပမာနဲ့ ပြောရတာလေ ..၊ ငါ ကြားဖူးသေးတယ်၊ ဟသ်ာငယ် ကိုယ်တိုင် ဝင်ပါပြီဆိုရင် သူတို့ချင်း ကတိကဝတ်တွေ လုပ်ပြီးပြီလို့ မှတ်တဲ့၊ ဟသ်ာ က သူ ကြိုးစားပေးတဲ့တစ်ယောက်ကို မင်းသခင် က မတည်ရင် တစ်ယောက်နဲ့တစ်ယောက် အကြာကြီး မခေါ်ဘဲ နေကြရောတဲ့၊ ဒီပုံစံဆိုရင် နင့်ကို မင်းသခင် တကယ် စိတ်ဝင်စားတာတော့ သေချာတယ်၊ ဒါပေမယ့် နင် ပြန်မကြိုက်နဲ့နော်"

သင်းနံ့သာ က ပခုံးပေါ် ဝဲနေသည့် ဆံပင်လေးတွေကို ခါထုတ်၍ အသံတွက်အောင် ရယ်သည်။

"မကြိုက်ပါဘူးဆိုမှ .."

"အင်း .. အင်း ပြောတဲ့ရုပ်က ကြည့် ..၊ ဟိုက မစသေးလို့ စလာရင် နှစ်ခါပြောရမယ့်ပုံ မရှိဘူး"

"ဩော် ... ကဲ .."

သင်းနံ့သာ က ရယ်လျှက်ကို တည်ပစ်လိုက်၏။

"နင်တို့ကလည်း ကိုယ့်သူငယ်ချင်းကို အထင်သေးလိုက်ကြတာ၊ လုံးဝ မဖြစ်စေရဘူး .. စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ တို့က မျက်နှာကြော မလျှော့ကြသေး။

မင်းသခင် ဆိုတာ ဒီလောက်ထိပဲ နာမည်ဆိုးတွေ ရှိနေသတဲ့လားကွယ် ..၊

နောက်ကနေ နှစ်ခါသုံးခါ ကပ်ပါဖူးကတည်းက သင်းနံ့သာ သတိထားမိနေခဲ့တာ ..။

သူမ လှည့်ကြည့်မိတော့ ကွမ်းယာဆိုင်မှာ ရယ်လျက် စီးကရက်ကို မီးညှိနေသော မျက်နှာသည် မျက်ခုံးနှစ်ဖက် ခပ်တွန့်တွန့် စုပင်ကာ ပြုံးယောင်သမ်းသည့် နှုတ်ခမ်းရဲရဲတို့က စီးကရက်မီးခိုးပြာပြာလေးတွေ မှုတ်ထုတ်ရင်း ဆွဲညှို့နေလေသည်။

ရင်ထဲမှာ ထိထိခတ်ခတ် လှုပ်ရှားသွားခဲ့ပါသည်။

ဒါပေမယ့် သူ့တော့ ကြောက်တယ် ..။

။၂။

ခြံထဲကို ဆိုင်ကယ်ဝင်လာတာ မြင်ကတည်းက ပန်းပင်လေးတွေကြားထဲမှာ ငုတ်တုတ်ထိုင်၍ ပေါင်းပင်တွေ ရှင်းနေသည့်အလုပ်ကို လက်စသတ်လိုက်သည်။

ဟသ်ာ လက်ဆေးနေတုန်း မင်းသခင် ရောက်လာ၏။

"ဟသ်ာ .. အခြေအနေ ဘယ်လိုလဲ"

"နင်ကရော .."





"ဘာလဲ .. ငါက"

"နင့်ရဲ့ လက်ရှိ အဆုံးမသတ်သေးတဲ့ ဇာတ်လမ်းတွေ"

"ဒါတွေက အရေးမပါပါဘူး၊ နောက်မင်းလာမှ ရေ့မင်းဖြုတ်လို့ရမှာပေါ့"

"ဘယ်ဟုတ်မလဲဟ .. မင်းမရှိသေးတဲ့ တိုင်းပြည်ကို အုပ်ချုပ်ရတာ ပိုကောင်းတာပေါ့၊ ပြည်သူလူထုက မျှော်လင့်စောင့်တနေတဲ့အချိန် .."

"သူက အဲသလို ပြောသလား"

"မဟုတ်ဘူး .. ငါက ပြောတာ"

"နင်ကပြောရင် နင့်ဘျမှ မင်းမရှိတဲ့တိုင်းပြည်ကို ရှာ၊ ငါ့ကို ဆရာ မလုပ်နဲ့"

"အံမယ် .."

ဟသ်ာ က ခါးနှစ်ဖက်ပေါ် လက်တင်ကာ ...

"လေသံက မာလှချေလား၊ ငါ့အခန်း ပြီးပြီဆိုလည်း ပြောနော်၊ ဘေးထွက်ရပ်နေလိုက်မယ်"

မင်းသခင် က ဟသ်ာ ကို ခပ်စူးစူးကြည့်နေသည်။

"သင်းနံ့သာ က ငါ့ကို တကယ်ခင်နေတာ၊ ဒါကို နှုတ်ဆုံးလုပ်ပြီး ငါက လုပ်ပေးရမှာ၊ နင် ကဂျိုကချောင်လုပ်လို့ ရမလား"

"နင် ပြောတော့ အရေးကြုံလာရင် ဘေးထွက်ရပ်နေလို့ရအောင် စီစဉ်မယ်ဆို ..၊ ငါ့ကိစ္စထဲ ဘာလို့ ပါနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ ဟုတ်တယ် ..၊ ဒါပေမယ့် သူနဲ့ငါက တကယ်ခင်သွားတော့ သူ့ကို သနားတယ်၊ နင် ဒီပြင်မိန်းကလေးတွေလို ရက်စက်သွားရင် အိမ်ရှေ့မှ .. အိမ်နောက် မချမ်းသာ"

မင်းသခင် က ခေါင်းကို တစ်ချက်နှစ်ချက် ဖွ၍ ချာခနဲ လှည့်သွားသည်။ ခါးထောက်ကာ အတန်ကြာ ကျောခိုင်းရပ်နေပြီးမှ ပြန်လှည့်လာ၏။

"ငါနဲ့ ဘယ်တော့ တွေ့ပေးမလဲ"

ထုံးစံအတိုင်း မင်းသခင် က ဘာကတိမှ မပေးဘဲ သူဖြစ်ချင်ရာကိုပဲ ဦးတည်သည်သာ ..။

"လာမယ့် သောကြာမှာ သူ့မွေးနေ့အတွက် ရွှေတိဂုံဘုရားမှာ ယတြာချေလိမ့်မယ်၊ နင် ဆုံးဖြတ်ပြီးပြီဆိုမှ လာ .."

"ဘယ်အချိန်လဲ"

"ကိုးနာရီ"

အစကတော့ ဘုရားရင်ပြင်ပေါ်ရောက်မှ အမှတ်တမဲ့ဆိုသည့်ပုံစံနှင့် မိတ်ဆက်ဖို့ ပြင်သည်။

ဒါပေမယ့် မင်းသခင် က လက်မခံ ..။

"မိန်းမတစ်ယောက်ကိုရဖို့ မုသာဝါဒတွေ ပလီပလာတွေ လုပ်





နေဖို့ မလိုပါဘူး၊ ငါ တစ်ခါတည်း လိုက်မယ်၊ နင် မိတ်ဆက်ပေး"တဲ့။

ဒါကြောင့် ...

"ဟော .. ဟာသာ က အဖော်နဲ့ပါလား"

အားလုံးချိန်းထားတဲ့ ဆုံရပ်မှာ စုမိကြသည်နှင့် သင်းနဲ့သာ နှုတ်ဆက်သည်။

ဒေဝီ တို့ကတော့ သိပ်မကြည်ချင် ..။ ထင်သားပဲဆိုသည့် မျက်လုံးတွေက စူးစူးရဲရဲ ..။

"ဟုတ်တယ် သင်း ရယ် .. ဒီနေ့မှ သူကလည်း အိမ်ရောက်လာတာနဲ့ ခေါ်လာလိုက်တာ၊ ဟို .. သင်း တို့ အနှောင့်အယှက် မဖြစ်လောက်ဘူး မဟုတ်လား"

"ရပါတယ်"

သင်းနဲ့သာ နှင့် မင်းသခင် မျက်ဝန်းချင်း အတန်ကြာ ကပ်ငြိသွားကြသည်။

"သူက တို့သူငယ်ချင်းလေ .. မင်းသခင် တဲ့၊ သခင် သူက သင်းနဲ့သာ တဲ့၊ သူက ဒေဝီ၊ သူက ပပ"

မိတ်ဆက်ပေးတော့လည်း အားလုံး ပြုံးပြကြသည်။

မင်းသခင် က သူ့စတိုင်အတိုင်း မျက်ခုံးတွန့်၍ နှုတ်ခမ်းမဖွင့်ဘဲ ပြုံးလိုက်သည်။

"သင်းနဲ့သာ ကို လူကိုရော နာမည်ကိုပါ တို့ဆီက ရင်းနှီးနေပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုလည်း သင်း က သိပါတယ်"

သင်းနှံ့သာ က ပြုံးပြုံးလေး ရယ်သည်။

"ဟုတ်လား .. အဲလောက်တောင်ပဲလား၊ ဘဝင်တောင် မြင့်ချင်သွားပြီ"

မင်းသခင် က ဂရုမစိုက်စွာ ပြန်ပြောသည်။

တို့ကို ခင်မင်ခွင့်ပြုပါနော် ဘာညာဆိုတာမျိုး မရှိဘဲ မင်းသခင်နဲ့ သင်းနှံ့သာ ရေလိုက်ငါးလိုက်လေး ဖြစ်သွားသည်။

ဘုရားမှာ ရေလှူ၊ ပန်းကပ် စကားတွေ တပြောပြောနှင့် မင်းသခင် က ပန်းလေးကို ပေးလိုက်၊ ဆီမီးထွန်းပေးလိုက်နှင့် အတော်အဆင်ပြေသွားကြသည်။

ဒေဝီ နဲ့ ပပ က အလိုလို ဘေးရောက်သွားကာ ဟင်္သာ ကိုလည်း သိပ်ဟက်ဟက်ပက်ပက် မရှိသည်မို့ ဟင်္သာ ဘုရားဝတ်ပြုပြီး ဟိုလျှောက်ဒီလျှောက် လုပ်နေလိုက်သည်။

အခါကြီးရက်ကြီး မဟုတ်တာကြောင့် ဘုရားမှာတော့ လူရှင်းသည်။ ဟင်္သာ ဘုရားရဲ့တောင်ဘက်စောင်းတန်းဘက်ဆီ လျှောက်လာခဲ့သည်။

ထိုစဉ် တန်ဆောင်းတစ်ခုရဲ့ရှေ့မှာ အသားဖြူဖွေးဖွေး မျက်လုံးပြာပြာနဲ့ နိုင်ငံခြားသားတစ်ယောက်က ကြက်တောင်စည်းလေးနှင့် ထဘီအနားစုတ်တိုနံ့နံ့လေး ဝတ်ထားသည့် ငါးနှစ်သမီးရွယ် ပါးကွက်ဝိုင်းလေးနဲ့ ကလေးမလေးတစ်ယောက်ကို ဓာတ်ပုံရိုက်နေသည်။





ဟင်္သာ က သဘောတကျ ရပ်ကြည့်နေမိပြီး နိုင်ငံခြားသားရဲ့အကြည့်က သူ့ဆီ ရောက်လာတာကြောင့် ဖျတ်ခနဲ နောက်ပြန်အလှည့် ...

"အမလေး!..."

"ဟာ!... ဆောရီး .."

တစ်စုံတစ်ယောက်နှင့် သိမ့်ခနဲ တိုက်မိသည်။

ဟင်္သာ ကိုင်ထားတဲ့ ဖိနပ်ရော သူ့လက်ထဲက ဖိနပ်ပါ ပြုတ်ကျကုန်ကြသည်။

ဖိနပ်တွေကို ကောက်ဖို့ ငုံ့ချလိုက်တော့လည်း ပြိုင်တူ ..၊

ဒုတိယမ္ပိ နဖူးချင်း မိတ်ဆက်သွားပြန်သည်။

"အား!..."

သူ အသံမထွက်ပေမယ့် နာကျင်လွန်းတာကြောင့် ဟင်္သာ အသံလေး ထွက်သွားလေသည်။

"ဟာဗျာ .. ထပ်ပြီး တောင်းပန်ပါတယ်၊ ဆောရီးဗျာနော်"

ဟင်္သာ ရဲ့နဖူးကိုပဲ လှမ်းပွတ်ပေးတော့မလိုလို ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားသူကို ဟင်္သာ မော့ကြည့်သည်။

ကြယ်သီးစုံတစ်ထားသည့် ရှပ်အင်္ကျီလက်ရှည်အဖြူ၊ ချည်ပုဆိုးကွက်စိပ် အဝါနုနုနှင့် တိုရှင်းရှင်းဆံပင်မှာ ကရင်မ်လူးထားသဖြင့် ပြောင်လက်နေသည်။

မျက်နှာသွယ်သွယ် အသားလတ်လတ်နှင့် အတော်ပြေပြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ရှပ်သွင်ရှိသည့် လူတစ်ယောက် ...။

ကိုယ်ကလည်း ရှေ့မကြည့် နောက်မကြည့် လှည့်လိုက်မိတာမို့ ကိုယ့်မှာလည်း အပြစ်မကင်း ...။

ဒါကြောင့် ဟသာ နဖူးလေးကို ရှုံ့မဲ့မဲ့လေး ပွတ်ရင်း ခေါင်းခါပြလိုက်သည်။

"ရပါတယ် .. ဟသာ လည်း ငေးမိသွားတာပါ"

ဟသာ ကိုယ့်ဖိနပ်ကိုယ် လိုက်ကောက်၍ နေရာမှ လှည့်ထွက်လာခဲ့သည်။

"ညီမ ခဏ .."

ထွတ်မြတ်ဇင် ကမန်းကတန်း လိုက်လာမိသည်။

"မင်းနာမည် ဟသာ တဲ့လား"

ဟသာ နဖူးလေးကို အုပ်ကိုင်ထားဆဲနှင့် မျက်မှောင်လေးတွန့်သွားသည်။

"ဟုတ်တယ်"

ပြောသံက ခုနကလောက် ရည်မွန်ခြင်း မရှိတော့ ...။ ဒါကို တစ်ယောက်ကလည်း နားလည်ကာ ...

"ညီမနဖူး တော်တော်ရောင်သွားတယ် ထင်လို့ပါ၊ ကိုယ် ထပ်တောင်းပန်ပါတယ်နော်"

"ရပါတယ်လို့ ပြောပြီးပြီပဲ၊ နဖူးရောင်သွားလည်း ရှင် ဖယ်ပေးလို့ရတာမှ မဟုတ်ဘဲ"





ဘုဘောက်ပြော၍ လှည့်ထွက်သွားသူကို ထွတ်မြတ်ဇင် လိုက်ငေးနေမိသည်။

ကျက်သရေရှိလိုက်တဲ့ မိန်းကလေး ...၊ ဒူးနားချိတ်ပါသော ရွှေဝါရောင်ထဘီလေးနှင့် အဝါပွင့်ရေးရေးပါသော ရှန်သားအင်္ကျီ ရင်စေ့လက်ရှည်ကို ဝတ်ထားသည်။

ရှည်လျားသော ဆံပင်များက ဒူးခေါက်ခွက်ထိ ကျဆင်းနေပေမယ့် အတော်များများ ရှည်ကြတဲ့ ဆံပင်တွေလို အဖျားရှူးကာ ပါးပါးလျားလျားလေး မဟုတ်။

အော်တိုမစ်တစ် ဆံညှပ်လုလုကလေးနှင့်စုညှပ်ထားသည့် ဆံပင်တို့သည် အရင်းမှအဖျားထိ အုပ်မောင်းထူခဲလျက် ...

ခြေလှမ်းတိုင်းမှာ ဆံပင်အဖျားလေးတွေက ရမ်းခါနေ၏။

ထွတ်မြတ်ဇင် မျက်စိတဆုံး ငေးကြည့်နေပြီးမှ နေရာမှ ရွေ့ဖြစ်သည်။ ရန်လိုသွားသည့် မျက်ဝန်းလေးတွေ ...၊ ဘုပြောသွားသော စကားလုံး ခပ်ဆောင့်ဆောင့်လေးတွေ .. သူ ပြုံးလိုက်မိသည်။

ညိုစိမ့်စိမ့် မျက်နှာလေးမှာ မျက်ဝန်းစူးစူးလေးတွေက ချစ်စဖွယ်ဖြစ်နေသည်။ ဟသာ ဆိုတဲ့ ကောင်မလေး ...။

ရေစက်ဟောင်းကို တမ်းတမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟလို .. ပြောပါ."

မင်းသခင် ဖုန်းကိုင်ပြီဆို မေမေက အနားမှာရှိနေတတ်သည်သာ ..၊ ဒါကို မင်းသခင် ဂရုမစိုက်ပါ။

ဒီနေ့ချိန်ထိ ကိုယ့်မှာ ကွယ်ဝှက်စရာကိစ္စ ဘာမှမရှိ ..။

"ဟင် .. ဒါဒါ .."

မင်းသခင် ပခုံးပေါ်မှာ တင်ထားသည့် စောင်ပိုင်းနှင့် အင်္ကျီမပါသော ရင်ဘတ်ကို ပွတ်တိုက်နေမိသည်။

"ပြော .. အင်း .."

"... ... ... ... ..."

"ဆောရီးပဲ ဒါဒါ၊ ကိုယ့်ကိစ္စ ကိုယ်ရှင်းတာပဲ ကောင်းပါတယ်"

"... ... ... ... ..."

"မင်းလှကို မင်း ပြောလေ .."

"... ... ... ... ..."

"တို့ မလာနိုင်ဘူး"

"... ... ... ... ..."

"ဟုတ်တယ် .. မိန်းမတစ်ယောက်ကြောင့် တို့ ကိုယ်ထိလက်ရောက် ရှင်းလိုက်ရပြီးပြီ၊ အဲဒီလိုဖြစ်ခဲ့တာမျိုး တို့က စိတ်အပျက်ဆုံးပဲ၊ အဟင်း .. တော်ပါပြီကွာ၊ ဆက်ထုံးတော့ ရှိနေမှာပါ၊ ကြည့်မကောင်းနိုင်တော့ပါဘူး၊ ဒါပဲနော် .. တို့ ရေချိုးမလို့"

ဘာပြောကျန်ခဲ့ကျန်ခဲ့ ဖုန်းကို ဖွက်ခနဲ ချပစ်လိုက်သည်။





"သားငယ် .. ဒီကို လာဦး"

မင်းသခင် ခေါင်းကုတ်လိုက်မိသည်။ နားငြီးဦးတော့မှာပါ ..။

"စောစောကဆက်တဲ့ ဒါဒါ ဆိုတာ ပန်ဒါချစ် ဆိုတာလေးလား"

"ဟုတ်တယ် မေမေ"

ချစ်ခဲ့ကြတုန်းက ဖုန်းတွေ တဂွမ်ဂွမ်ဆက်လွန်းလို့ မေမေတို့ပင် သိနေကြပြီ ..။

"သူနဲ့ သားငယ် ပြတ်သွားကြပြန်ပြီလား"

မင်းသခင် ခေါင်းညိတ်သည်။

ဒေါ်နွဲ့မိုး မျက်နှာ မသာယာပေ ..။

"ငါ ယောက်ျားပဲဆိုပြီး ထင်တိုင်းမကျဲနဲ့ သားငယ်၊ ယောက်ျားလည်း ယောက်ျားအလျောက် နစ်နာမှုတွေ ရှိတာပဲ၊ ဒီနေ့ မရှိသေးရင် နောက် ရှိလာမှာပဲ၊ ပြီးတော့ သားငယ်မှာ အစ်မ ရှိသေးတယ်၊ နှမချင်း မစာနာဘူးဆိုတဲ့အပြော မခံရစေချင်ဘူး"

"မဆိုင်ဘူး မေမေ .. မလတ် က သူ့သိက္ခာနဲ့ သူနေတာ၊ သားတို့လို အရွယ်လည်း မဟုတ်ဘူး၊ သားအရွယ်နဲ့ သားပျော်တာ၊ မလတ်ကို ထည့်မပြောပါနဲ့"

မောင်လုပ်သူကလည်း အစ်မကျတော့ အထိမခံ ..၊ ကိုယ့်အသားကျတော့ နာမှန်း တယ်သိပါလား ..။

ဒေါ်နွဲ့မိုး ခေါင်းတညိတ်ညိတ် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု သားငယ် နာမည် ဘယ်လောက်ပျက်နေလဲ သိလား"

"မလိုသူတွေ ပြောတဲ့စကားပါ မေမေရာ .. မင်းသခင် ဘာဖြစ်ဖြစ် ခုထိတော့ ဘယ်မိန်းကလေးမှ နှစ်ခါ မပြောရသေးဘူး"

"ဒါပေမယ့် မေမေ မကြိုက်ဘူး သား ..၊ ယောကျ်ားဆိုတာ ကျူးလွန်မိရင် တာဝန်ယူရဲရတယ်၊ အခု သားငယ် ဘယ်နှစ်ယောက် လောက် .."

"ဟာ!.. သွားပြီ မေမေရာ .."

မင်းသခင် ထရပ်လိုက်သည်။

"မေမေ ပြောတာနဲ့ပဲ ပါသမျှဈေး ပုစွန်ဆိတ်ခေါင်းပေါ် အကုန် ကျကုန်တော့မယ်၊ သား ဘယ်သူနဲ့မှ ဘာမှမဖြစ်ဘူး၊ အဲဒီတစ်ယောက် ပဲ .."

"ဒါဒါ ဆိုတာလား"

"ဟုတ်တယ် .. ပြီးခဲ့တဲ့ သင်္ကြန်တုန်းက လျှောက်လည်ကြပြီး အပြန် သား အရက်တွေ မူးနေတယ်၊ အဲဒါ သူငယ်ချင်းတွေက သူ့ အိမ်မှာ သားကို ထားခဲ့ကြတယ်၊ အဲဒီတုန်းက သူနဲ့ သား ချစ်တာ တစ်ရက်ပဲ ရှိသေးတာ၊ သူကိုယ်တိုင် သူ့အိမ်ပေါ်ခေါ်တင်ပြီး မူးနေတဲ့ ယောကျ်ားနဲ့ နေရဲခဲ့တာ .. သားက တာဝန်ယူစရာလား"

"သူက ဘာပြောတာလဲ"

မင်းသခင် မျက်နှာရှုံ့မဲ့နေသည်။

သူတို့သားအမိနှစ်ယောက်အကြားမှာ အဲဒီလောက်ထိ ပွင့်လင်း





ကြပါသည်။

ဒါကြောင့်လည်း မင်းသခင် ဘာလုပ်လုပ် ဒေါ်နွဲ့မှိုး တို့ သားအမိ မသိတာ မရှိ ..။

"ပြောလေ သား .."

"ဘာမှမပြောပါဘူး .. သူ့ကို အရင်လိုပဲ ဆက်ဆံဖို့ ပြောတာ"

"ဟို .. ကိုယ်ဝန်တွေ ဘာတွေများ .."

"လာပြန်ပြီ မေမေရာ .. ဦးနှောက်ခြောက်လိုက်တာ၊ ဘာမှ မပြောဘူး .. ပြောလည်း သားနဲ့မဆိုင်ဘူး၊ ဒီလို စောင့်ထိန်းမှုမရှိတဲ့ မိန်းမမျိုးကို သားက ကိုယ့်အထုပ်ပါဆိုပြီး ယုံယုံကြည်ကြည်နဲ့ တာဝန် ယူရမှာလား"

"ဘာပဲဖြစ်ဖြစ် ပြဿနာဖြစ်လာရင် ရှင်းရမှာပဲ သား ..၊ ဒါ ကြောင့် နောက်ထပ်မရှုပ်မိဖို့ မေမေ သတိပေးချင်တာ၊ ရည်းစားထား တာ ကြိုက်သလောက် ထားပါ၊ မမှားပါစေနဲ့"

"လုံးဝ မမှားဘူး စိတ်ချ .. သား ဒီလောက် မမိုက်ရိုင်းဘူး၊ အဲဒီတစ်ခါက မူးပြီး လူမှန်းသူမှန်းမသိ ဖြစ်သွားလို့ .. တောက် .."

မင်းသခင် က ပြောရင်း တက်ခေါက်သည်။

"တစ်ခါပဲ ခိုးမိပါတယ် တစ်သက်တစ်ကျွန်း ချခံလိုက်ရတဲ့ အပြင် ဟိုချွေးသူတောင်းစားတွေ နာမည်လျှောက်ဖျက်တာနဲ့ လူယုတ် မာကြီးကို ဖြစ်လို့၊ အဲဒီပြဿနာက ရှင်းလို့ကို ဆုံးမှာ မဟုတ်တော့ ဘူး၊ ဒီမိန်းမ မထိန်းသိမ်းတတ်လို့ ခုလို ထင်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမဆန်ဘူးပဲ ပြောပြော ဘာပြောပြော မင်းသခင် က ကိုယ့်အပြစ်လို့ မမြင်ပါ။ ကိုယ်က အမြဲတမ်း သွေးသားနေတတ်တဲ့ အရိုင်းအစိုင်းလား ..။

ကိုယ်၌က လိုလားတောင့်တလို့ ကျူးလွန်ခဲ့တာ မဟုတ်ပါဘဲ သူ့စိတ်တိုင်းကျ ဖြစ်ပေးလိုက်ဖို့က အစကတည်းက သူက ဒီလိုဖြစ်ချင်လို့ ကြိုးစားခဲ့တာကို ..။

ကိုယ့်ရဲ့ လွတ်လပ်ခြင်းတွေ၊ ပျော်ရွှင်မှုတွေအားလုံး ကိုယ် ဖွဲ့လမ်းမြတ်နိုးမှု မရှိသော မိန်းမတစ်ယောက်လက်ထဲ ဝကွက်အပ်ဖို့ မင်းသခင် က နောက်က ဓားမိုးထားလျှင်တောင် ခေါင်းညိတ်လိမ့်မည် မဟုတ်ပါ။

ဒါဟာ ယောက်ျားမပီသတာဆိုလျှင် မပီသတဲ့ဘွဲ့ကို ကျေကျေနပ်နပ်ကြီး ခံယူလိုက်ရုံပဲ ရှိသည်။

ရေချိုးခန်းထဲ ရောက်လာတဲ့အထိ ဒေါသက အရှိန်မသတ်နိုင်ဘဲ ရှိကာ ဆပ်ပြာခွက်ကို ရေချိုးခန်းနံရံနှင့် တအား ပေါက်ခွဲပစ်လိုက်သည်။

"သွားစမ်း .."

အဲဒါ မှုံမှုံနဲ့ မှားခဲ့ဦး ..။





အခန်း (၃)

"ဟဲ့ နင် အစောကြီးပါလား၊ ငါဖြင့် ရေတောင် မချိုးရသေးဘူး"

သခင် က ကုလားထိုင်မှာ ထိုင်ချလိုက်ကာ ဘာမှမပြောဘဲ မျက်မှောင်ကြီးကုတ်နေသည်။

"သခင် .."

သခင် က မော့ကြည့်သည်။

"ငါက ခေါင်းလျှော်ဦးမှာ .. နင် သွားနှင့်လေ"

"မသွားချင်လို့ နင့်ကို လာစောင့်နေတာပေါ့"

"ဆိုင်ကယ်နဲ့လား .."

သခင် ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူနဲ့ ဆိုင်ကယ်စီးဖို့ ဘယ်တော့မှခေါ်မရသည့် ဟင်္သာ ဆီ ကျောင်းအတူသွားဖို့ လာခေါ်တိုင်း ကားနဲ့လာဖို့ကို မေ့လို့မရ ...၊ သခင် စောင့်နေသည်မို့ အလုပ်လုပ်ရတာ ကမန်းကတန်း။

သနပ်ခါးရေကြဲလေး လိမ်းကာ အင်္ကျီကို ရွေးမနေဘဲ လိဘဲလ် ထဘီနက်ပြာနှင့် ရှပ်အင်္ကျီလက်တို အပြာကွက်ကလေးကို အလွယ် တကူ ဝတ်လိုက်သည်။

တက္ကသိုလ်ကျောင်းသူ ဆိုပေမယ့် ဟင်္သာ မှာ သိပ်ထည်ထည် ဝါဝါ ဝတ်စရာ မရှိပါ။

သူများ ရေလဲထဘီလောက်သာရှိသော အဆင့်လောက်ကို ဟင်္သာ က မီးပူ သေသေချာချာတိုက်၍ အသစ်ထား ဝတ်ရသည်။

ဘယ်သူတွေ မိတ်ကပ်အကောင်းစားတွေနှင့် ဘယ်လောက်ပဲ ကြော့နေနေ ဟင်္သာ မျက်နှာမှာ သနပ်ခါး ဘယ်တော့မှ မပြတ် ...။ ဒါပေမယ့် ဟင်္သာ တို့က ကိုယ်တတ်နိုင်တာလေးနဲ့ပဲ ကိုယ့်ဘဝကို မာနထားနိုင်သည်။

ချမ်းသာခြင်းဆိုတာ တောင့်တနေတိုင်း ရတတ်လို့လား ...၊ ဆံပင်တွေကို ရေညှစ်ချကာ တဘက်နှင့်သုတ်ရင်း ဟင်္သာ ထွက်လာ တော့ ကုလားထိုင်ပေါ်မှာ သခင် က ခြေထောက်ကားကားကြီးနှင့် လျော့ရဲရဲမို့ကာ ဇက်မော့၍ အိပ်ပျော်နေသလား မသိ ...။

ဟင်္သာ သေချာငုံ့ကြည့်ဆဲ သခင် မျက်လုံးဖွင့်ကြည့်သည်။ သူ့ နှာခေါင်းဆဲမှာ ခေါင်းလျှော်ရည်နံ့နှင့် သနပ်ခါးနံ့ ရောနေသော မရိုး





နိုင်သည့် ဒီရနံ့မျိုးဟာ ဟင်္သာ ဆီကသာ ရတတ်ပါ၏။

"ဟင်္သာ .."

"ဟင် .."

"နင် မိတ်ကပ် မကြိုက်ဘူးလား"

"မကြိုက်ဘူး .. လိမ်းပြီး တအောင့်ကြာရင် ကပ်စေးစေးနေတာ ကြီးကို မုန်းတာ ...၊ သနပ်ခါးက အမြဲမွှေးတယ်၊ လိမ်းထားရင် မခြောက်မချင်းလည်း အေးနေတာပဲ"

"နင့်ကို ဒီတစ်ခါ ငါ မန္တလေးသွားဖြစ်ရင် မုန့်ဝယ်မလာတော့ ဘူး၊ သနပ်ခါးတုံးတွေ ဝယ်လာမယ်"

"အင်း .. အင်း .. လိမ်းရချည်သေးရဲ့"

မုန့်ဝယ်မလာတော့ဘူးဆိုသည့် စကားကို ဟင်္သာ က ပြုံးစိစိ လုပ်နေမိသည်။

ဘယ်တုန်းကများ သခင်တို့ ခရီးသွားတိုင်း လက်ဆောင်ပါ ဖူးလို့လဲ ...။

ဟင်္သာ ဆီ လာခါနီးမှ ထိုးမုန့်တွေ ပြေးဝယ်၊ ဟာလဝါဘူးတွေ ပြေးဝယ်၊ ပြီးတော့ မန္တလေးက ဝယ်လာတာဆိုပြီး ပေး ...၊ မသိတာ မှတ်လို့။

သခင် ဘယ်သွားသွား စာရေးတတ်တဲ့အကျင့် မရှိ။

"စာရေးရတာလောက် ဖျင်းဖို့ကောင်းတာ မရှိဘူး"တဲ့။ ဘယ်က ပြန်ပြန် သူ ယူသွားသည့် ကျောပိုးအိတ်လေးတစ်လုံးသာ ပြန်ပါလာတ်


www.burmeseclassic.com

www.burmeseclassic.com



လျက် လက်ဆောင်ယူလာပါ မှာလို့ ဘယ်တော့မှ မပါ။

"အလေးခံပြီး မသယ်ချင်ပါဘူး"တဲ့ ..။

ဟင်္သာ အတွေးတစ်ဖက်နှင့် ရေသုတ်ပြီးသည့်ဆံပင်တွေကို ရှင်းတော့ အဖျားကျမှ လုံးထွေးနေတာ တော်တော်နှင့် ရှင်းလို့မရ ..။

"ဒုက္ခပါပဲဟယ် .. အရေးကြီးပါတယ်ဆိုမှ .."

"ရှုပ်မှာပေါ့ .. တအားဆောင့်ပြီး ဖြီးနေတာကိုး၊ ဆံပင်ရှည်ထားပြီး စိတ်ကလည်း မရှည်ဘူး"

သခင် က ထလာကာ ထွေးလုံးနေသည့် ဆံပင်တွေကို ဆွဲယူလိုက်သည်။

"ဖယ် .. ဖယ် .. ငါ့ဟာငါ ရှင်းမယ်"

"နေစမ်းပါ .. နင်လုပ်နေတာ ဆံပင်တွေ အထွေးလိုက် ပြုတ်ထွက်ကုန်တော့မယ်"

သခင် က ကျန်တာဆို ဘာသိဘာသာ နေတတ်ပေမယ့် ဟင်္သာရဲ့ ဆံပင်ရှည်တွေကိုတော့ သဘောကျသည်သာ ..။

"နင်က ဆံပင်ရှည်နဲ့ လိုက်တယ်၊ နင့်ဆံပင်တွေက လှလည်း လှတယ်"လို့ စိတ်ကောင်းလေးဝင်တိုင်း ပြောဖော်ရသည်။

သခင် စိတ်ရှည်လက်ရှည် ဆွဲဖြည်နေတာကို ဟင်္သာ ဒီတိုင်းပဲ ရပ်ကြည့်နေလိုက်သည်။

"ရပြီ .."

ဟင်္သာ က ဘီးကိုပြန်ကိုင်၍ ဆက်ဖြီးသည်။





ကျောင်းချိန် နီးနေပြီမို့ စိတ်က လောနေမိသည်ကြောင့်လားမသိ ဆံပင်တွေက ဟိုနေရာထစ် ဒီနေရာထစ် ဘီးကြောင်းက လျောလျောရှူရှူ ဖြီးချလို့မရ..။

"ဘာဖြစ်လို့ ကမန်းကတန်း ဖြစ်နေရတာလဲ၊ ပေး .. ဘီး .."

"ဟာ!... မလုပ်နဲ့"

"ဘာဖြစ်လို့လဲ"

"လူမြင်မကောင်းလို့ပေါ့"

ဟင်္သာ က ခြေတစ်လှမ်းဆုတ်၍ ရှောင်သည်။

"ဘာဆိုင်လဲ .. ခေါင်းဖြီးပေးတာ ပြောစရာလား"

သခင် က ဖွတ် ..။

ဘီးကို ဆွဲယူကာ နောက်ကနေ ဖြီးပေးနေသည်။

ဟင်္သာ မျက်လုံးလေး ကျီးကန်းတောင်းမှောက်ဖြစ်လျက် တစ်ယောက်ယောက် မြင်သွားမှာ စိုးသည့်စိတ်ကြောင့် ရင်တွေ တုန်နေမိသည်။

"ရပြီ .. ရပြီ .. ထားလိုက်တော့၊ သွားမယ်"

"နေဦး .. ဒီမှာ မပြီးသေးဘူး"

သခင် က သူ့ဉာဉ်အတိုင်း ဘာကိုမှ ဂရုမစိုက်။ လုပ်စရာရှိတာကို ပြီးအောင် ဆက်လုပ်သည်သာ ..။

ပြီးတော့ ရေစိုဆဲရှိနေသော ဆံပင်အဖျားလေးတွေကို စုကိုင်၍ နမ်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်တာလဲ သခင် ရယ် .. နင် တကယ် အပြောရခက်တယ် .. သိလား"

"ဘာဖြစ်လဲ .. နင် ခေါင်းလျှော်လာတိုင်း ငါ ဒီလိုပဲ နမ်းနေကျဟာ"

"နမ်းတိုင်းလည်း ငါ ပြောတာပဲ၊ နင့်ကိုယ်နင် ကလေးလေး မှတ်နေလား"

"ဘာဖြစ်ဖြစ်ပေါ့ ငါ့စိတ်ထဲရှိတဲ့အတိုင်း ငါ လုပ်တာပဲ"

"တော်ပြီ .. တော်ပြီ မပြောတော့ဘူး၊ စိတ်ညစ်တယ်"

လွယ်နေကျ ပုတီးစေ့ ကြိုးသိုင်းလွယ်အိတ်လေးကို သွားဖြုတ်ကာ အပြင်ထွက်၍ ဟာသ်ာ က တံခါးပြန်ပိတ်သည်။

ဖေဖေနဲ့ မေမေကလည်း အလုပ်သွားကြတာကြောင့် အိမ်မှာ ဘယ်သူမှ မရှိ၊ စူပွစူပွနှင့် ကားပေါ်သွားထိုင်နေသည့် ဟာသ်ာ ကို ကြည့်၍ မင်းသခင် ပြုံးသည်။

အဲဒီလိုလည်း တွန့်တိုတတ်တဲ့ ဟာသ်ာ ..။

"ဟာသ်ာ .."

"ပြော .."

"ဒီမှာ ကြည့် .."





"ဒီမှာ အကြော်စားနေတာဟာ .. မကြည့်လဲ ပြောလို့ရတဲ့ဥစ္စာ"

ရီရီခင် က မရမက သူ့ဘက် ဆွဲလှည့်စေပြီးမှ ...

"နင့်ကို ခင်ဖြူကြည် တို့က ပြောနေကြတယ် သိလား"

"ဘာပြောလို့လဲ .."

"နင်နဲ့ မင်းသခင် အကြောင်း .."

"ဘာတဲ့လဲ .."

ရီရီခင် က ဘူးသီးကြော်တစ်ခု ကောက်ယူ၍ အချဉ်ရည်ပန်းကန်ထဲ နှစ်လိုက်သေးသည်။

"ဝေအောင် က မင်းသခင် ကို ပြောတာ၊ မင်းသခင် က ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားနေတာ ဟာသ်ာ နဲ့ကျတော့ အတွဲမပျက်ဘူး၊ သူငယ်ချင်း သူငယ်ချင်းနဲ့ ရိုးမှရိုးရဲ့လား မသိဘူးတဲ့"

"ပြောပစေပေါ့ဟာ .. ကိုယ် ရိုးသားဖို့ပဲ လိုတာပါ"

"ဒါတင်မကလို့ပေါ့ မိန်းမရဲ့ .. အဲဒါကို ခင်ဖြူကြည် က ဘာပြောတယ် မှတ်လဲ .."

"ဘာတဲ့လဲ .."

"ဒီလောက် စုတ်ပြတ်နေတဲ့ မဲခြောက်ခြောက်ရုပ်ကို မင်းသခင် က သုံးမလားတဲ့၊ နိုင်းလို့ကောင်းအောင် နိုင်းနေတာတဲ့၊ သူ့ဟာသူ ကြိတ်ကြိုက်နေတာမျိုးတော့ ဖြစ်ချင်ဖြစ်မှာပေါ့တဲ့"

"ဘာ!..."

ဒေါသက ရုးခနဲ ဆောင့်တက်သွားသည်။ မိန်းမသားချင်း ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်ထိ ပြောစရာလား ...၊

မင်းသခင် နဲ့ ဟင်္သာ နှပ်ချေးတွဲလောင်းကတည်းက အတူသွား၊ အတူစား၊ မူလတန်းမှာ အတူတက်ခဲ့ကြသည်။ တချို့ သူငယ်ချင်းတွေ ဒီတက္ကသိုလ်ထဲမှာ ရှိနေကြပါသည်။

ဒါကြောင့်လည်း ဟင်္သာ တို့ကို မသိလို့ ဝေဖန်ကြတာမျိုး ရှိချင် ရှိမည်။

ဒီလောက်အထိ နှိက်နှိက်ချွတ်ချွတ် ပြောမည့်သူ မရှိ ...။ ပက် ပက်စက်စက် ဝေဖန်မခံခဲ့ရဘူး ...၊

မင်းသခင် ရဲ့ ရှင်းသန့်ချောမောသောမျက်နှာကို မြင်ယောင်ကာ ဒေါသကြောင့် အံကြိတ်ထားလိုက်မိသည်။

ဟုတ်တယ် ...၊ ငါ ကလေးမှ မဟုတ်တော့တာ ...၊ ငယ်ငယ်တုန်း ကလိုပဲ လွတ်လပ်စွာ သွားလာနေထိုင်မိတာ ငါ့အပြစ်၊ ကိုယ့်ရဲ့ ရိုး သားခြင်းအားလုံးဟာ မင်းသခင် ရဲ့ ကြိုးဆွဲခွေးလေးတစ်ကောင်လို အပြောခံခဲ့ရတဲ့အပြင် ...၊

ရုတ်တရက် ဒေါသဖြစ်သွားမိပေမယ့် ဆင်ခြင်သင့်တဲ့အရာ ဆို တာကို တွေးမိလာသည်။

မင်းသခင် နားပူတိုင်း ဟင်္သာ လုပ်ပေးခဲ့သည်။ ရည်းစားထား တိုင်း သုံးယောက်ဆို တစ်ယောက်လောက်က ဟင်္သာ ကြိုးစားပေး ခဲ့တာ ဖြစ်သည်။

ဒါတွေဟာ မင်းသခင် ကို ကြိုက်လို့ ပိုးကြေးပန်းကြေးလုပ်ပေး





ခဲ့တာတွေ ဖြစ်ကုန်ပြီ ...၊ လုံးဝ အဖြူရောင်ဖြစ်သော ကိုယ့်သံယောဇဉ် တွေကိုတော့ ဒီလို စော်ကားမခံနိုင်ပါ။

ဆုံးဖြတ်ချက်သည် တစ်ထိုင်တည်း ချပြီးသား ဖြစ်သွား၏။

"မင်းသူငယ်ချင်း သွားပြီကွယ့်"

မေမေ့အသံ ကြားလျှင် ဟင်္သာ ဖျတ်ခနဲ ထ၍ အခန်းထောင့်မှာ ကပ်နေရင်း ရင်တွေ ခုန်နေမိသည်။

ဒီနေ့ မေမေ အလုပ်မသွားပေ ...၊ ဒါကြောင့် မတော်တဆ မင်း သခင် များ ကျောင်းသွားဖို့ လာခေါ်ခဲ့လျှင် သွားပြီလို့ပြောဖို့ မှာထား ခဲ့တာ။

ခပ်ဟဟ တံခါးကြားက ချောင်းကြည့်တော့ ဖိနပ်ချွတ်မှာ ရှိနေ သည့် ဟင်္သာ စီးနေကျ အဖြူရောင်ညှပ်ဖိနပ်လေးကို မင်းသခင် စူး စိုက်ကြည့်နေတာမြင်လျှင် ခုမှ ဖိနပ်သိမ်းဖို့ သတိရခဲ့မိသည့်အဖြစ်ကို တွေးလိုက်မိသည်။

သခင် များ ဝင်လာခဲ့လျှင် ဒုက္ခ ...၊

သို့သော် မင်းသခင် မဝင်ပါ။ ခေါင်းညိတ်၍ ချက်ချင်း ပြန်လှည့် သွားသည်။

ဟင်္သာ ရဲ့ဒုက္ခက မသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို ခိုးချောင်ခိုးဝှက် လာရ၊ စာသင်နေတုန်းလည်း ရင်တထိတ်ထိတ်၊ အတန်းပြီးသည်နှင့် ထိတ်နေတဲ့အတိုင်း မင်းသခင် ရောက်လာသည်ဝင် ..။

"ငါ ဘာမှမစားတော့ဘူး သခင် .. ရီရီ ဟမ်ဘာဂါ ဝယ်ကျွေးလို့ စားပြီးပြီ"

"ဘယ်လိုဖြစ်နေတာလဲ ဟသ်ာ .. ကင်န်တင်းမှာ သင်းနံ့သာ စောင့်နေတယ်"

"အဲဒါ နင် သွားပေါ့ .. ငါ မိတ်ဆက်ပေးထားပြီးပြီပဲ၊ တကယ် ငါ ဗိုက်ပြည့်နေလို့ပါ၊ သွားတော့နော် .. ဒီမှာ စာကူးစရာတွေ ရှိလို့"

ပြန်ပြောတာကို မစောင့်တော့ဘဲ ဟသ်ာ အခန်းထဲ လှည့်ဝင်လာခဲ့သည်။ သူတို့နှစ်ယောက်ကို သူငယ်ချင်းတွေက အကဲခတ်နေကြ၏။

ခါတိုင်းဆို မင်းသခင် လာတာမြင်တာနှင့် ဟသ်ာ က အခန်းဝ ရောက်နေပြီ။

မင်းသခင် မျက်နှာလည်း နီမြန်းတင်းမာနေ၏။

"ဘယ်လိုလုပ်လိုက်တာလဲ ဟသ်ာ ရယ် .. မင်းသခင် သနားပါတယ်"

ရီရီခင် က တကယ့်ကို စိတ်မကောင်းဟန် ..။

"တော်ပြီ ရီရီ .. သူနဲ့တွဲနေသရွေ့ ငါက ကောက်ရိုးပုံစောင့်တဲ့ ခွေးလို့ အပြောခံနေရမှာပဲ၊ ငါ ရှက်တယ်"

"ဒါတော့ ဒါပေါ့ဟယ် .. ခု နင့်ဟာက ချက်ချင်းကြီး တိုယ့်





ငယ်ငယ်ကတည်းက ပေါင်းလာတဲ့သူငယ်ချင်းကို ဒီလို ရုတ်တရက် ဖြတ်ပစ်တော့ လူတွေ ပိုသတိထားကုန်တာပေါ့"

"မတတ်နိုင်ဘူးဟာ .. ခွေးဝမ်းသာအောင် လေလည်တယ်ပဲ ပြောပြော ငါ အပြောမခံချင်တော့ဘူး၊ သူကတော့ ယောကျ်ားလေး.. ဘာအရေးလဲ"

ပြောမယ့်သာ ပြောနေရပေမယ့် ဟသ်ာ မျက်ရည်လေး ဝဲနေရှာတာကို မြင်လျှင် ရီရီခင် စိတ်မကောင်း ဖြစ်နေမိသည်။

ဒီကိစ္စ သူ့ပါးစပ်ဆော့မိလို့ ဖြစ်ရတာမို့ သူ့အပြစ်မကင်း ..၊ မင်းသခင် နဲ့ ဟသ်ာ ရဲ့ သံယောဇဉ်ကို သူမသိဘဲ နေမလား၊ ဟိုတစ်ယောက်လည်း အတော် ခံစားသွားရမည်သာ ..။

"နင်က သူများပြောတိုင်း ဒီလောက်မြန်မြန် ဆုံးဖြတ်လိုက်တာတော့ လွန်တယ်လို့ ငါ ထင်တယ်၊ ဟိုတစ်ယောက်က ဘာမသိ ညာမသိနဲ့ .."

"သူသိလို့ ဖြစ်မလား .. လူက စိတ်က လက်တစ်ဆစ်ရယ်၊ အများက ဝါးလုံးဆို သူက ဝါးခြမ်းရုံမှ ကျေနပ်တဲ့သူ၊ နင် မသိပါဘူး ရီရီ ရယ် .. ငါ့အနေအထားကို ငါ သိတယ်၊ ငယ်ငယ်က သူငယ်ချင်း ပေမယ့် ဒီအချိန်မှာ သူ့အခြေအနေနဲ့ ငါ့အခြေအနေ တွဲသွားတွဲလာ လုပ်နေရင် ငါပဲ အပြောခံရမှာ ..၊ မေမေလည်း ငါ့ကို သတိပေးခဲ့ဖူးတယ်၊ ငယ်ငယ်က အကြောင်းမဟုတ်ဘူးတဲ့၊ အခု မင်းသခင် က ရည်းစားတွေဘာတွေနဲ့တဲ့၊ သမီးက မိန်းကလေး ဆင်ခြင်ဖို့ ကောင်းပြီ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ..''

ဟင်္သာ က မျက်ရည်စလေးတွေကို သုတ်၍ ဆက်ပြောသည်။

''အဲဒီတုန်းက ငါ ဂရုမစိုက်ခဲ့ဘူး .. ဒါပေမယ့် ခုတော့ ငါ ရှက်တယ်၊ နိုင်းလို့ကောင်းလို့ နိုင်းနေတာဆိုတဲ့စကားကို ငါ အရှက်ဆုံးပဲ၊ ငါကလည်း မင်းသခင် ဘာပဲပြောပြော ဖြစ်အောင် လုပ်ပေးခဲ့တာကိုး''

ဟင်္သာ တကယ် ခံစားနေရတာပါ။

ဒါကြောင့်လည်း တကယ် ဆုံးဖြတ်ခဲ့တာ ဖြစ်သည်။ ရှေ့ဆက်ဖို့ကို လုံးဝ စိတ်မကူးတော့ ...။

''သမီးရေ .. စောစောက သခင် လာသွားတယ်၊ သမီးကိုတောင် စောင့်နေသေးတယ်''

''ဘာလုပ်ဖို့တဲ့လဲ မေမေ''

''မနက်ဖြန် သူ့ စီဒီရိုက်ဖို့ ရှိတယ်တဲ့၊ ထုံးစံအတိုင်းပေါ့.. သမီးကို အဆင်သင့် လုပ်ထားပါတဲ့''

ဟင်္သာ တံခါးဝမှာပင် ခြေစုံရပ်၍ ငိုင်သွားမိသည်။

စီဒီရိုက်ဖို့ ကိစ္စအဝဝကို မင်းသခင် က ဟင်္သာ လုပ်ပေးမှ ကျေနပ်သူ ...၊





ဒေါ်ရွှေငယ် က စားပွဲတင်ပန်းအိုးလေးမှာ နှင်းဆီပန်းခိုင်လေးတွေ ထိုးစိုက်နေရာမှ မော့မကြည့်ဘဲ ပြောသည်။

ဟင်္သာ က ဆွဲခြင်းကိုပင် မချတော့ဘဲ မီးဖိုချောင်ထဲ တောက်လျှောက်ဝင်လာခဲ့ကာ ထမင်းစားပွဲနားမှာ ထိုင်ချလိုက်သည်။

''မလိုက်ဘူး ..''

နင့်နောက်က အဝတ်အစားသေတ္တာကို ဆွဲလိုက်ရဦးမှာ ...၊ တစ်ခန်းပြီးတစ်ခန်း ဒါလေး ဝတ်ပါ၊ ဟိုဟာလေး လှတယ်နဲ့ အရောင်ရွေးပေးရဦးမှာ ...။

ငါ လုံးဝ မလုပ်ပေးနိုင်တော့ဘူး။

ကိုယ့်ဟာကိုယ် အထပ်ထပ် သံပတ်ပေးလျက် ဟင်္သာ နှုတ်ခမ်းလေး ကိုက်ထားမိလေသည်။

တအံ့တသြဖြစ်သွားသည့် မင်းသခင် မျက်နှာမှာ ဒေါသဖြစ်သွားဟန်တို့ ပါရှိနေသည်။

''ဘာဖြစ်လို့လဲ ဟင်္သာ ...၊ ငါ ရိုက်ကွင်းရှိတိုင်း နင်နဲ့ သွားနေကျပဲ၊ ဘယ်အဖော် ခေါ်ဖူးလို့လဲ''

''မခေါ်ဖူးပေမယ့် ခု ခေါ်သွား ...၊ ငါ နေမကောင်းလို့ မလိုက်နိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



မင်းသခင် ဒေါသဖြစ်သွားသည်။

"စောစောကပဲ ရေချိုးခန်းထဲက ထွက်လာတယ်၊ ချက်ချင်းကြီး ဘယ်အဖျား ဝင်လာတာလဲ .. နင် ဘာဖြစ်နေတာလဲ ဟသ်ာ"

"ဘာမှမဖြစ်ဘူး၊ ငါ တကယ် ခေါင်းမူးနေလို့၊ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပဲ သွားလိုက်ပါ"

"မဟုတ်ဘူး .. အဲဒါ နင် သက်သက်လုပ်တာ၊ နင် တစ်ခုခုဖြစ်တာ သေချာတယ်၊ အဲဒါ ဘာလဲ ပြော .. နင် ငါ့အကြောင်းသိတယ် နော် ဟသ်ာ .. အဓိပ္ပာယ်မရှိတာကို လုံးဝ လက်မခံဘူး"

ရေချိုးပြီးစ သနပ်ခါးမလိမ်းရသေးသည့် ဟသ်ာ မျက်နှာဝင်းဝင်းလေးက ခါတိုင်းလိုမဟုတ်ဘဲ တည်တည်တင်းတင်းလေး ဖြစ်နေသည်။

မင်းသခင် က ဟသ်ာ မျက်နှာကို စူးစိုက်ကြည့်၍ ရှုံးရှုံးရှားရှား ဖြစ်နေသည်။

"ဟသ်ာ နင် မလိုက်ဘူးလား .. လိုက်မှာလား"

"မလိုက်ဘူး"

"ပြီးရော .."

မင်းသခင် ချာခနဲ လှည့်ထွက်သွားသည်။

ဟသ်ာ စိတ်မကောင်းဖြစ်ကာ မျက်ရည်များပင် လည်လာမိသည်။ အမြဲ အတူသွား အကြဲပေး ပြောဆိုပေးနေကျ။

ဒါပေမယ့် ဟသ်ာ ပျော့ညံ့သွားသည့်စိတ်ကို ပြန်တင်းထားလိုက်





သည်။

ငါက မိန်းကလေး ..၊ သူ မဆင်ခြင်တိုင်း ကိုယ် မဆင်ခြင်လို့ ဖြစ်မလား ..၊

ဟသ်ာ သနပ်ခါးကို စိမ်ပြေနပြေ သွေးနေမိသည်။ စိတ်က မင်းသခင် ဆီပဲ ရောက်နေ၏။

ရိုက်ကွင်းမှာ သခင် ဘယ်သူနဲ့ သွားမှာလဲ ..၊

မလတ် များ လိုက်ပို့မှာလား ..၊

ဒါပေမယ့် မလတ် က နေရာပေးသည့်တိုင် ရိုက်ကွင်းကိုတော့ ဘယ်တော့မှ လိုက်လေ့မရှိပေ။

ဟသ်ာ လိုက်ပေးနေတာကိုတောင် ကျေးဇူးတင်နေခဲ့သူ ..၊ သခင် တို့ တစ်အိမ်လုံးမှာ အားလုံးစိတ်တူသဘောတူဖြစ်လျက် သခင့် ဖေဖေ ဦးချစ်ခင်မောင် တစ်ယောက်သာ တစ်မျိုးတစ်ဘာသာ ဖြစ်နေသည်။

သခင် သီချင်းဆိုတာလည်း မကြိုက်၊ စီဒီရိုက်ဖို့ဆိုတာ ဝေးလို့..၊ အိမ်မှာ စီဒီယိုကြည့်တာတောင် မကြိုက်တဲ့သူ ..။

"ဖေဖေပြန်လာရင် ငါ စီဒီမရိုက်တော့ဘူး.. ခုတောင် ငါ့သဘော ဆို မရိုက်ချင်တော့ဘူး၊ မလတ် ကချည်း လက်ခံနေတာ"တဲ့..။

သခင် က ပြောဖူးသည်။

ဦးချစ်ခင်မောင် စင်ကာပူက ပြန်ရောက်တော့မည်။ နောက် လည်း သခင် တကယ် ရိုက်ရဲတော့မှာ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟသ်ာ .. ဘယ်သူမှလည်း မရှိပါလား"

ဟသ်ာ သနပ်ခါးလိမ်းပြီး အင်္ကျီဝတ်နေရင်း အပြင်ဘက်က ခေါ်သံကြောင့် ကပျာကယာ ချောင်းကြည့်လိုက်မိသည်။

"ဟင်!... မလတ်"

အင်္ကျီကြယ်သီးစုံအောင် တပ်၍ ဟသ်ာ အပြင်ထွက်လာခဲ့သည်။

"ဝင်ခဲ့ပါ မလတ် ရဲ့ .. တံခါးက ဆေ့ထားတာပါ"

ပြောတော့မှ မလတ် က တံခါးဖွင့်၍ ဝင်လာသည်။

"မောင်လေးနဲ့ ဘာဖြစ်ကြတာလဲ ဟသ်ာ"

ဟသ်ာ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘာ .. ဘာမှမဖြစ်ပါဘူး မလတ်"

"ဘာမှသာ မဖြစ်တယ် .. ရှုတင်သွားမလို့ ဟသ်ာ ကို ဝင်ခေါ်မယ်ဆိုပြီး ထွက်သွားတာ ချက်ချင်း ပြန်ရောက်လာလို့ မေးကြည့်တော့ မသွားတော့ဘူးတဲ့၊ အဲဒါ ဘာဖြစ်ကြတာလဲ ..၊ ဟသ်ာ နဲ့ ရန်ဖြစ်ကြတာလား"

"မဟုတ်ပါဘူး မလတ် ရယ် .. ဟသ်ာ ဒီတစ်ခါ မလိုက်ချင်တာနဲ့ ကိုယ်ဟာကိုယ် သွားပါဦးလို့ ပြောလိုက်တာပါ"

"ဟသ်ာ က ဘာဖြစ်လို့ မလိုက်ချင်ရတာလဲ"

ဟသ်ာ က အမှုအရာမပျက်အောင် ထိန်း၍ ...

"ဒီနေ့ ဟသ်ာ သွားစရာရှိနေလို့ပါ၊ ခုပဲ သွားတော့မလို့"

မလတ် က ဟသ်ာ မျက်နှာလေးကို စူးစိုက်ကြည့်၍ အကဲခတ်





နေသည်။

"ဟသ်ာ ကို မနေ့ကတည်းက သူ ကြိုပြောထားတယ် မဟုတ်လား"

"သူ လာပြောတော့ ဟသ်ာ မရှိဘူး မလတ် ရဲ့ .. ဟသ်ာ နဲ့တွေ့လိုက်ရင် မနေ့ကတည်းက မလိုက်နိုင်တဲ့အကြောင်း ဟသ်ာ ပြောလိုက်မှာပါ"

မလတ် မျက်နှာမကောင်း ဖြစ်သွားရှာသည်။

"ဟသ်ာ ကိစ္စ အရေးမကြီးရင် ဒီတစ်နေ့တော့ လိုက်ပေးလိုက်ပါ ဟသ်ာ ရယ် .. ဟိုတစ်ဘက်မှာလည်း ရိုက်ကွင်းမှာ အားလုံး ပြင်ဆင်ပြီးစောင့်နေကြတာ၊ တစ်ဘက်သား ကုန်ကြမ်းရှုတင်စရိတ်ကို အားနာဖို့ ကောင်းလို့ပါကွယ်"

"ဟို .."

"မလတ် သိတယ် .. ဟသ်ာ ကိစ္စမရှိဘဲ မောင်လေးကို တစ်ခုခု စိတ်ကောက်ပြီး ငြင်းလွှတ်လိုက်တယ်ဆိုတာ၊ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မခေါ်ဘဲ နေနိုင်ကြတာလည်း မဟုတ်ဘဲနဲ့၊ သူငယ်ချင်းချင်း ကျေအေးလိုက်ပါကွယ် ..၊ ကဲ .. လာပါ"

မလတ် က ဟသ်ာ လက်ကလေးကို ဆွဲခေါ်သည်။

"သခင် က ဘယ်မှာလဲ မလတ်"

"အိမ်မှာလေ ..၊ ကိုယ်တော်က မလတ် အတင်းလွှတ်မှာစိုးလို့ အခန်းတံခါးပိတ်နေလေရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာ အခန်းတံခါးပိတ်၍ လိုက်ခဲ့ရပါတော့သည်။

မလတ် က ကြည်လင်စွာ ပြုံးလျက် ကားမောင်းရင်း လှည့်မေးသည်။

"ဦးလေးက ခုထိ ပင်စင်မယူသေးဘူးလား ဟသ်ာ"

"တင်ထားတယ် .. မေမေရောပဲ၊ ဒီနှစ်ကုန်လောက်ဆို ပြိုင်တူကျလာမယ် ထင်တယ်"

ဦးဘမင်း ရော ဒေါ်ရွှေငယ် ပါ မြန်မာ့ရေကြောင်း ကြီးကြပ်ရေးအရာရှိတွေ ဖြစ်သည်။

ဒီနှစ်ကုန်သည်နှင့် နှစ်ယောက်လုံး ပင်စင်ကျတော့မည် ဖြစ်သည်။

ခုတော့ မိဘနှစ်ပါးက အလုပ်သွား၊ ဟသ်ာ က ကျောင်းသွား၊ တစ်နေကုန် အိမ်မှာ ဘယ်သူမှ မရှိ ..။

"ဟသ်ာ မဆင်းနဲ့တော့ .. နောက်ခန်းထဲမှာ အဝတ်စားတွေ မလတ် ထည့်ထားပြီးပြီ၊ ဟိုကျမှပဲ ဟသ်ာ ရွေးပေးလိုက်တော့နော်"

မလတ် ဆင်းသွားပြီး တအောင့်ကြာတော့ မင်းသခင် ထွက်လာသည်။

မျက်နှာက မှုန်ကုတ်ကုတ်။

ကားပေါ်ကို ခပ်တည်တည်ကြီးထိုင်၍ မောင်းထွက်လာတဲ့အထိ စကားတစ်လုံးမှ မပြော ...။

မီးပွိုင့်မှာ ကားရပ်တော့မှ ...





"နင် .. ဘာဖြစ်နေတာလဲ"

အဆက်အစပ်မရှိ မေးသည်။

"ဘာမှ မဖြစ်ဘူး"

ဘာကိုမေးမှန်း ဟသ်ာ ကလည်း သိသည်။

မီးပွိုင့်ကလွှတ်သည်နှင့် ကားကို ကန်တော်ကြီးဘက် ကွေ့လိုက်သည်။

"ဘယ်ကို မောင်းနေတာလဲ သခင် .. ရိုက်ကွင်းက ဒီဘက်မှာလား"

"ဘယ်သူက ရိုက်ကွင်းသွားမယ် ပြောသလဲ"

"ဟင်!..."

ဟသ်ာ တအံ့တသြ လှည့်ကြည့်သည်။

"နင် မသွားတော့ဘူး .. ဟုတ်လား"

"ဟုတ်တယ် .. စိတ်မပါတဲ့အလုပ်ကို ငါ ဘာမှမလုပ်ဘူး"

"အို .. ဘယ်ဖြစ်မလဲ၊ မလတ် က ဒီကိစ္စ ငါ့ကို တောင်းတောင်းပန်ပန်နဲ့ လာပြောထားတာ"

"သြော် .."

မင်းသခင် က မျက်နှာတင်းတင်းနှင့် လှည့်ကြည့်သည်။

"မလတ် ကျတော့ နင်က ဂရုစိုက်တယ်ပေါ့"

နှစ်ယောက်သား မျက်နှာတွေတင်းကာ ကန်တော်ကြီးဆောင်းမှာ ကားရပ်တော့ မင်းသခင် က ဆင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောက်ဆင်း ဟသာ် .."

"ဘာလို့ ဆင်းရမှာလဲ ..၊ နင့်ကို ရိုက်ကွင်းသွားဖြစ်အောင် ငါ လိုက်လာတာ၊ နင် .. သွားမှာလား၊ မသွားဘူးလား"

"မသွားဘူး"

"ပြီးရော .. ငါ့ကို ပြန်ပို့"

ဟသာ် ပေကတ်ကတ်လုပ်နေသဖြင့် မင်းသခင် က ဟသာ် လက်မောင်းကိုဆုပ်ကိုင်ရင်း ကားပေါ်က အတင်းဆွဲချသည်။

"ဘာလုပ်တာလဲ .. အဲဒါ"

ဟသာ် မင်းသခင် လက်ထဲမှာ ပုံပျက်ပန်းပျက် ဝဲသွားလေသည်။ မင်းသခင် က ကားတံခါးကို တအား စောင့်ပိတ်ပစ်လိုက်သည်။

"ဟသာ် .."

"ဘာလဲ"

"နင် ငါ့ကို ဘယ်လိုအချိုးမျိုး ချိုးနေတာလဲ ပြော .."

ပခုံးမှာ ဆုပ်ကိုင်ထားသည့် မင်းသခင် လက်တွေကို ဟသာ် က အတင်းဖြုတ်ချသည်။

"ဘာမှမဖြစ်ဘူး .. ဘာအချိုးမှ မချိုးဘူး၊ ပုံမှန်အတိုင်း ငါ နေတာ"

"ပုံမှန်အတိုင်း မဟုတ်ဘူး .. ဟိုနေ့က ငါကျောင်းသွားဖို့ လာခေါ်တာလည်း နင် ရှိရက်နဲ့ ထွက်မလာဘူး၊ အတန်းဝမှာ တစ်ခါ





နင် ငါ့ကို အရှက်ခွဲတယ်၊ ဒီနေ့ရော အဲဒါ နင် အချိုးပြောင်းနေတာတွေ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ ပြောင်းတာလဲဆိုတာ အခု ပြော.."

ဟသာ် က ပါးစပ်ပိတ်ထားကာ တစ်ဘက်လှည့်ပစ်သည်။

"ငါ့ကို မကျေနပ်တာ ရှိလို့လား .. ပွင့်ပွင့်လင်းလင်း ပြော"

ဟသာ် မလှုပ်ပါ။

"မိဟသာ် .. ငါ မေးနေတယ်လေ၊ ငါ နင် မကျေနပ်စရာ ဘာ လုပ်ခဲ့မိသလဲ၊ ဘာကို မကျေနပ်တာလဲ ပြောဟာ"

မင်းသခင် မှာ ဘာအပြစ်မှ မရှိ ..။

ကလေးလို သူတို့က ဒီလိုပြောလို့ဆိုပြီး ငိုတိုင်လို့လည်း မလျော်၊ ဟသာ် မျက်ရည်တွေ ဝေလာသည်။

"ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ ငါ့ဟာငါ ဆင်ခြင်တာ၊ နင်နဲ့ငါ ငယ်ငယ်တုန်းကလို တပူးတွဲတွဲနေလို့ မသင့်တော်ဘူး ထင်လို့"

"ဘာဆိုင်လဲ .. မသင့်ဘူးဆိုတာ နင် တွေးမိတာလား .. တစ်စုံတစ်ယောက်က ပြောတာလား၊ ဒါ နင့်အမေပြောတာလည်း မဖြစ်နိုင်ဘူး၊ အန်တီ့မျက်နှာမှာ ငါ့အပေါ် ဒီသဘောမျိုးတွေ ရှိနေတဲ့ပုံ လုံးဝ မရှိဘူး၊ ဘယ်သူပြောတာလဲ ပြော .."

"ငါ့ဟာငါပါဆို .."

"ဟသာ် .. နင် မညာတတ်ဘဲနဲ့ မညာနဲ့နော်"

မင်းသခင် ကို ဒေါသဖက်စွာ မော့ကြည့်ရင်း မျက်ရည်သည် လည်ဝေလျက် ဟသာ် အံကြိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. အတန်းထဲကလူတွေ ပြောနေကြတယ်၊ ငါ .. ငါ့ကို နင့်ရဲ့ ခိုင်းနွားတစ်ကောင်လို့ ပြောကြတာ၊ နင်ခိုင်းသမျှ ပိုးကြေးပန်းကြေး လုစ်ပေးနေတဲ့ မိန်းမလို့ .."

"ဟာ!... အဓိပ္ပာယ်မရှိတာ"

မင်းသခင် ရှူးရှူးရှားရှားနှင့် ထအော်သည်။

"သက်သက် မလိုလို့ပြောတဲ့စကားကို နင်က နားဝင်ရသလား၊ ငါ နင့်အပေါ် အဲဒီလိုရော ဆက်ဆံခဲ့ဖူးလို့လား"

"အင်းပါ .. ငါ ရှက်တယ်၊ အဲဒါကြောင့် နင့်မှာ ဘာအပြစ်မှမရှိဘဲ ငါ ဒီလိုလုပ်ခဲ့တာ"

"အဲဒါ အဓိပ္ပာယ်မရှိဘူး ဟသ်ာ .. နင်နဲ့ငါ တစ်ယောက်ကိုတစ်ယောက် နားလည်ရင် ပြီးတာပဲ၊ သူတို့ကို နင် ဂရုစိုက်တယ်၊ သူတို့က ပိုသဘောကျမှာပေါ့"

"ကျကျ .. နင်လည်း အခု သင်းနံ့သာ နဲ့ အဆင်ပြေသွားပြီ မဟုတ်လား .. နောက်တစ်ယောက်ပြောင်းဖို့ စိတ်မကူးနဲ့တော့ပေါ့၊ ငါ့ဆီလည်း ခဏခဏ မလာနဲ့"

"မရဘူး .. အဲဒီရည်းစားတွေဆီ မသွားဘဲ နေနိုင်တယ်၊ နင့်ဆီကို မလာဘဲ လုံးဝ မနေနိုင်ဘူး၊ သူတို့ပြောသလို ငါက နင့်ကို ခိုင်းချင်လို့ ခင်တာ မဟုတ်ဘူး၊ တိုင်ပင်ဖော်တိုင်ပင်ဖက်တစ်ယောက်လို၊ ရဲဘော်ရဲဘက်တစ်ယောက်လို မရှိမဖြစ် လိုအပ်တဲ့သူအဖြစ် ခင်တာ၊ ငါ့ရဲ့ယောက်ျားလေးသူငယ်ချင်းတွေထက် အားကိုးတာ၊ အဲဒါ ငါ





ပျော့ညံ့လို့ မဟုတ်ဘူး၊ နင့်ကို ခင်တွယ်တာ ဘယ်သူ ဘာပြောပြော ဂရုစိုက်မယ် မထင်နဲ့ ဟသ်ာ၊ အစက ဘာကြောင့်မှန်းမသိလို့ ငါ စိတ်ဆိုးမိတာ .. အခု မရဘူး၊ နင် ရှောင်နေလည်း ရအောင် လိုက်ခေါ်မှာပဲ"

ဟသ်ာ က မျက်ရည်သုတ်၍ ခပ်တင်းတင်းကြည့်သည်။

"ခေါ်ပေါ့ .. နင် အရှက်ကွဲမှာပဲ၊ ငါကလည်း နင့်လိုပဲ ဆုံးဖြတ်ပြီးရင် မပြင်တတ်ဘူး"

"စိန်လိုက် .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

သင်းနံ့သာ ရဲ့အချစ်ကို ရလို့ လွတ်လပ်တဲ့သာယာမှုလေးတောင် အပြည့်အဝ မခံစားနိုင် ...။ ဟသ်ာ ကို ခေါ်ထုတ်ဖို့ မင်းသခင် ကြိုးစား ရတော့သည်။

ခါတိုင်းဆို ကျောင်းပိတ်ရက်တိုင်း ဟသ်ာ ဆီမှာ ...၊ ရည်းစား နဲ့ချိန်းတိုင်း ဟသ်ာ ကို ဝင်ပြော၊ လည်ပတ်ပြီးမှ ချိန်းတဲ့ဆီ သွား...၊ တစ်ခါတလေ ကဗျာတွေ ပါလာ၍ ...

"အဲဒီထဲက ထိတာမိတာလေးတွေ ငါ့ကို လိုင်းလုပ်ပေးထား စမ်းပါ"

ဆိုတာ တစ်မျိုး ...၊

တစ်ခါတလေတော့ ရည်းစားစာပါ ရေးခိုင်းလိုက်သေးသည်။





စာရေးပျင်းတဲ့ မင်းသခင် က လိုအပ်လျှင် စာနဲ့၊ မလိုအပ်တော့ ပြုံးပြ .. ရယ်ပြရုံနဲ့ ပြီးသည်။ ကပ်လိုက်သွားတာနဲ့ ငြိသည်။

ရွှေရည်သိမ်း နဲ့ အီကိုကကွင်းတုန်းကဆို နှစ်ယောက် တစ်ပြိုင် တည်းထားကာ ဟသ်ာ က စာတွေ ဒိုင်ခံရေးပေးရသည်။ သူငယ်ချင်း နှစ်ယောက် အချိန်ပြည့် ခေါင်းချင်းဆိုင်ကာ ကျိတ်ကျိတ် ကျိတ်ကျိတ် နေခဲ့ကြတာ ..၊

ရည်းစားနဲ့ ကြည်နူးတာက တစ်မျိုး ...၊ ဟသ်ာ က မလာလို့ ရင်ထဲမှာ ဟာနေတာက ဘာနဲ့မှ ပြောလို့မရ ...။

မနက် အတန်းလွတ်လို့ ဟသ်ာ ရှိတဲ့ဆီ ကူးသွားလိုက်တာနှင့်...

"ရိရိ နဲ့ ထွက်သွားပြီ"

"ဘယ်ထွက်သွားလဲ မသိဘူး"

ဟသ်ာ က ပြောတဲ့အတိုင်း အရောင်ကောင်းနေသည်။ မင်း သခင် စိတ်ဓာတ်မကျပါ။

ဘယ်ထိ ရှောင်နိုင်မှာတဲ့လဲ ...။

"ယူနဲ့ ဟသ်ာ အဆင်မပြေကြဘူး ထင်တယ်၊ အရင်လို သိပ်တွဲ တာ မတွေ့ဘူး"

"တို့ချင်းက ဘာမှမဖြစ်ပါဘူး၊ လူကြီးချင်းအစေးမကပ်လို့ ရည်း



www.burmeseclassic.com

www.burmeseclassic.com



နည်း အရှိန်ပျက်သွားတာ"

သခင် က ပါးစပ်ထဲတွေ့ရာ ပြောပစ်လိုက်သည်။

"ခု ဘယ်သွားမှာလဲ၊ ရုပ်ရှင်လား .. ပန်းခြံလား"

"သင်း ဘယ်သွားမလဲ၊ ရွေးလေ .."

"စီဒီ သွားဆိုမယ်၊ ယူ သရုပ်ဆောင်ထားတဲ့ 'သစ္စာရေစီး' ထဲက စုံတွဲသီချင်းတွေ ဆိုမယ်လေ .. မကောင်းဘူးလား"

"သဘော .."

သူတို့ စီဒီခန်းထဲ ဝင်လိုက်ကာ အထဲမှာ တိုက်တိုက်ဆိုင်ဆိုင် ဆိုနေသည်က မင်းသခင် ကိုယ်တိုင်ဆို၍ သရုပ်ဆောင်ထားသော 'ဝေးတဲ့ည' ..။

အပြင်မှာ သွားလာနေတုန်းက အကြောင်းမဟုတ် ..။ ခုလို စီဒီထဲမှာတစ်ယောက်၊ အပြင်မှာတစ်ယောက် ဖြစ်နေတာ အခန်းထဲမှာ ရှိသည့် မျက်လုံးတွေ စုပြုလာသည်။

ကောင်မလေးနှစ်ယောက် ချက်ချင်း ထလာ၏။

"ဒီက အခု 'ဝေးတဲ့ည' ဆိုတဲ့ မင်းသခင် လားဟင်"

ခေါင်းညိတ်ပြလိုက်တော့ ချက်ချင်း စာအုပ်လေးတွေ ထုတ်၍ အော်တိုရေးခိုင်းကြတော့သည်။

ဂုဏ်ယူဝင့်ကြွားဟန်များနှင့် သင်းနှံ့သာ မျက်နှာလေးကတော့ ပြုံးနေလေသည်။ သီချင်းလည်း ကောင်းကောင်း မဆိုဖြစ်လိုက်ပါ။

နောက်ထပ် သီချင်းဆိုဖို့ စီနီယာယူတဲ့ လူတချို့ ထပ်ရောက်လာ





ကာ မင်းသခင် ကို အစက ကွက်ကြည့် ကွက်ကြည့် ..။

နောက်တော့ လာမေး .. မိတ်ဆက်ကြ၊ ကြာတော့ စိတ်ရှုပ်လာသည်။

"ပြန်ရအောင် သင်း .."

သင်းနှံ့သာ ခေါင်းညိတ်၍ စီဒီခန်းမထဲကနေ ပြန်ဆင်းလာခဲ့ကြသည်။

"ယူ့ကို ဗီဒီယိုရိုက်ဖို့ ကမ်းလှမ်းတယ်ဆို .."

"သတင်းက မြန်လှချည်လား"

"ဂျာနယ်ထဲမှာ ပါလာတယ်လေ .. ယူက ငြင်းတယ်ဆို"

"ဟုတ်တယ်.. စီဒီရိုက်တာတောင် ဖေဖေက မကြိုက်ဘူး၊ ဗီဒီယို သရုပ်ဆောင်ဖို့ထိ တို့လည်း ဝါသနာမပါဘူး"

"ဘာဖြစ်လို့လဲ .. ယူ ချောလို့ မင်းသားလုပ်ရတာ ဂုဏ်ယူစရာပဲ"

"ချောတိုင်း မင်းသားဖြစ်သလား သင်း ရယ် .. အဲဒီ အရည်အချင်းတွေ တို့ စိတ်မဝင်စားဘူး၊ ပြီးတော့ သရုပ်ဆောင်တစ်ယောက်ရဲ့ ကျဉ်းကျပ်မှုတွေကိုလည်း သဘောမကျဘူး၊ တို့က လွတ်လပ်တာကိုပဲ ကြိုက်တယ်"

ကြာကြာတွဲလာတော့မှ သင်းနှံ့သာ ဟာ အောင်မြင်ကျော်ကြားမှုကို လွန်စွာ မက်မောမှုရှိတဲ့ မိန်းကလေးမှန်း သိလာသည်။

"ယူ့ရဲ့စတိုင်ကို စီဒီထဲမှာ မြင်ကတည်းက တို့က သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



တာ"တဲ့ ..။

ပွင့်လင်းစွာ ဝန်ခံသည်။ သူငယ်ချင်းတွေကလည်း ...

"သခင် .. မင်းရဲ့ သင်းနံ့သာ က မလွယ်ဘူးနော်၊ သူ့မားသားကြီးက ငွေသိမ်းမက်တာ .. ဂုဏ်ပကာသနကို အသက်လို ငြိသတဲ့၊ သူ့သမီးကို လိုချင်ရင် ငွေရှိရုံနဲ့လည်း မဖြစ်ဘူး၊ ပညာတတ်ရုံနဲ့လည်း မရဘူးတဲ့၊ ဥစ္စာပေါ ရုပ်ချော ပညာတတ် ဆွေကြီးမျိုးကြီးမှတဲ့၊ ကြားရတာ နားမချမ်းသာဘူး"

အားလုံးက သတင်းပေးကြသည်။

"မင်း သင်းနံ့သာ ကို တကယ်ကို ကြွေနေပြီဆိုရင်တော့ ရဖို့ ကြိုးစားပေတော့၊ ဟဲ .. ဟဲ .. ဒီဂရီသေးလို့လည်း မရဘူးတဲ့နော်၊ မင်းရမယ့်ဘွဲ့ကလေးနဲ့ ဖြစ်ပါ့မလား"

မင်းသခင် ရယ်နေတာကို ကြည့်၍ ...

"သင်းနံ့သာ ကို ဒီကောင် တကယ်ကြွေတဲ့ရုပ်လား .. ကြည့်လည်း ကြည့်ပါဦး၊ အိကိုကကွင်းကိုတောင် ခါချခဲ့တဲ့ကောင်၊ ဟင်း.. မင်းသခင် ဆိုတဲ့အတိုင်း အကျိုးပေးကလည်း ထူးပ"

"အကျိုးပေးထူးပေမယ့် သင်းနံ့သာ ကို ဒီကောင် ဟံသာငယ် ရဲ့အကူအညီနဲ့ ချဉ်းကပ်တာကွ၊ ထူးများ ထူးခြားသလားလို့ပေါ့"

"မထူးဘူး .. ဒီပုံပဲ"

သူတို့ဟာ သူတို့ မေး၊ သူတို့ပဲ ပြော ..။

"ဟုတ်လား .. ထူးတဲ့ရုပ်က ဘယ်လိုကြီးလဲ .. ပြောပါဦး"





မင်းသခင် က ရယ်၍မေးလျှင် ...

"ဟောဒီမှာ မထူးဘူးလို့ ပြောတဲ့လူကို မေးလေ၊ ကြည်ပြာ ဆီက အဖြေရတဲ့နေ့က ဒီကောင် ဖြစ်လာတဲ့ပုံ၊ အိပ်ရာပေါ်မှာ ပက်လက်ကြီးလှန်ပြီး ပါးစပ်က သွားကြီးတွေနဲ့ စာအုပ်ထိပ်ကို တဆတ်ဆတ်ကိုက် .. မျက်လုံးကြီးက မျက်နှာကြက်က မီးဆိုင်းကြီးကို စူးစူးရဲရဲကြည့်ပြီး ကျွတ်ကျွတ် ကျွတ်ကျွတ်နဲ့ ဝါးစားပစ်ချင်တဲ့အကြည့်တွေနဲ့၊ ချက်ချင်း ဝက်ရူးထပြန်တော့မယ့်အတိုင်း .. မင်းက ဝက်ရူးမပြန်သေးဘူး"

"ခွေးသူခိုး .."

စိုးအောင် က ခြေထောက်နှင့်ထကန်လျှင် စိုင်းအောင် က လွတ်အောင် ထပြေး၏။ အားလုံး ဝိုင်းရယ်ကြလေသည်။

နောက်ထပ် မြားဦးက ဟံသာငယ် ဆီ ရောက်လာသည်။

"သခင် .. မင်း ခုတလော ဟံသာငယ် ဆီ မသွားတော့ပါလား၊ မင်းတို့ချင်း မခေါ်ကြပြန်ဘူးလား"

"ဟုတ်တယ်"

"မင်းတို့ကလည်းကွာ .. ကလေးကျနေတာပဲ၊ သူ့ခများ မင်း နိုင်းသမျှလည်း လုပ်ပေးနေရသေးတယ်"

"ဟိတ်ကောင် .."

မင်းသခင် မျက်နှာ ချက်ချင်းကြီး ပြောင်းလဲသွားကာ ပခုံးကို ဆောင့်တွန်းလိုက်သဖြင့် စိုင်းအောင် အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တိတ်ကျသွား၏။

"ဟသ်ာ ကို ငါ နိုင်နေတာ မဟုတ်ဘူးကွ၊ သူငယ်ချင်းချင်း အကူအညီတောင်းနေတာ .. တိုင်ပင်တာ၊ သူ အကြံပေးသလို ငါလုပ်တာ၊ မင်းတို့လိုလူတွေ အဲဒီလိုပြောလို့ အခု ဟသ်ာ ငါ့ကို မခေါ်တာ"

"ဘာဆိုင်လဲ"

"ဟုတ်တယ် .. မဆိုင်လို့ ရှင်းပြတာ ရကို မရတော့ဘူး၊ ဟသ်ာ က တစ်ခါတလေ တကယ် ခေါင်းမာတာ"

မင်းသခင် က ဟသ်ာ ပြောသည့်စကားတို့ကို သူငယ်ချင်းတွေကို ပြန်ပြောပြသည်။

အားလုံးက ဟသ်ာ ကို သနားကြလေသည်။

"ဒါ သူ့ဘက်က ပြင်သင့်တာပေါ့၊ တကယ်တော့ ဟသ်ာ က ရှုးရှုးဝါးဝါး လှတာကြီးမဟုတ်ပေမယ့် ကျက်သရေရှိပုံချင်းကျတော့ ဘယ်သူနဲ့မှ မတူဘူး၊ မျက်လုံးလေးက တစိမ့်စိမ့်ကြည့်လေ လှလေ၊ အဲဒါကို မိန်းမချင်း မနာလိုတာဖြစ်မှာပါ၊ မင်းက ဟသ်ာ ကို အရေးပေးတယ်၊ ဟသ်ာ နဲ့ပဲ တွဲတယ်၊ ဟသ်ာ က ချစ်စရာလေးဆိုတော့ မနာလိုပြီး ပြောကြတာ နေမှာ"

ဘေးက စိုးအောင် က ထွန်းထွန်း မေးဖျားကို သွားရည်သိမ်းသလို လက်ဖဝါးနှင့် တစ်ချက်သပ်၍ ...

"စိတ်ထိန်း .. စိတ်ထိန်း .. ဟသ်ာ လေးက သန့်သန့်လေးရယ်၊ မင်းရဲ့ရုပ်ကြမ်းကြီးနဲ့"





ထွန်းထွန်း မျက်နှာကြီးနီကာ စိုးအောင် လက်ကို ပုတ်ချသည်။

"ဘာလဲ .. ဒီသူတောင်းစားက"

"တီတောင်းကြားနဲ့ တိတယ်ရေ .. ဟဲ .. ဟဲ .. ကျစ်ကျရာရေးလို့ မကြောချေး"

စိုင်းအောင် က လက်ပရိုစီသံနှင့် ရွံစရာကောင်းအောင် ပြောနေသဖြင့် ထွန်းထွန်း ရှုံ့မဲ့သွားသည်။

"ချစ်စရာမို့ ချစ်စရာလို့ ပြောတာပေါ့ကွ၊ ဘာဖြစ်လဲ"

စိုင်းအောင် က မျက်စောင်းကြီးထိုးကာ ...

"သိသားပဲ .. အရိပ်တကြည့်ကြည့် ဖြစ်နေတာ"

တစ်ဆက်တည်း စိုင်းအောင် က မင်းသခင် ဘက်လှည့်ကာ ...

"သခင် .. မင်းကျတော့ ဟသ်ာ က သူ့သူငယ်ချင်းတွေနဲ့ ကူညီပေးတယ်၊ မင်းကလည်း .."

"စိုင်းအောင် .."

"ဟေ .."

"ဆက်မပြောနဲ့နော်"

"ဟ .."

"သူ့သဘောနဲ့သူ ထားတာမဟုတ်ဘဲ ငါကိုယ်တိုင် ဟသ်ာ ကို ချစ်သူရှာပေးတာမျိုး ဘယ်တော့မှ မလုပ်ဘူး"

"ဒါကတော့ ဟသ်ာ က ကျက်သရေရှိတယ် .. ဣန္ဒြေရှိတယ်၊ ပြီးတော့ သူ့နားမှာ မင်း ရှိနေတယ်၊ ဟသ်ာ ကို ဘယ်သူက လိုက်ရဲ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ"

"ဘာဖြစ်လဲ .. မိန်းကလေးဆိုတာ ရည်းစားမရှိလေ တန်ဖိုးမြင့်လေပဲ"

"ဟေ .."

စိုင်းအောင် က 'ဟေ ..'သံကြီးကို တမင်ရှည်ရှည်ဆွဲကာ မင်းသခင် ကို ပြုံးပြကြည့်သည်။

"မင်းက သူများညီမ၊ နှမတွေကိုတော့ သွားကြိုက်လိုက် .. ထားခဲ့လိုက်၊ ကိုယ့်ပစ္စည်းကျတော့ တယ်သိတတ်ပါလား"

မင်းသခင် က ဘယ်သူမှ ဂရုမစိုက်သည့်အပြုံးနှင့် ...

"ဒါကတော့ စောင့်ရှောက်ရမယ့်တာဝန် ရှိတယ်လေ"

"စောင့်ရှောက် .. စောင့်ရှောက် .. တော်ကြာ ဟသ်ာ အပျိုဟိုင်းကြီးဖြစ်ပြီး ယူမယ့်သူမရှိလို့ မင်း ယူ .."

"ဟိတ်ကောင် .."

မင်းသခင် က စိုင်းအောင် ပခုံးကို ခပ်ဆတ်ဆတ် ထိုးပစ်လိုက်သည်။

"မင်း အဲဒီစကားမျိုး နောက် ဘယ်တော့မှ မပြောနဲ့"

မင်းသခင် ကုလားထိုင်ကို ဆောင့်ကန်၍ ထွက်သွားလေသည်။

စိုင်းအောင် က အောင့်တက်သွားသည့် လက်မောင်းတစ်ဖက်ကို အုပ်ကိုင်လျက် ရှုံ့မဲ့နေသည်။

သူငယ်ချင်းတွေက သက်ပြင်းချနေသည်။





"မင်းကလည်း မင်းပဲ .. ဒီကောင့်စိတ်ကို သိရက်သားနဲ့"

"ဟင် .. ဟသ်ာ၊ ဟိုမှာ မင်းသခင် ရယ် .."

"ဟင် .. ဘယ်မှာလဲ"

ဟသ်ာ ကို လုံးဝမကြည့်ဘဲ စာသင်နေသည့်ဆရာကို ခွင့်တောင်းကာ အတန်းရှေ့ထိ လျှောက်ဝင်လာ၏။

"ဟသ်ာ .. နင့်အမေ မူးလဲလို့ ဆရာဝန် ခေါ်ထားရတယ်"

ဟသ်ာ ကိုလည်း ပြော .. ဆရာ့ဘက်လည်း လှည့်၍ ...

"ဟသ်ာ ကို ခေါ်သွားပါရစေ ဆရာ"

ဆရာ လှမ်းကြည့်တော့ ဟသ်ာ က ထရပ်ပြီးသား ဖြစ်နေသည်။

မေမေ နေမကောင်းလို့ အလုပ်ခွင့်တင်ထားရတာ သုံးရက် ရှိပြီ။ စိုးရိမ်စိတ်က အထွတ်အထိပ်ထိ တက်နေလေသည်။

ဆရာက ခွင့်ပြုတော့ ဟသ်ာ က ထွက်ပြီးသား ..။

"သခင် .. နင့်ကို ဘယ်သူလာပြောတာလဲ"

"မောင်မောင်မြင့် ပြောတာ"

မောင်မောင်မြင့် က ဟသ်ာ တို့ လမ်းထိပ်က ဖြစ်သည်။ ဟသ်ာ အကြွင်းမရှိယုံလျက် ဆိုင်ကယ်နား ရောက်လာလျှင် ...

"ဟင် .. ဆိုင်ကယ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဟာငါ ကျောင်းတက်ရင် ဘယ်တုန်းက ကားနဲ့ လာဖူးလို့လဲ၊ ကဲ .. တက်စမ်းပါ၊ ဒါ ချေးများရမယ့်အချိန် မဟုတ်ဘူး"

ဟသံာ မကျေမနပ်နှင့် တက်ထိုင်လိုက်တာကို ကြည့်၍ မင်းသခင် က မမြင်အောင် ပြုံးသည်။ ဆိုင်ကယ်နဲ့ဆို ဘယ်လမ်းမှ ခေါ်မရတဲ့ ဟသံာ ..။

ကျစ်ဆံမြီးကျစ်ထားသည့် ဆံပင်ရှည်ကြီးကို နောက်ပြန်ဆွဲယူ၍ ပေါင်ပေါ်တင်ထားကာ မင်းသခင် ခါးကို ဖက်ထားရသည်။

ဆိုင်ကယ် ဝေါခနဲ ထွက်လျှင် ...

"အမေ့!.."

အသံလေးတစ်ချက် ထွက်ကာ ခါးမှာ တင်းခနဲ ဖြစ်သွား၏။ မင်းသခင် မဲ့တဲ့တဲ့ပြုံးကာ ...

မှတ်ထား ဟသံာ ..၊ အဲဒါ မာနကြီးဦး။

"ဟသံာ .."

"ဘာလဲ"

"ငါ ခုနေ သင်းနဲ့သာ နဲ့ ချိန်းတွေ့မယ်ဆိုရင် ဘယ်သွားရင် ကောင်းမလဲ"

"ကိုယ်တွေ့မယ့်နေရာ ကိုယ့်ဟာကိုယ် ရွေးပေါ့၊ ဒီမှာ ရင်ပူနေရတဲ့အထဲ .."

"ပူမနေနဲ့ .. နင့်အမေ ဘာမှမဖြစ်ဘူး"

"ဘာ!..."





ဆိုင်ကယ်က လမ်းကြောင်းလွှတ်သည်နှင့် အရှိန် ပိုမြင့်သွားသည်။

"သခင် .. နင် သိပ်လူလည်ကျပါလားဟင်၊ ကောင်စုတ် ကဲ .. ကဲ ..."

"ဟိတ် .. နောက်မှ ထုနော်၊ ဆိုင်ကယ်ပေါ်က ပြုတ်ကျလို့ ယောက်ျားမရလိုက်ရဘဲ လျှောသွားဦးမယ်"

ဟသံာ က မင်းသခင် ကျောကြီးကိုထု၍ ဒေါသလည်း ဖြစ်၊ ရယ်လည်း ရယ်ချင် ..၊ တကယ့်ကို အတန်းထဲဝင်၍ ခပ်တည်တည် လိုမှ်ထုတ်လာတဲ့ ကောင် ..။

"ဟသံာ .."

"ဘာလဲ .."

"ငါ ဒီနေ့ သင်း နဲ့ ချိန်းထားတယ်ဟ၊ ဘယ်သွားရင် ကောင်းမလဲ"

"ကြိုက်တဲ့နေရာ သွားပါ၊ ငါ့ကို ပြန်ပို့ပေး"

"ဘယ်ရမလဲ .. နင်ပါ လိုက်ရမှာ"

ဆိုင်ကယ်က အင်းလျားကန်စောင်းမှာ ထိုးရပ်သွားသည်။ ဟသံာ က ဘုတ်ခနဲ ခုန်ချလိုက်သည်။

"သခင် .. နင်လုပ်တာတွေ အလုပ်မဟုတ်ဘူး သိလား၊ မကြိုက်ခင်က အကြောင်းမဟုတ်ဘူး၊ ခု ရည်းစားဖြစ်လို့ ချိန်းတွေ့တာတောင် ငါက ကန့်ကန့်လန့်လန့် လိုက်ရဦးမယ်၊ ဟိုတစ်ယောက်က ငါ့ကို ဘယ်လိုထင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း တစ်ခါတည်း ခိုးသွားပါတော့လား"

"မလိုအပ်သေးပါဘူး .. ရည်းစားထားတာက အပျော်ရှာတာ၊ လက်ထပ်တော့ ချစ်သူရှာမယ်၊ ငါ့မှာ ချစ်သူမရှိသေးဘူး"

ဟင်္သာ က တည့်တည့်ကြည့်၍ မဲ့သည်။

"ဟင်း .. ကိုယ့်ကိုယ်ကိုယ် သိပ်လည်လှပြီ ထင်မနေနဲ့၊ လူပါး ပလင်းကွဲရဦးမယ်"

"ဘယ်တော့မှ မရှဘူး၊ ငါက ရည်းစားများပေမယ့် ငါယူမယ့် မိန်းမက ရည်းစားတစ်ယောက်မှ ထားဖူးခြင်း မရှိ၊ တစ်ကိုယ်လုံး ဘာတစ်ခုမှ အပြစ်ပြောစရာမရှိ၊ ငါကိုယ်တိုင်က ထားစရာမရှိ ချစ်မှ"

"ရလိမ့်မယ် အားကြီး .. စောင့်သာနေ"

မင်းသခင် က ခေါင်းမော့ရယ်သည်။

"မိန်းကလေး တော်တော်များများနဲ့ ထိတွေ့ဖူးမှ မိန်းမတစ်ယောက်ရဲ့တန်ဖိုးကို သိတာ၊ ရည်းစားထားဖူးတဲ့မိန်းမဟာ အနည်းဆုံး လက်ကလေး ပါးကလေးတော့ အိုခဲ့တာပဲ၊ အဲဒါမျိုး ငါက ဆောရီးပဲ"

"ဒါဆို နင်က သင်းနံ့သာ ကိုလည်း အတည်မဟုတ်သေးဘူး ပေါ့"

ဟင်္သာ ရဲ့အသံက ဒေါသသံပါလာသည်မို့ ...

"ဒါ ပြောလို့တော့ ဘယ်ရဦးမလဲ .. အချစ်မှာ မျက်စိမရှိဘူး ဆိုတဲ့စကား ရှိသေးတယ်လေ၊ သူ့ကို ငါ ချစ်မိသွားရင်တော့ တစ်မျိုး ပေါ့"





"ဘယ်လိုမှ မထင်ဘူး၊ သူ သိတယ်"

"အဓိပ္ပာယ်မရှိတာဟာ .. နင် ငါ့ကို သူများအပြောအဆို ခံရအောင် သိပ်လုပ်တယ် သိလား၊ အရမ်းပဲ အနိုင်ကျင့်တယ်"

"ဒီလိုမပြောနဲ့နော် ဟင်္သာ .. နင် ငါ့ကို မခေါ်မပြောဘဲနေတာ ငါ ဘယ်လောက် ခံရခက်တယ် မှတ်သလဲ၊ ရည်းစားနဲ့ချိန်းတွေ့တာ တောင် မပျော်ဘူး၊ ဟိုပွဲစဉ်တွေတုန်းကတော့ နင်က ငါနဲ့အတူ အမြဲ လိုက်ပြီး ဒီတစ်ယောက်ကျမှ .."

"အဲဒီလို သွားခဲ့ လိုက်ခဲ့တာတွေကြောင့် ငါ အပြောခံရတာလေ၊ နင်ကတော့ ယောကျ်ားလေးပဲ ဘယ်နာမလဲ"

"ဒီလိုမျိုး မဟုတ်ဘူး၊ ရည်းစားနဲ့တွေ့တာ တွေ့တာပဲ၊ လှမ်း ကြည့်လိုက်ရင် မလှမ်းမကမ်းမှာ နင် ရှိနေတာမြင်မှ ငါ ကျေနပ်တာ၊ ခုတော့ ဘာလိုနေမှန်း မသိဘူး၊ လိုက်ခဲ့ပါ ဟင်္သာ ရာ .. နင်ကလည်း.."

"ဘယ်ကိုလဲ"

"နင် ရွေးလေ .."

"မြတ်စွာဘုရား .."

ဟင်္သာ က မျက်လုံးလေးပြူး၍ မော့ကြည့်သည်။

မင်းသခင် က ပခုံးတွန့်၍ ရယ်၏။

"ရည်းစားနဲ့တွေ့မယ့်နေရာ ငါ က ရွေးရမယ်"

"အင်းလေ .. ခါတိုင်းတော့ သူက ရွေးတာပဲ၊ အခု သူက ငါပြောတဲ့ဆီ လိုက်မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟင်္သာ က မျက်စောင်းထိုး၏။

စိတ်ကို ဇွတ်တင်းထားခဲ့လေမယ့် မတွေ့တာကြာတော့လည်း ကိုယ်လည်း မနေတတ်မထိုင်တတ် ဖြစ်ရသည်သာ ..။ မင်းသခင် လာလျှင် ပြေးပုန်း၊ ထွက်သွားတော့ မျက်ရည်လည် ..။

နင်နဲ့ငါနဲ့ အတူတူပဲလေ ..။

ဆိုင်ကယ်ပေါ်က ဆင်းလာသည့် ဟင်္သာ ကိုမြင်လျှင် အအေးဆိုင်မှာ ထိုင်စောင့်နေရသည့် သင်းနံ့သာ မျက်နှာလေး ဈက်သွားလေသည်။

တုတ်ခဲသော ကျစ်ဆံမြီးရှည်ကြီး ယိမ်းနွဲ့လျက် နံ့သာရောင် ပါတိတ်ဝမ်းဆက် ရင်စေ့လက်စကလေးကို ဝတ်ထားသည့် ဟင်္သာငယ် ဆိုသော မိန်းကလေးသည် ကကြီးပုံ မဟာဆန်ဆန် နဖူးပြောင်လေးနှင့် သိပ်မနက်လှသော မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ် အားလုံးတို့သည် လှသည်မဆိုသာပေမယ့် ထင်းနေအောင် ပေါ်လွင်နေသည်။

ပြီးတော့ မနိမ့်လှသည့်အရပ်နှင့် ခပ်သွယ်သွယ် ကိုယ်လုံးလေးက အချိုးညီနေသည်။

"သတိထား မိသင်း ရေ .. တားမရလို့သာ ကြည့်နေရတယ်၊ မင်းသခင် က ဘယ်ပန်းကိုမှ ပန်ဖို့ စိတ်ကူးရှိပုံ မပေါ်ဘူးနော်၊ ဟင်္သာငယ် ကိုလည်း လျှော့မတွက်နဲ့၊ ဆင်းရဲတာလေးတစ်ခုပဲ ရှိတာ၊ တစ်ကိုယ်လုံး ဘာမှအပြစ်မရှိဘူး၊ ပြီးတော့ သူ့ကို မင်းသခင် က လက်ကချတာ မဟုတ်ဘူး"





အသွင်ယ်ချင်းတွေက သတိပေးခဲ့ဖူးသည်။

ခုလည်း သူချိန်းတဲ့နေရာ ကိုယ်က တစ်ယောက်တည်း လာခဲ့တာ၊ သူက ဟင်္သာ ကို ဆိုင်ကယ်နောက်မှာ တင်လို့ ..။

"ဖေဖေ ရောက်လာလို့ ထွက်ရတာ မလွယ်တော့ဘူး သင်း ရေ.. အဲဒါ ဟင်္သာ နဲ့ အကြောင်းပြရတာ"

"ဪ .."

သင်းနံ့သာ က ဟန်ဆောင်ပြုံးလေးတင်၍ ခေါင်းညိတ်သည်။ ထိုစဉ် သင်းနံ့သာ ပြုံးပြုံးပျာပျာလေး ဖြစ်သွားကာ ...

"ဒုက္ခပါပဲ .. ဟိုမှာ ကိုကိုဇင် လာနေပြီ"

"ဟင် .. ဘယ်သူလဲ"

"သင်း ရဲ့အစ်ကိုဝမ်းကွဲ .. ဒုက္ခပါပဲ ယူရယ်၊ သင်း အတန်းလစ်ပြီး အပြင်ထွက်လည်နေတာ မာမီ့ကို ပြန်ပြောရင် မလွယ်ဘူး"

မျက်နှာတွေပဲ ငုံ့ထားရတော့မလိုလို ထွက်ပဲ ပြေးတော့မလိုလိုနှင့် သူတို့မြင်နေဆဲ အဲဒီတစ်ယောက်ကလည်း သူတို့ကို မြင်သွားကာ တည့်တည့်ဝင်လာသည်။

"ဟော့ .. သင်း၊ ညည်း ဒီနေ့ အတန်းမရှိဘူးလား"

"ဪ .. ကိုကိုဇင်၊ ဟို .."

သင်းနံ့သာ ထစ်အနေဆဲ ဟင်္သာ က မျက်နှာကလေးမော့ကာ...

"ဟုတ်ပါတယ် .. ဟင်္သာ တို့လည်း အတန်းရှိတာပဲ၊ ဒါပေမယ့် ဒီနေ့ ဟင်္သာ ရဲ့မွေးနေ့လေ .. ဒါကြောင့် သင်း ကို တမင်ဖိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဘုရားမှာ ပုတီးသွားစိပ်ပြီး ပြန်ဆင်းရင် မုန့်သွားစားကြဦးမှာ"

"ဟာ!… ဟော့ .. မင်းက ဟသာ်"

ကိုကိုဇင် ဆိုသူက ဟသာ် ကို တအံ့တသြကြည့်၍ မိတ်ဆွေဟောင်းကို တွေ့လိုက်သူလို ဝမ်းသာအားရပုံစံနှင့် …

"မင်း ကိုယ့်ကို မှတ်မိလား .. ဟိုတစ်ခါ ရွှေတိဂုံဘုရားရင်ပြင်မှာ တိုက်မိကြတာလေ"

"ဪ .. အင်း .."

ဟသာ် တကယ့်ကို မမှတ်မိတော့ခြင်း ဖြစ်သည်။

"ကိုကိုဇင် နဲ့ ဟသာ် က ဆုံခဲ့ဖူးသလား"

"သိတယ် .. သူ ဟသာ် ဆိုတာ၊ ဒါပေမယ့် ကိုယ့်ကိုတော့ သူ သိမှာမဟုတ်ဘူး"

ခုမှ အပူလုံးကျသွားရသည့်ပုံစံနှင့် သင်းနဲ့သာ က ရယ်ရယ်မောမော ဖြစ်လာသည်။

"ဟသာ် မှတ်ထားနော် .. သူက တို့ရဲ့အစ်ကိုဝမ်းကွဲ ခေါ်တာ ထွတ်မြတ်ဇင် တဲ့၊ တို့ကို ခင်သလိုပဲ ခင်ပါ၊ ကိုကိုဇင် က အရမ်းသဘောကောင်းတာ၊ အန်တီတို့က ပြည်မှာလေ၊ ကိုကိုဇင် က ရန်ကုန်မှာ တာဝန်ကျလို့ တို့ဆီမှာ လာနေတာ၊ ကိုကိုဇင် သူက မင်းသခင် တဲ့၊ သင်း လိုပဲ ဟသာ် ရဲ့အစ်ကိုဝမ်းကွဲလေ"

"ဟုတ်ကဲ့"

တပြုံးပြုံးကြည့်တတ်တဲ့ အဲဒီမျက်လုံးတွေကို ဟသာ် သိပ်





မကြည်ပေမယ့် လောလောဆယ် မင်းသခင် အတွက် ထွက်ပေါက် တစ်ခု ရစေဖို့ အလိုက်အထိုက် နေလိုက်ရသည်။

မင်းသခင် ကတော့ မရယ်မပြုံးမျက်နှာနှင့် ရှိနေသည်။

ဗိုလ်တထောင်ဘုရားမှာ စိပ်ပုတီးကျနေခဲ့လို့ဟု အကြောင်းပြ၍ ဘုရားရှိခိုး၊ ပန်း၊ ဆီမီး လှူ ဒါနပြုရတာက ကောင်းပေမယ့် ဟန်ဆောင်နေရတာမို့ စိတ်က မလုံ ..။

စကတည်းက ဗိုလ်တထောင်ဘုရားဖူးရင်း ကမ်းနားလမ်းမှာ လမ်းလျှောက်ဖို့ စီစဉ်ထားတာ ခုတော့ နမကိုလည်း ဂရုမစိုက်တော့ဘဲ ထွတ်မြတ်ဇင် က ဟသာ် နားမှာ တကပ်ကပ် ..။

အလိုလိုနေရင်း အတွဲလေးနှစ်တွဲ ဖြစ်သွားရသည်။

"ဟသာ် ကိုယ့်ကို လိပ်စာတော့ ပေးပါနော်၊ ကိုယ် အိမ်လာလည်ပါရစေ"

"ဟသာ် တို့က ဆင်းရဲပါတယ် ကိုထွတ်မြတ်ဇင်၊ ဒါပေမယ့် စည်းကမ်းကြီးတယ်၊ မေမေက အိမ်ကို ဘယ်ယောကျ်ားချွေသည်မှ လာတာ မကြိုက်ဘူး"

"ဒါဆို မိသင်း ကို ခေါ်လာမှာပေါ့၊ ကိုယ် မင်းကို ဘုရားမှာ ဆုံပြီးကတည်းက ရေစက်ဟောင်းရှိခဲ့ရင် ထပ်တွေ့ပါရစေလို့ ဘုရား ပြန်ရောက်တိုင်း ဆုတောင်းမိတယ်၊ ဒီနေ့ ကိုယ့်ဆုတောင်း ပြည့်ပြီ"

သူ့စကားက ဘာလိုလို ..၊

ဟသာ် ကတော့ မျက်နှာလေးကို အတတ်နိုင်ဆုံး တည်ထားကာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးချင်စိတ်ပင် ပေါက်နေမိလေသည်။ ဒါကို မင်းသခင် က လှမ်းကြည့်ဖြစ်လျက် ...

"ယူ ဘယ်လို ဖြစ်နေတာလဲ .. စကားပြောရတာ အသက်မပါ လိုက်တာ၊ သင်း မေးတာ ကြားရဲ့လား"

"ကြားပါတယ် .. တို့မိဘဘက်က အခြေအနေကို မေးတာ မဟုတ်လား"

"ဟုတ်တယ်"

"ဖေဖေတစ်ယောက်ပဲ၊ ကျန်တဲ့လူတွေက တို့သဘောပါ"

"ဒီနှစ်ဆို ကျောင်းပြီးပြီ၊ ယူ ဘာဆက်လုပ်မယ် စဉ်းစားလဲဟင်"

"ဘာကို မေးတာလဲ"

"သင်းတို့ကိစ္စလေ .."

မင်းသခင် စိတ်ညစ်သွားသည်။

ဟိုတစ်ယောက်က ဟင်္သာ နားမှာ ပက်ကျိလိုကပ်လျက် ရေပူရေချမ်း ကမ်းလှမ်းနေတာ ပျာယာခတ်လို့ ..။ ဟင်္သာ များ စိတ်ညစ်နေမလား ..။

ဒါမှမဟုတ် ဒေါက်တာတစ်ယောက်ဆိုတဲ့ အထင်ကြီးမှုနဲ့ သာယာနေမလား ..၊ စိတ်နဲ့လူက မကပ်ချင်တော့။

သင်းနဲ့သာ ကလည်း စကားတွေ ပြောမကုန်နိုင် ..၊ ဘုရားဆီ လှမ်းကြည့်၍ မင်းသခင် အာရုံတွေ များနေမိသည်။

"ယူ .. ဟင်္သာ ကို စိတ်မချ ဖြစ်နေသလား"





ထိန်းမရအောင် ပျက်နေသည့် သူ့မျက်နှာကို သင်းနဲ့သာ က တည့်တည့်ကြည့်၍ မေးသည်။

မင်းသခင် က ထူးခြားတုန်လှုပ်ဟန် မပြပါ ..။

"ဟုတ်တယ် .. သူက တို့ကြောင့် ဟိုတစ်ယောက်ကို ထိန်းပေးထားရတာလေ၊ အနေကျပ်နေမှာ စိုးလို့"

"ကိုကိုဇင် က လူကြီးလူကောင်းတစ်ယောက်ပါ ယူ၊ ဟင်္သာ ဘာမှဖြစ်မသွားနိုင်ပါဘူး၊ ယူ စိတ်မချနိုင်ရင်လည်း ပြန်မယ်လေ"

မင်းသခင် က သင်းနဲ့သာ မျက်နှာကို ချစ်စနိုးမျက်ဝန်းများနှင့် စိုက်ကြည့်ကာ ပခုံးလေးကို ဖက်ထားလိုက်သည်။

"ဒေါသဖြစ်နေလိုက်တာ .. နှုတ်ခမ်းလေးက အသည်းယားဖို့ ကောင်းတယ်ကွာ"

"အို .. ယူနော် .."

သင်းနဲ့သာ ဒေါသတွေ ဘယ်ဆီ ပြေးလွင့်ကုန်မှန်း မသိတော့။ မင်းသခင် ရဲ့ အနမ်းရိုင်းများကြားမှာ တိမ်းမူးလွင့်မျောလျက် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"နှင် ပြောတဲ့အတိုင်းဆို မင်းသခင် နဲ့ ဟာသ်ာ က ရိုးရဲ့လား ဟင်"

"ဟာသ်ာ ဘက်က ရိုးသားတာတော့ ငါ သိတယ်၊ သူ့ကိုတော့ ငါ မယုံဘူး"

သင်းနံ့သာ က ရင်ထဲရှိတဲ့အတိုင်း ပြောသည်။

"ပြီးတော့ သူ့အုပ်စုထဲက အသံထွက်လာတယ်ဟ၊ မင်းသခင် က ဟာသ်ာ ကိုထိရင် နည်းနည်းမှ မခံဘူးတဲ့၊ ပြီးတော့ အိမ်မှာဆိုလည်း ဟာသ်ာ စကားဆို မိဘစကားထက်တောင် အလေးထားတယ်တဲ့"

သူတို့အုပ်စု ခေါင်းချင်းဆိုင်၍ ရသမျှသတင်းတွေ ဖလှယ်နေကြသည်။





မင်းသခင် နဲ့ပတ်သက်သမျှ ကြားရချက်က မကောင်း ...။

"ဟဲ့ .. နှင်တို့ ကြားမိလား၊ ပန်ဒါချစ် ဆိုတဲ့ မော်ဒယ်တစ်ယောက်ကို"

"သိသားပဲ၊ မင်းသခင် နဲ့ငြိခဲ့တာ၊ သူနဲ့ငြိခဲ့ဖူးသမျှ လိုက်ရေနေလို့ကတော့ ဇလာစာအုပ်တစ်အုပ်လုံးက စာမျက်နှာတွေတောင် လောက်မှာ မဟုတ်ဘူး"

"အဲဒါကို ဒီမိန်းမက ကြိုက်ရဲသေးတယ်"

မြားဦးက သင်းနံ့သာ ဘက် လှည့်လာသည်။

"ဒါနဲ့ နေပါဦး .. ပန်ဒါချစ် က ချစ်လိုက်တာမှ မူးနေတာပဲ၊ အဲဒီတစ်ယောက်ကို သူက ဘာဖြစ်လို့ ခါပစ်ခဲ့တာလဲ၊ မကာင်းကြဘူးလို့တောင် ကြားတယ် .. ဟုတ်လား"

"အဲဒါ မဖြစ်နိုင်ပါဘူးဟာ .. ငါ မယုံဘူး"

သင်းနံ့သာ က မယုံပေ ...။

သူက လက်တွေ့လေ၊ အခု ချစ်သူတွေဖြစ်ခဲ့ကြသည့်သက်တမ်း တစ်လျှောက်မှာ မင်းသခင် ဘက်က မည်သည့်တောင်းဆိုမှုမှ မရှိ..။

ဟိုနေရာ လာပါ၊ ဒီနေရာ တွေ့မယ်ဆိုတာမျိုး ဘယ်တော့မှ မချိန်းဘူး၊ သူတို့နှစ်ယောက် တွေ့ကြလျှင် ရုပ်ရှင်ရုံ၊ ပန်းခြံ၊ အင်းလျားကန် ဒါလောက်ပဲ ဖြစ်သည်။

တစ်ခါတလေဆို နှစ်ယောက်အတူတူ ထိုင်နေလျက် ချစ်သူကို အနားထားပြီးများ မေ့နေသလား မသိ ...၊



www.burmeseclassic.com

www.burmeseclassic.com



ငေးနေ တွေးနေတတ်သေးသည်။

ဒီလိုလူမျိုးက မိန်းကလေးတစ်ယောက်ကို ဖျက်ဆီးတတ်တဲ့ အကျင့် ရှိပါ့မလား ..။

"အေးလေ .. ဟုတ်သည်ရှိ မဟုတ်သည်ရှိ မင်းသခင် က ချော သလောက် နာမည်ကလည်း ကြီးပါ၊ နင် သတိထားဖို့ ပြောတာ"

"ငါ သူ့ကို မထင်မှတ်ဘဲ တအားကို ချစ်သွားတာ"

"ဒါပဲလေ .. မင်းသခင် က ဘယ်ပန်းကိုမှ မမီတာ မရှိခဲ့ဘူးပဲ၊ သူနဲ့ငြိသွားတဲ့မိန်းကလေးတိုင်း ဒီလိုဖြစ်မှာပဲ၊ သူ ပြုံးတာ၊ ကြည့်တာ ကအစ ကဗျာတစ်ပုဒ် ဖြစ်နေတာ၊ လူမမြင်ဘဲ နာမည်ကြားတာနဲ့ သူ့ရှေ့ ပြေးပြီး ဒူးထောက်ရတော့မလိုလို"

"နင် အဲလို ဖြစ်ဖူးလား"

"ဖြစ်ဖူးပါဘူး .. အားလုံးအစား တွေးမိတာပါ၊ ငါ့ရုပ်မျိုးကြီးနဲ့ စိတ်ကူးယဉ်စရာလားလို့"

မျက်နှာ အနည်းငယ်ပြားလျက် ဝတုတ်တုတ်လေးမို့ ဒေဝီ အပြောကို အားလုံးက ပြုံးမိကြလေသည်။

"သင်း .."

"ဟင် .."

"နင်က ချစ်နေပြီဆိုလည်း လက်ထပ်ဖို့ပြောလေ .. ကျောင်းက ပြီးနေပြီ၊ တော်ကြာ သူများတွေ အလားတူ စာရင်းထဲ နင် ပါသွားဦး မယ်"





"သူ့ကို စပြောရမှာကျတော့ ရှက်တယ်ဟ"

"သူက လက်ထပ်ဖို့ မပြောဖူးလား"

"ဟင့်အင်း .. သူ့မိဘဘက်က ပြဿနာမရှိဘူးလို့ ပြောတာပဲ"

"ဒါဆို မဆိုးပါဘူး၊ နင့်မားသားကြီးကရော .."

"မားမီကို ငါ စကားတော့ စကြည့်တယ်၊ မားမီက ရုပ်ရှင်ပရိဂျူ ဆာပီပီ သူ့ကို သိနေတယ်ဟ၊ သဘောကျပုံလည်း ရတယ်၊ ငါလည်း သူက ရုပ်ရှင်ရိုက်ဖို့ အစီအစဉ်ရှိတယ်ဘာညာနဲ့ ဖြီးထားရတာပေါ့"

"နို့ .. သူက မရိုက်ဘူးတဲ့လား၊ ထုတ်ဝေရေးတွေက ကမ်းလှမ်း တော့ ကျောင်းပြီးမှ ဆို .."

သင်းနုံ့သာ ခေါင်းခါသည်။

"သူ့အဖေက လုံးဝ မကြိုက်ဘူးတဲ့၊ စီဒီရိုက်တာတောင် မသိလို့ ဆိုပဲ"

"ဘာပဲဖြစ်ဖြစ် လက်ထပ်ဖို့ ကြိုးစားဟာ၊ အစကတော့ ငါတို့က စိုးရိမ်လို့ တားကြတာ .. ခုတော့ ဖြစ်စေချင်တယ်၊ နင်လည်း ကြိုက် နေပြီပဲ၊ သူ့ရဲ့မဟေသီဖြစ်အောင် ဆက်လုပ်၊ ပြီးတော့ ဒင်း ပွေခဲ့သမျှ ကောင်းကောင်း ပညာပေးပစ် .."

"အံမယ် .. မိန်းမရပြီး ဆက်ပွေနေရင် ဘယ်လိုလုပ်မလဲ"

"ဒါကတော့ သူ့အရည်အချင်းပဲလေ"

သူငယ်ချင်းတွေ ပြောစကားထဲမှာ သင်းနုံ့သာ ရင်ခုန်သံတွေ မြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သလိုလို ရှက်သလိုလို ..။

မင်းသခင် ရဲ့ ရည်းစားသက်တမ်းထဲမှာတော့ ကိုယ့်လောက် ဘယ်သူနဲ့မှ မရှည်ကြာခဲ့ဘူးတဲ့။

ကိုယ်ဟာ ဒီပြင်နေရာအားလုံးမှာ ပန်းဘုရင်မပါ သူရယ် .. ဒါပေမယ့် မင်းသခင် ရဲ့ရှေ့မှာတော့ ..၊

သင်းနံ့သာ ရဲ့လက်ကလေးတွေ ကက်ဆက်ခလုတ်လေးပေါ်မှ လှုပ်ရှားသွားသည်။

စပျစ်သီးစားနေသော၊ ပန်းသီးနွှာနေသော ဒေဝီ တို့က သူ့ကို လှမ်းကြည့်နေကြသည်။

ကက်ဆက်ထဲမှ သံစဉ်လေးတွေ လွင့်ဝဲလာလျှင် သူတို့တွေ မျက်နှာတွေ ပင့်၊ နှုတ်ခမ်းမဲ့ ..။

ခနဲ့မောင် xxx အကြောင်းတွေကို xxx လှတိုင်းတာ ပြောပြီ xxx မရောရာ တဲ့ သမီးရည်းစားဘဝမှာ ယောင်လယ်လယ်နဲ့ မေ့အဖြစ်တာ xxx ဒီလိုနဲ့ပဲ xxx အရိုးထုတ်ခဲ့ xxx တံတွေးခွက်မျောတော့မှာ xxx အချိန်တွေ ဆွဲနေတာ xxx ဘာကြောင့်လဲ မောင်ရာ xxx ဘာလဲxxx အသစ်တွေလို့ နေလား xxx အို xxx မောင့်အကြိုက် xxx မောင် လိုအင်တွေကို xxx ငြိုငြင်တာမရှိဘူးxxx မက ခွင့်လွှတ်ခဲ့တယ် xxx ချစ်တဲ့စိတ်တစ်ခုနဲ့ xxx မောင့်ရဲ့ အကြိုက်လိုက်ပေတော့ xxx မမှာ စိတ်အားငယ် xxx မောင်မုန်းရင် xxx ဘယ်လိုနေရမှာ xxx ဘယ်လို





နေရမလဲ xxx ချစ်တဲ့စိတ် ကြိတ်မှိတ်လို့မြေ xxx မောင့်အတွက်နဲ့ xxx မအသည်းတွေ xxx ကြေတွဲ xxx တမြေ့မြေ့ကျွမ်းပြီကွယ် xxx

မေဆွိ ရဲ့ မရဲ့မောင် သီချင်းလေးကို ခံစားရင်း မျက်ဝန်းထဲမှာ မင်းသခင် ရဲ့အရိပ်က ပြေးဆော့လျက် ..။

"ဟယ် .. ကင်န်တင်းမှာ သခင် တို့ပါလား"

ဟသ်ာ နောက်ပြန်လှည့်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ဟသ်ာ .."

မင်းသခင် က လှမ်းမြင်ကာ ချက်ချင်း ထလာသည်။

"အဖော်မပါဘူးလား"

"ဟင့်အင်း .. ရီရီ ဒီဘက်သွားတယ်ဆိုလို့၊ ငါ သွားတော့မယ်"

"ဘာမှ မစားရသေးဘူး မဟုတ်လား၊ တစ်ခုခု စားလေ"

"မစားတော့ဘူး"

ဟသ်ာ က ခြေလှမ်းတပြင်ပြင် ဖြစ်နေသည်။ မင်းသခင် သွားရာ တောက်လျှောက် ကပ်ပါတတ်ကြသည့် မျက်လုံးတို့က ဟသ်ာ ကိုပါ ရစ်ခြုံလာကြသည်။

အဲဒီမျက်လုံးတွေကိုပဲ ရင်မဆိုင်ချင်တာ ..၊ သို့သော် မင်းသခင်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဂရုမစိုက်စွာ ...

"မရဘူး .. စားပြီးမှ သွား .. လာ .."

မရမက ဆွဲခေါ်တော့မည့်ပုံမို့ ဟင်္သာ ငြိမ်နေလိုက်ရသည်။

"ဟိုမှာ နင့်သူငယ်ချင်းတွေ လှမ်းကြည့်နေတယ်"

"ကြည့်ကြည့်ပေါ့"

မင်းသခင် နဲ့ ဟင်္သာ က အစွန်ဆုံး စားပွဲမှာ ထိုင်လိုက်ကြသည်။

"နင် ဘာစားမလဲ .. ဗိုက်ဆာရင် မြီးရှည် စားပါလား"

"ဟင့်အင်း .. အအေးပဲ သောက်တော့မယ်၊ နင်ရော .."

"ငါက စားပြီးပြီ"

မင်းသခင် က ကုလားထိုင်မှာ မှီ၍ စီးကရက် ထုတ်သောက်သည်။

"သခင် .."

"ဟင် .."

မင်းသခင် က မေးဆတ်ထိုးသည်။

"နင် အဲဒီစီးကရက်တွေ သောက်လှချည်လား၊ ဘာလဲ စတိုင် ထွင်တာလား"

"မဟုတ်ပါဘူးဟာ .. ကြိုက်လို့ပါ၊ စတိုင်လ်ထွင်စရာ လိုလို့လား"

"ကြိုက်တာလည်း အန္တရာယ်ရှိတာပဲ၊ မသောက်နဲ့ .."





"ဘလိုင်းကြီးပါလား"

မင်းသခင် က ပခုံးတွန့်သည်။

"အိမ်မှာ စီးကရက်မသောက်ရလို့ ဒီကျမှ သောက်ရတာ၊ ဆရာလာလုပ်မနေနဲ့"

"ပြီးရော .. ဆရာလုပ်တယ်ထင်ရင် မပြောဘူး"

ဟင်္သာ က အအေးပုလင်းကို ဆွဲယူကာ ပိုက်တံလေးကို နှုတ်ခမ်းမှာတေ့၍ တစ်ငုံသောက်၏။

"ဟင်္သာ .. နင့်ကို ဟိုနေ့က အတင်းကြီးလိုက်ရောနေတဲ့ ဒေါက်တာ ထွတ်မြတ်ဇင် ဆိုတဲ့ ဘဲက နင်နဲ့ ဘယ်မှာ သိခဲ့တာလဲ"

မင်းသခင် က မေးရင်း စီးကရက်ကို မြေပြင်မှာ ပစ်ချ၍ ဖိနင်းပစ်လိုက်သည်။

"ရွှေတိဂုံဘုရားမှာလေ .. နင်နဲ့ သင်းနဲ့သာ စတွေ့တဲ့နေ့ကပေါ့၊ သူနဲ့တိုက်မိပြီး ငါ့နဖူးတောင် ရောင်သွားတယ်"

"အဲဒီလောက် တိုက်မိအောင် နင်က ခုန်ပေါက် ဆော့နေလို့လား"

မင်းသခင် မျက်နှာက ခပ်တည်တည် ဖြစ်သွားသည်။

"မဟုတ်ဘူးဟဲ့ .."

ဟင်္သာ က ဖြစ်ပုံကို ရှင်းပြကာ ...

"အလကားပါ .. ငါဖြင့် ကြည့်လို့ မရပါဘူး၊ အဲဒီနေ့က နင့်ကြောင့် သိလား .. စတွေ့တဲ့နေ့ကလည်း နင့်ကြောင့်ပဲ၊ နင်ဟာ ငါ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် အကျိုးမပေးတဲ့ လူတစ်ယောက်ပဲ"

"ဘာပြောတယ်ဟ"

မင်းသခင် ဒေါပွသွားသည်။

"ဟုတ်တယ်လေ .. နင့်ကြောင့် အဲဒီလူကြီးနဲ့ ငါ ဆုံရတာ၊ အခု နင့်ကြောင့်ပဲ ထပ်တွေ့ပြီး အိမ်လည်လာဖို့တွေဘာတွေ စီစဉ်နေပြီ"

"သူက နင့်ဆီ လာလည်မယ်တဲ့လား"

"ဟုတ်တယ် .. အဲဒါ နင့်ကြောင့်၊ ငါ့အလိုဆို စကားလက်ခံပြောစရာ အကြောင်းကို မရှိဘူး"

မင်းသခင် ငိုင်ငိုင်ကြီး ဖြစ်သွားသည်။ ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိ ..။

ထို့စဉ် ...

မင်းသခင် ရုတ်တရက်ကြီး ပိုက်ဆံရှင်း၍ ကပျာကယာ ထကာ ...

"လာ .. ဟိုဘက်သွားရအောင် .."

"ဟင်!..."

ဟသ်ာ ဘုမသိဘမသိ ထလိုက်ရသည်။

မင်းသခင် သွားတဲ့နောက် လိုက်လာခဲ့ရသည့်တိုင် ဘာမှန်း မသိ..။

"ဟဲ့ .. ခဏနေပါဦး၊ ဘာဖြစ်တာလဲ .. အသည်းအသန်"





"သင်းနဲ့သာ လာတာမြင်လို့"

"ဟင်!..."

ဟသ်ာ မျက်ခုံးလေး ပင့်တက်သွားသည်။

"နင်နဲ့သူ့ အဆင်မပြေဘူးလား"

"ပြေပါတယ်"

ကုံကော်တန်းတွေဘက် ရောက်လာတော့မှ မင်းသခင် က ခြေလှမ်းကို လျှော့ချပစ်ကာ ...

"သူ ငါ့ကိုတွေ့ရင် ငါ မဖြေနိုင်တာကို မေးမှာ၊ အဲဒါ စိတ်ညစ်လို့"

"ဘာလဲ .. သူက ဘာမေးထားလို့လဲ"

"ကျောင်းပြီးရင် လက်ထပ်ဖို့"

နှစ်ယောက်သား ခဏမျှ ငြိမ်ကျသွားကြသည်။

"ဒါကတော့ ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်တဲ့သူကို လိုချင်တာပဲ၊ နင်လည်း ပေါ့ပျက်ပျက်သဘောထားတာတွေ ဖျောက်ဖို့ သင့်ပါပြီ"

"နင်က သင်းနဲ့သာ ကို ငါက လက်ထပ်စေချင်တာလား"

"သင်းနဲ့သာ ပဲဖြစ်ဖြစ် ဘယ်သူပဲ ဖြစ်ဖြစ် နင် တကယ် လက်ထပ်ဖို့ စိတ်ကူးတယ်ဆိုရင် ကောင်းတာပဲ"

မင်းသခင် က ခုံတန်းပြာလေးမှာ ဆောင့်ခနဲ ထိုင်ချလိုက်သည်။

"နင်က ငါ့ကို အိမ်ထောင်သည်တစ်ယောက် ဖြစ်စေချင်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"မဟုတ်ပါဘူး .. ဒါပေမယ့် နင် အခု နာမည်ပျက်နေတာတွေ ရပ်တန့်သွားအောင်"

"သွားစမ်းပါ .. အဲဒီနာမည်ပျက်တယ်ဆိုတာကြီး .."

"နင် သင်းနဲ့သာ ကို မချစ်ဘူးလား"

"လာပြန်ပြီ"

"ဘာလာတာလဲ၊ ငါမေးတာ မှားနေလို့လား"

"ဟသ်ာ .. နင် ငါ့ကိစ္စတွေကို ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ"

"ဟင် .. နင်ပဲ ငါ့ကို လာပြောတာလေ"

"မပြောတော့ဘူး၊ နင်လည်း မမေးနဲ့"

"ဒါဆို ပြီးတာပဲ၊ ငါ သွားတော့မယ်"

"နေပါဦး .."

မင်းသခင် က ဟသ်ာ လက်ကလေးကို ဖမ်းဆုပ်ထားလိုက်သည်။

"ခဏနေပါဦး .. ပြန်ထိုင်"

"ဖယ်စမ်းပါ"

ဟသ်ာ ပြန်ထိုင်လိုက်ရသည်။

"ဟသ်ာ .."

"ဘာလဲ"





"သင်းနဲ့သာ က ရွတ်ကြီးဖြစ်နေပြီ၊ ငါ ဘယ်လိုလုပ်ရမလဲ"

"နင့်အကြောင်း သိလို့ နေမှာပေါ့၊ ကျောင်းပြီးဖို့က ရက်ပိုင်းပဲ လိုတော့တာကို"

"ငါ သူ့ကို သံယောဇဉ်တော့ ဖြစ်မိသလိုပဲ၊ သူက စိတ်တိုတတ်တာကလွဲရင် ငါပြောသမျှ ယုံတယ်၊ အဲဒါလေးကို သနားတာ"

"လက်ထပ်လိုက်ပေါ့ဟာ"

"အဲဒီလောက်ထိလည်း ရင်ထဲမှာ မရှိဘူး"

"ကြည့်ပါလား .. ငါပြောတော့ နေရာတကာ ပါတယ်ဖြစ်ဦးမယ်၊ နင်ကိုက ပွေချင် ရှုပ်ချင်တာ"

"မဟုတ်ဘူး .. အဲဒါ နင့်ကြောင့် .."

"ဘာ!..."

"ဟုတ်တယ် .. နင်ကတော့ လွတ်လွတ်လပ်လပ်ကြီး ကျန်ခဲ့ပြီး ငါကတော့ အိမ်ထောင်သည်ကြီး ဖြစ်ရမယ်၊ အဲဒါကို လုံးဝ လက်မခံနိုင်ဘူး၊ ပြီးတော့ မိန်းမတွေက သဝန်တိုတယ်ဟ၊ မပိုင်သေးဘဲနဲ့ တောင် ဟိုဟာမလုပ်ပါနဲ့ .. ဒီလို မနေပါနဲ့နဲ့၊ နင်နဲ့ငါ ခုလို လွတ်လွတ်လပ်လပ် ဆက်ဆံခွင့်ရတော့မှာ မဟုတ်ဘူး"

"ဒါကတော့ ကိုယ့်မိန်းမနဲ့ကိုယ် နေပေါ့၊ သဘာဝပဲ"

"ငါက အဲသလို မနေနိုင်ဘူး .. မိန်းမလိုချင်တာက သပ်သပ်၊ နင့်ကို ခင်တာက သပ်သပ်၊ နင်နဲ့ပတ်သက်လို့ ချုပ်ချယ်ပြောဆိုလာရင် ငါ ခံနိုင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့စိတ်ကို ငါ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ မိန်းမရသွားလည်း ငါက နင်နဲ့ အခုလို နေချင်တာ ..''

''မဟုတ်တာ ..''

''ဟသ်ာ''

''ဘာလဲ''

''နင် ငါ့ကို ငါခင်သလို မခင်ဘူးလား''

''ဘာဆိုင်လို့လဲ''

''မေးတာကို ဖြေ''

''ခင်တာပေါ့''

မင်းသခင် က ပြုံးသည်။

''ငါ့ရည်းစားတွေထက် နင့်ကို ငါ ပိုချစ်တယ်၊ အဲဒါ ပွင့်ပွင့်လင်းလင်း ပြောတာ၊ သူတို့နားမှာ နေရတာထက် နင်နဲ့ ခုလို ရန်ဖြစ်လိုက် ပြန်တည့်လိုက်နေရတာလေးကို ပျော်တယ်၊ သူတို့ စိတ်ကောက်ရင် ငါ စိတ်မရှည်ဘူး၊ နင် မခေါ်ရင် နေကို မနေတတ်တာ''

ဟသ်ာ မျက်နှာလေး နီလာသည်။

စကားတွေက ဘယ်လမ်းကြောင်းထဲ ရောက်ကုန်ပြီမှန်း မသိ..။

မင်းသခင် က အမှုအရာမပျက်ပါ။

''မိန်းကလေးတွေက ရည်းစားထက် သူငယ်ချင်းကို ပိုချစ်တယ် ဆိုတာကို လက်မခံချင်ဘူးဟ၊ ငါကတော့ နင်နဲ့ ငါ့ရဲ့သံယောဇဉ်ကို နားလည်နိုင်မယ့် မိန်းမကိုပဲ ယူမယ်''

''အဓိပ္ပာယ်မရှိတာဟာ ..၊ ဘယ်မိန်းမမှ ကိုယ့်ယောကျ်ားက





တခြားမိန်းမတစ်ယောက်ကို အခွင့်အရေးပေးဆက်ဆံနေတာ သဘောကျမှာ မဟုတ်ဘူး၊ ဒါကြောင့် ပြောတာပေါ့၊ နင်နဲ့ ငါ ခုတည်းက..''

''ဆက်မပြောနဲ့နော် ဟသ်ာ .. ငါ့နားမှာ နင် မရှိလို့ လုံးဝမဖြစ်ဘူး၊ အဲဒါ သေချာတယ်''

''ဒါပေါ့ .. ငါ့လောက် နင် ဘယ်သူ့ကိုမှ မနိုင်းရဲတာ''

''ဟသ်ာ ..''

''ဘာလဲ''

''နင် ငါ့ကို ရန်စမနဲ့နော်''

''ဟုတ်တာ ပြောတာပဲ''

''နင် ငါ့ကို အဲသလို ကြပ်ကြပ်ပြော ..၊ ငါ ရှုံ့လုပ်မိလိမ့်မယ် သိလား''

''နင်က ဘာလုပ်ချင်သေးလို့လဲ''

''နင့်ကို နိုးပြေးမှာ ..''

''ဘာ!... ဘာ ..''

ဟသ်ာ မျက်နှာ နီရဲတင်းမာသွားသည်။

''နင်ခိုးတိုင်း ရမလား ..၊ သခင့် နင် စကားကို ရောက်သမျှ ပေါက်သမျှ မပြောနဲ့နော်၊ လူကြားလို့မကောင်း''

မင်းသခင် က မဲ့သည်။

''နင်လည်း နိုင်းတယ်ဆိုတဲ့စကား ထပ်မပြောနဲ့၊ ငါက ပတ်ဝန်းကျင်ဆိုတာကို ခေါင်းထဲ သိပ်ထည့်တာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ ရွတ်တွတ်တွတ် ဂျစ်ကန်ကန်နဲ့၊ ဘာမှန်းကို မသိဘူး"

မင်းသခင် က နာရီကြည့်၍ လေးပင်စွာ ထရပ်လိုက်သည်။ နှစ်ယောက်ယှဉ်၍ အတန်းတွေရှိရာ ပြန်လာခဲ့ကြသည်။

"ဟိုဒေါက်တာ လာရင် နင် ဘယ်လိုလုပ်မလဲ"

"လာပစေပေါ့ .. ကိုယ့်အိမ်လာမှတော့ နင်လွှတ်လို့ရမလား"

"ဒီဘဲ နင့်ကို လုံးဝ မရှိးသားဘူး"

"ကောင်းတာပဲ .. သူလည်း ဆရာဝန်ပဲဟာ၊ အဲဒီတော့ နင် စောစောကပြောသလို ငါလည်း လွှတ်လွှတ်လပ်လပ် မကျုန်ခဲ့တော့ဘူးလေ .. နင်က သူ့ညီမကို ယူ၊ ငါက အစ်ကိုနဲ့ပေါ့"

သခင် မျက်နှာကြီး စူတင်းနေပုံကို ခပ်ဖွေဖွေလေးကြည့်ကာ ဟသ်ာ စနေသည်။

မိန်းမတွေကိုကျတော့ သူတို့စိတ်တဲ့ ..၊ သူ့ကျတော့ရော့ စိတ်က လက်တစ်ဆစ် ..။

---

"သင်း ကို ယူ တကယ်ချစ်ရဲ့လားဟင်"

"ဘာဖြစ်လို့ မေးတာလဲ သင်း ရာ .. ရည်းစားသက်တမ်းပဲ ကြာလှပြီ၊ မေးစရာ လိုသေးလို့လား"





"ဒါကတော့ ချစ်တဲ့စကားဆိုတာ အကြိမ်တစ်ရာမက ကြားနေရလည်း ရိုးနိုင်တာမျိုးမှ မဟုတ်ဘဲ၊ ပြီးတော့ ယူက ချစ်သူဝိုင်းဝိုင်း လည် .."

မင်းသခင် က ပြုံး၍ သင်းနုံ့သာ မျက်နှာကို စိုက်ကြည့်သည်။

"ယူ အဲသလို မကြည့်နဲ့ကွာ .. မုဆိုးက သားကောင်ကို ကျီစယ်ချင်တဲ့မျက်လုံးတွေလို့ သင်း ခံစားရတယ် .. သိလား"

"ခက်ပါလား .. ဘယ်လိုကြည့်ရမလဲ ပြော .."

"မျက်လုံးကို ဖွေမကြည့်နဲ့၊ မျက်လုံးတွေ မှေးစင်းပြီး မပြုံးနဲ့၊ တည့်တည့်ကြည့် .. နှုတ်ခမ်းဖွင့် ရယ်"

"ရယ်တာပဲကွာ .. ပညတ်ချက်တွေ များလိုက်တာ"

"သင်း ကို ပြောတာမဟုတ်ဘူး၊ ဘယ်မိန်းကလေးကိုဖြစ်ဖြစ် အဲသလို မကြည့်ရဘူး"

"မကြည့်ဘူး"

"သင်း နဲ့ ချစ်ခဲ့ပြီးမှ ဘယ်သူနဲ့ဖြစ်ဖြစ် ဘာသတင်းမှ မကြားပါရစေနဲ့နော်"

"ခု .. ကြားနေလို့လား"

"စိုးရိမ်လို့ပေါ့ .. ကြားလာရမှဆိုရင် သင်း မခံစားရဲဘူး"

မင်းသခင် က ဟက်ခနဲရယ်၍ မြက်ခင်းပေါ်မှာ ထိုင်ချကာ နောက်ပြန် လက်ထောက်နေလိုက်သည်။

"တို့ကိုချည်း သဝန်တိုနေသလား သင်း ရယ် .. အခု တက္ကသိုလ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မှာ ချစ်သူစုံတွဲတွေ အများကြီးပဲ၊ ဒီနှစ်ပြီးရင် စာသင်နှစ်အားလုံး ပြီးပြီ၊ ချစ်သူတစ်ယောက်မှ မရှိတဲ့သူ လက်ချိုးရေလို့ ရပါတယ်၊ အဲဒီထဲမှာ သင်း နဲ့ ဆေးတက္ကသိုလ်က နေမျိုးလှိုင် ဆိုတဲ့ကောင် ချစ်ခဲ့ဖူးတယ်လေ၊ အိမ်ချင်းကလည်း ကပ်လျက်နေကြတာ၊ သဝန်တို ကြကြေးဆို တို့ရင်ထဲ ဘယ်လိုနေမလဲ-ပြော .."

သင်းနှံ့သာ မျက်နှာလေး ပျက်ကျသွားကာ ...

"ယူ .. ယူ အဲဒါကို ဘယ်လိုလုပ် သိလဲဟင်၊ သင်း တမင်တကာ ဖုံးကွယ်ထားခဲ့တာ မဟုတ်ပါဘူး ယူ ရယ် --အဲဒါက ..."

"တို့ နားလည်ပါတယ်၊ ချစ်ခြင်းဆိုတာ ဖန်တီးယူလို့ ရတာမျိုး မှ မဟုတ်တာ၊ ပြီးတော့ သင်း ဟာ လွတ်လပ်တဲ့သူ၊ တို့က ကိုယ်ရေးရာဇဝင်စစ်ပြီး ချစ်ဖို့ လိုလို့လား၊ သင်း စာနာတတ်အောင် ပြောပြတာပါ"

ထစ်ခနဲရှိ မင်းသခင် ရည်းစားများတတ်တာပဲ အပြစ် ..၊ ဘာဖြစ်လဲ ကိုယ်က ယောကျာ်းလေး။

သူများအားနည်းချက်ကို ထိုးနှက်ချင်တာမဟုတ်ပေမယ့် ကိုယ်သိထားတဲ့အကြောင်း တမင် ပြောပြလိုက်တာ ..။

သင်းနှံ့သာ မျက်နှာလေးတော့ အိုသွားရှာသည်။

"ဘယ်ရည်းစားကို ပိုချစ်သလဲလို့ မေးလိုက်ရင် သင်း ဘယ်လိုဖြေမလဲ"

မင်းသခင် ပြုံးလိုက်မိသည်။





အဲဒီမေးခွန်း မေးဖို့ သူ ဆန္ဒမရှိခဲ့ပါ။

"စိတ်ညစ်စရာတွေ မပြောကြေးကွာ .. မနက်ဖြန် တို့ မန္တလေး သွားမှာ၊ သင်း ဘာမှာဦးမလဲ"

"စာမေးပွဲ နီးနေကာမှ ယူ ရယ် .. ကြာမှာလားဟင်"

"မကြာဘူး .. ရောက်ပြန်ပဲ၊ မေမေ ခိုင်းလို့လေ .. ဟိုမှာ မေမေ တို့ မောင်နှမ စပ်ဖွင့်ထားတဲ့ဟိုတယ် ရှိတယ်၊ အဲဒါ နှစ်ချုပ်စာရင်း သွားလုပ်ရမှာ၊ မေမေ နေမကောင်းလို့"

သင်းနှံ့သာ ခေါင်းညိတ်သည်။

"မမှာတော့ပါဘူး ယူ .. သင်း ကို လွမ်းနေရင် ကျေနပ်တယ်"

"မေ့စရာလား သင်း ရယ် .."

မင်းသခင် က သင်း ပခုံးလေးကို ပွေ့ဖက်ကာ သက်ပြင်းခိုးလေး ချလိုက်သည်။

သင်းနှံ့သာ လက်ထပ်ဖို့ကိစ္စ ပြောချင်တာ၊ အစီအစဉ်တွေ ရှိပေမယ့် မင်းသခင် က လုံးဝ မစတာကြောင့် ကိုယ်က စရမှာ ခက်နေလေသည်။

ထို့ပြင် လက်ထပ်ဖို့ စကားစလိုက်တိုင်း မင်းသခင် မျက်ဝန်းတွေ အရောင်ပြောင်းသွားတတ်တာကို သတိထားမိနေလို့ ..၊

"ကျောင်းတွေပြီးရင် သင်း တို့ ဘယ်လိုတွေ့ကြမလဲဟင်"

"တို့ လာမှာပေါ့၊ သင်း နဲ့ အချိန်အဆက် လုပ်မယ်လေ"

"အိမ်ကိုလည်း လာလည်လို့ ရပါတယ် ယူ ရယ် .. သင်း မာမီ့ကို


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ယူ့အကြောင်း ပြောပြထားတယ်"

"ဟင်!..."

မင်းသခင် မျက်နှာပျက်သွားသည်။

"သင်း မာမီက ဘာပြောလဲ .."

"ယူ့အခြေအနေကို ပြောပြတော့ မာမီက လက်မခံနိုင်စရာတော့ မရှိပါဘူးတဲ့၊ ရည်ရွယ်ထားတယ်ဆိုရင်တော့ မာမီနဲ့ စကားပြောဖို့ ခေါ်လာခဲ့တဲ့"

မင်းသခင် ခေါင်းကြီးသွားသည်။

သင်းနံ့သာ ကလည်း သူ့ကို မလွှတ်တမ်း အကဲခတ်နေသည်မို့ မျက်နှာကို လျှော့ချလိုက်ရသည်။

"သင်း က တို့ကို သင်း မာမီနဲ့ တွေ့စေချင်လို့လား .."

သင်းနံ့သာ မျက်နှာလေး ဝင်းလက်သွားသည်။

"ယူ က လိုက်မယ်ဆိုရင် သင်း ခေါ်ချင်တာပေါ့၊ လိုက်မှာလားဟင် .."

"လိုက်တော့ လိုက်ပါ့မယ်၊ ဒါပေမယ့် ကျောင်းတောင် မပြီးသေးဘူး၊ စောပါသေးတယ် သင်း ရယ် .. တို့ဘက်ကလည်း မေမေတို့ကို ပြောပြီး ဆုံးဖြတ်ပြီးဆိုရင် ပိုမကောင်းဘူးလား၊ မိဘနဲ့ လိုက်တွေ့တယ်ဆိုတာ လက်ထပ်ကြတော့မယ်ဆိုမှ ပန်းဝင်အဆင့်လေ"

သင်းနံ့သာ က ငေးငေးလေး မော့ကြည့်ကာ ...

"ယူ က သင်း ကို လက်ထပ်ဖို့ ရည်ရွယ်မထားခဲ့ဘူးလား"





"ဒီလိုသဘော မဟုတ်ဘူး သင်း ...၊ တို့ဘက်က ဘာမှ မပြင်ဆင်ရသေးလို့ ပြောတာ၊ အဲဒါကြောင့် အချိန်တော့ ယူမှဖြစ်မယ်"

မင်းသခင် ဘုရားတမိတော့သည်။

တကယ့်ကို ညှပ်ပူးညှပ်ပိတ် ...၊

မလွယ်ပါလား ...။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

"သမီးရေ .. ဧည့်သည်တွေ လာတယ်ကွယ့်"

"လာပြီ မေမေ"

ဧည့်သည်တွေဆို၍ ထူးဆန်းသွားကာ အလျင်စလို ထွက်လာခဲ့မိသည်။

အပြင်ရောက်တော့ ပို၍ အံ့ဩသွားတော့သည်။

"သင်းနံ့သာ .."

သင်းနံ့သာ က ပြုံး၍ သူ့နောက်က ဒေါက်တာ ထွတ်မြတ်ဇင်ကို လှည့်ကာ မေးဆတ်ခေါ်ပြီး ဧည့်ခန်းထဲ လှမ်းဝင်လာသည်။

အဖိုးတန် ရှိုးပစ္စည်းတွေ ဘာမှမရှိပေမယ့် စင်မြင့်နှင့် ကြွေပန်းအိုးကြီးတစ်လုံး ဆယ့်ရှစ်လက်မ တီဗွီသေးသေးလေးတစ်လုံးနှင့် ရှိုး





ကော့စ်ခပ်ပုပုလေးတစ်ခု ရှိထားသော ဧည့်ခန်းလေးက ကြိမ်ကုလားထိုင်လေးများနှင့် အသင့်အတင့်တော့ သေသပ် လှပနေသည်သာ ..။

နီစိုပြောင်လက်နေသော ကျွန်းစားပွဲလေးက စားပွဲခင်းမရှိဘဲ အမြတိုက်ချွတ်သန့်စင်ထားသည့်ဂုဏ်ကို ဖော်ပြနေလေသည်။

သူ့အပေါ်မှာ ဖြူစွတ်သော တရုတ်ကြွေပန်းအိုးလေးနှင့် အရောင်စုံ နှင်းဆီတစ်ပွင့်စီကို လှပစွာ ထိုးစိုက်ထားသည်။

တစ်ထပ်ပျဉ်ထောင်အိမ်လေးက ခပ်လှမ်းလှမ်းက ကြည့်တော့ နွမ်းဖတ်ဖတ်ရှိပေမယ့် အထဲမှာ သပ်ရပ်မှုများနှင့် ပန်းချီကားလေးတစ်ချပ်လို ရင်အေးစဖွယ်လေး ဖြစ်နေသည်။

"ထိုင်လေ သင်း ရဲ့ .. ကိုထွတ်မြတ်ဇင် ရော ထိုင်ပါ၊ ကိစ္စရှိလို့လားဟင်"

ဟသ်ာာ က တမင် ပိတ်မေးပစ်လိုက်ခြင်း ဖြစ်သည်။ သင်းနံ့သာ က သိသည်။

"ကိစ္စမရှိပါဘူး ဟသ်ာာ ..၊ ဒီနားမှာ ကိုကိုဇင် က လူနာတစ်ယောက် လာမေးရင်း ဟသ်ာာ တို့အိမ်နဲ့ နီးနေပြီလို့ တို့က ပြောတာနဲ့ ဝင်လာကြတာ"

လူနာ လာကြည့်တဲ့ဆီ သင်း က ဘာလိုက်လုပ်တာလဲလို့ မေးလိုက်ချင်ပေမယ့် မမေးဖြစ် ..။

"အန်တီက ဟသ်ာာ ရဲ့မေမေလားဟင် .. တို့ကို မိတ်ဆက်ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဖေဖေကတော့ လမ်းလျှောက်ထွက်သွားတယ်"

ဒေါ်ရွှေငယ် ကတော့ ကြည်လင်စွာပဲ ပြုံးနေသည်။ သင်းနုံ့သာ က ပြောတော့ အနားမှာ ဝင်ထိုင်၏။

"မေမေ .. သူက သင်းနုံ့သာ တဲ့၊ သမီးတို့နဲ့ မေဂျာတော့ မတူဘူး၊ ဒါပေမယ့် နှစ်ချင်းအတူတူပဲ၊ သူက သင်း ရဲ့အစ်ကိုဝမ်းကွဲ ဒေါက်တာ ထွတ်မြတ်ဇင် တဲ့"

"ဪ .. ဪ .."

ဒေါ်ရွှေငယ် က စကားနည်းသူပီပီ ဖော်ရွေစွာ ပြုံးပြပေမယ့် အပိုစကား မဆိုပေ ..။

"သင်း လဲ မှတ်ထားနော်၊ မေမေ့နာမည်က ဒေါ်ရွှေငယ် တဲ့၊ သင်း ဖေဖေကတော့ ဦးဘမင်း၊ ဖေဖေရော မေမေပါ ရေကြောင်းဦးစီးမှာ လုပ်တယ်လေ"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ .. ခုလို ခင်မင်ခွင့်ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်ကိုလည်း ဟသ်ာ ရဲ့မိတ်ဆွေအဖြစ် ရင်းရင်းနှီးနှီး ခင်မင်ခွင့်ပြုပါခင်ဗျာ"

"အေးကွယ်.. နောက်လည်း ဝင်ကြထွက်ကြပါ၊ သမီးက သူငယ်ချင်းအပေါင်းအသင်းနည်းတော့ အိမ်မှာဆို သခင်လေး ကလွဲပြီး သိပ်မလာတတ်ကြဘူး၊ ရှေ့ဆို ကျောင်းပြီးတော့မှာပဲ၊ သတိရရင် လာလည်ကြပေါ့"





ဒုက္ခပါပဲ မေမေက ခွင့်ပြုနေပြန်ပြီ ..။

ဟိုအကြောင်းရောက် .. ဒီအကြောင်းရောက်နှင့် ထွတ်မြတ်ဇင် မျက်လုံးတွေကတော့ ဟသ်ာ ဆီမှာပဲ ဖြစ်သည်။

ဟောင်းနွမ်း ပါးလျားလုပြီဖြစ်သော အနီရောင်ရှန်သားအင်္ကျီ လက်ပြတ် ခါးတင်လေးနှင့် ကချင်လုံချည်အနီပွင့်လေး ဝတ်ထားသည်မှာ မှေးမှိန်နေပေမယ့် ထွတ်မြတ်ဇင် မျက်လုံးထဲမှာတော့ လမင်းသာနေသည်။

ဆံပင်တွေကို လက်ကိုင်ပဝါလေးနှင့် နောက်မှာ ဖြစ်သလို စုချည်ထားပုံလေးကိုက အိမ်ရှင်မလေးတစ်ယောက်လို သတ်မှတ်နေမိသည်။

ဒီကောင်မလေး မိသင်း နဲ့ မတိမ်းမယိမ်းဆိုတော့ မသကာ ကိုယ့်ထက်ငယ်ရင် ခုနစ်နှစ် ရှစ်နှစ်ပေါ့ ..။

ထွတ်မြတ်ဇင် စိတ်ကူးယဉ်နေမိသည်။

သင်းနုံ့သာ ကလည်း အလိုက်သိလှသည်။ အိမ်ပေါ်က ပြန်ဆင်းလာကြတော့ ...

"ဟသ်ာ တို့ ခြံက အကျယ်ကြီးပဲနော်၊ နှင်းဆီပန်းတွေလည်း ရောင်စုံပဲ၊ ဟိုဘက်မှာ သစ်ခွတိုင်တွေ ထင်တယ်"

"ဟုတ်တယ် .. သိပ်မများပါဘူး၊ ဆယ်တိုင်ကျော်လောက်ပဲ ရှိတာ"

"လိုက်ပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ .."

လိုက်ပြပါလားဆိုပြီး သူ ရှေ့က .. ဟင်္သာ က နောက်မှာ၊ ထွတ်မြတ်ဇင် က အနားကမခွာ ...။

"ကိုယ် အိမ်လည်း တမင်လာတာ၊ ဟင်္သာ စိတ်မဆိုးပါဘူးနော်"

သိသားပဲလို့ ပြောလိုက်လျှင် စကားတွေ ကမ်းတက်လာမှာစိုး၍ ဟင်္သာ မသိသလိုပဲ နေလိုက်သည်။

"ပြောလေ .. ဟင်္သာ"

"ရှင် .. ဩော် .. စိတ်ဆိုးစရာတော့ မရှိပါဘူး၊ ဒါပေမယ့် ဟင်္သာ က .."

"မလာပါနဲ့ဆိုတဲ့ အသွားအလာမျိုးတော့ မပြောပါနဲ့ ဟင်္သာ ရယ် .. ကိုယ်က ရန်ကုန်မှာ ဧည့်သည်ပါ၊ ဘယ်မှ ဝင်ထွက်စရာအိမ်လည်း မရှိဘူး၊ ဟင်္သာ ဆီကိုတော့ အလည်လာပါရစေ"

"ရိုးသားစွာနဲ့ဆိုရင်တော့ လာပါ"

"ဟင်္သာ ရယ် .."

ထွတ်မြတ်ဇင် ခပ်ညည်းညည်း ဆိုလေသည်။

ဟင်္သာ ကတော့ ရှေ့ဆက်ပြောဆိုလာမှာကို မလိုလားသည့်ဟန်နှင့် ရှေ့ကို ခပ်သုတ်သုတ် လျှောက်ထွက်သွားလေသည်။

ကိုယ့်ကို မရိုးသားစွာ ဝင်ထွက်လာမှာ သိသိကြီးနဲ့ လက်ခံစရာလား ...၊ သူ့ဟာသူ ဘာကောင်ကြီးပဲဖြစ်ဖြစ် ဟင်္သာ တို့က ဂရုမစိုက်ပါ။





ထွတ်မြတ်ဇင် ရှေ့တိုးဖို့ရာ အကြံထုတ်ရပါဦးမည်။

"နေမကောင်းဘူးလား သားငယ် .. ခရီးပန်းလို့ ထင်တယ်၊ ရေချိုးလိုက်ပါလား"

"မချိုးချင်ဘူး မေမေ"

မန္တလေးက ပြန်လာပြီး စာရင်းနဲ့ ငွေတွေအပ်၍ ဆိုဖာပေါ်မှာ ပက်လက်ကြီးလှန်ကာ မျက်လုံးတွေ ပိတ်ထားသည့် မင်းသခင် ရဲ့နဖူးကို ဒေါ်နွဲ့မိုး စိုးရိမ်စိတ်နှင့် လာစမ်းသည်။

ပြီးတော့ လည်ပင်းကို စမ်း ...၊ လက်ဖျားကို ဆုပ် ...။

"ခရီးပန်းတာ ရေချိုးလိုက်ရင် လန်းတယ် သားရဲ့ .. ထ ရေချိုးလိုက်နော်"

"မေမေရေ ဒီမှာ မေမေ့သား သနပ်ခါးတုံးတွေ ဝယ်လာတယ်တော့၊ ဘုရားပွဲတော့မယ်ထင်တယ်"

အခန်းထဲက အသံကြောင့် ပျော့ခွေနေသည့် မင်းသခင် ဖျတ်ခနဲ ခုန်ထသွားလေသည်။

"မဒေတ် .. အဲဒါ မလုပ်နဲ့နော်၊ သား ပေးစရာရှိလို့"

မင်းသခင် က တစ်အိမ်လုံးကို သူ့ကိုယ်သူ သားလို့ပဲ ပြောသည် ... ငယ်ငယ်တည်းကပင်။



www.burmeseclassic.com

www.burmeseclassic.com



မလတ် က သနပ်ခါးတုံးတွေ စည်းထားသည့်ကြိုးကို ဖြေနေပြီ..။

"ဟာ!... မဖြေပါနဲ့ဆို .."

မင်းသခင် က မလတ် လက်ထဲက ဆွဲယူလိုက်သည်။

"ဟယ် .. ကြည့်စမ်း၊ မောင်တွေများ အားကိုးလိုက်ရတာ၊ ကိုယ့်အစ်မအရင်းခေါက်ခေါက်ကြီးကိုတော့ လက်ဆောင်ဝယ်လာဖော် မရဘူး၊ ပြော .. ဒါ ဘယ်သူ့အတွက်လဲ"

မင်းသခင် က မဖြေဘဲ သနပ်ခါးတုံးတွေကို အစည်းလိုက် 'မ' ကာ သူ့ခေါင်းရင်းမှာ သွားထားသည်။

မလတ် က ခုမှ နောက်ကဝင်လာသည့် မအေဖြစ်သူကို တိုင်သလိုလေး လှမ်းကြည့်ကာ ...

"တွေ့လား မေမေ.. မေမေ့သား ကိုယ့်အစ်မကိုယ် မသိထာတာ"

ဒေါ်နှံ့မိုး က အသံထွက်ကာ ရယ်၍ ...

"သူ့ရည်းစားကို ပေးမလို့ နေမှာပေါ့ သမီးရယ် .. ပြောပါဦး သားငယ် .. ဘယ်သူ့ကို ပေးမလို့လဲ"

"ဘယ်ရည်းစားမှ မပေးဘူး၊ သား ရည်းစားတွေထဲမှာလည်း သနပ်ခါးလိမ်းတဲ့သူ တစ်ယောက်မှ မရှိဘူး၊ နမ်းလိုက်ရင် ညီစော်ဟောက်စော်ကို နံနေတာပဲ"

ပြော၍ မင်းသခင် က အိမ်ရာပေါ်မှာ ဝုန်းခနဲ လှဲချလိုက်သည်။

"မိဟသ်ာ ကို ပေးမလို့"

ဟု ခပ်တိုးတိုး ပြောလေသည်။





မလတ် က မဲ့ရွဲ့ကာ ...

"သိသားပဲ .. ဟင်း .. မေမေ့သား ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက်ထားပြီး ဘယ်သူ့မှ စွဲစွဲမြဲမြဲမရှိတာ သိလား .. ဟသ်ာငယ် ကို ကြိုက်နေတာ"

"မလတ် နော် .."

"မဟုတ်လို့လား"

"မဟုတ်ဘူး .. ဘာမှမဆိုင်ဘူး၊ သူငယ်ချင်းက သူငယ်ချင်း၊ ရည်းစားက ရည်းစားပဲ"

မလတ် က မောင်လုပ်သူ ဒေါပွနေတာကို ချစ်စနိုး ကြည့်မဝဖြစ်နေလိုက်တာ၊ တကယ့် ကလေးငယ်လေးကို ချီပွေ့တော့မယ့် အတိုင်း ..။

"ထားပါတော့ .. သနပ်ခါးတုံးက သုံးတုံးတောင်မှ၊ ကောင်းလိုက်တဲ့ အပွေးကြီးတွေ ထူမှထူ၊ မလတ် ကို တစ်တုံးလောက်တော့ပေး .."

"မလတ် ကလည်း နောက်မှ ယူပါ၊ ဟသ်ာ က ဒါမျိုး ဝယ်လိမ်းနိုင်တာ မဟုတ်ဘူး"

"ကဲပါ သမီးရယ် .. စမနေပါနဲ့တော့၊ သားငယ် ရေချိုးဖို့ ရေနွေးသွားစပ်ပေးလိုက် .."

"ဟာ!... မစပ်နဲ့၊ ချိုးကို မချိုးချင်တာ၊ မျက်လုံးတွေ ပူနေလို့"

"ဖျားနေပါ့မယ် သားငယ် ရယ် .. မှန်းစမ်း .."



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နွဲ့မိုး က နဖူးကို ထပ်စမ်းပြန်သည်။

"ဟဲ့ .. ငါ့စိတ်ထင်လို့များလား၊ နဖူးက ပူလာသလိုပဲ၊ သမီး ညည်းမောင်ကို စမ်းကြည့်စမ်း"

မလတ် ကပါ လာစမ်း၍ ...

"ဟယ် .. ဟုတ်တယ် မေမေ၊ ကိုယ်ပူနေတယ် .. မောင်ငလေး ဖျားပြီ"

"ဟုတ်သလား၊ ဟဲ့ .. မိနီ"

"ရှင် .. မေမေကြီး"

"ဆရာဝန်ဆီ ဖုန်းဆက်စမ်း"

"ဟာ!... မေမေကလည်းဗျာ ဘာမှ မဖြစ်သေးဘဲနဲ့၊ ခဏ လောက် အိပ်လိုက်ရင် ပျောက်သွားမယ့်ဟာ၊ သား လွတ်လွတ်လပ် လပ် နေချင်လို့ပါ .. မခေါ်ပါနဲ့"

"ဖြစ်လာတဲ့အထိ စောင့်လို့ဖြစ်မလား သား"

"ကဲပါ မေမေရယ် .. မောင်လေး ပင်ပန်းလာတယ်၊ နားပါစေ.. သူ နိုးတော့မှ ဆရာဝန်ခေါ်သင့်ရင် ခေါ်တာပေါ့"

အိမ်မှာဆို ဒီလိုပဲ ...၊

မင်းသခင် တစ်ခုခုဖြစ်ပြီဆို ပျာယာခတ်နေတတ်ကြသည်။ ဒါ ဦးချစ်ခင်မောင် မရှိလို့ ...၊ မဟုတ်လျှင် ဦးချစ်ခင်မောင် က ဒါမျိုး မကြိုက် ...။

"မင်းတို့ အဲဒီလောက် ယုယနေစရာလား"





ဆိုသည့် အပြောမျိုးနှင့် အမြဲ ဆူသည်။

"မေမေ .. မေမေ့သားကို သဲတိထားမိလား"

သားအမိနှစ်ယောက် ညှော်ခန်းပြန်ရောက်လာတော့ မလတ် က စကားစသည်။

"ဘာလဲကွယ် -"

"မေမေ့သား ဟံသာငယ် ကို ခင်တာ မလွန်ဘူးလား"

"ငယ်သံယောဇဉ်ကို သမီးရဲ့ -"

"မဆိုင်ပါဘူး မေမေရာ .. အဲဒီ ငယ်သူငယ်ချင်းဆိုတဲ့ စကား လေးကို ဖယ်ချဖို့ ခက်နေတာ၊ အဲ့ဒါ ကိုယ့်ကိုယ်ကိုယ်တောင် သတိ မထားမိတတ်ကြတဲ့ မသိစိတ်ပဲ၊ သူ ရည်းစားတွေ လျှောက်ထားပြီး ဘယ်ရည်းစားကို စွဲစွဲမြဲမြဲ ရှိလို့လဲ၊ ဘယ်သွားသွား ဟံသာ ပါမှ၊ ဘာလုပ်လုပ် ဟံသာ ရှိမှ၊ မေမေ မိန်းမယူဖို့ စပ်ပေးတိုင်းရော ဘယ် တုန်းက စိတ်ဝင်စားလို့လဲ"

"အင်း .. ဟုတ်တယ်"

"ဟံသာ နဲ့ တကယ်ဖြစ်လာရင် မေမေ သဘောတူနိုင်လား"

ဒေါ်နွဲ့မိုး ချက်ချင်း ခေါင်းညိတ်သည်။

"တူတယ် .. မေမေ ဂုဏ်မမက်ပါဘူးကွယ်၊ ဒီသားနဲ့ သမီးလေး နှစ်ယောက်ပဲ မွေးထားတာ၊ မေမေတို့ ရှာထားတဲ့စည်းစိမ်တွေ ဒီတစ် သက်တော့ အေးအေးဆေးဆေး စားသွားလို့ရပါတယ်၊ ဟံသာငယ် ဆို ပိုတောင်ကောင်းသေးတယ်၊ ရိုးရိုးယဉ်ယဉ်လေး .. သားက မွဲ



www.burmeseclassic.com

www.burmeseclassic.com

သလောက် ဟသာ က ရိုးတယ်၊ ပြီးတော့ ငယ်သူငယ်ချင်းဆိုတော့ တစ်ယောက်အကြောင်းတစ်ယောက် သိပြီးသား၊ နောက်ကြောင်း စကား မပြောရတော့ဘူးပေါ့၊ ကိုမောင် လည်း သဘောတူမှာပဲ၊ သူက ဟိုအရင်ကတည်းက ဟသာ ကို ချစ်တာ၊ ဒီပြင် ခပ်ပျာပျာတွေနဲ့ဆို သားအဖ အဆင်မပြေ ဖြစ်ကြဦးမယ်”

“ဒါဆိုလည်း ဖေဖေလာရင် မေမေသားကို ပြောပြပြီး တစ်ခါတည်း လက်ထပ်ပေးလိုက် မေမေရာ၊ သူတို့လည်း ဒီလောက် ငြင်းကြမှာ မဟုတ်ပါဘူး၊ မသကာ ရှက်နေကြရုံပဲ ရှိမယ်၊ ဟသာ ရဲ့ မိဘတွေကလည်း သဘောတူမှာပါ”

“မထင်နဲ့ သမီး .. ဆင်းရဲတဲ့လူက ပို မာနရှိတယ်၊ ညည်းမောင် ပွေရှုပ်ထားတဲ့သတင်းလေးက မွှေးလို့”

“ဒါကို မလိုလားရင် ခု အိမ်မှာဝင်ထွက်နေတာ သူတို့ မကြည်ဖြူဟန် ပြမှာပေါ့ မေမေရဲ့ ..”

ဒေါ်နွဲ့မိုး ဘာမှမပြောတော့ပေ။ ဟသာ နဲ့ဆို ဘာပြောစရာ ရှိမလဲ ..။

ကိုယ့်မှာ စိန်ရွှေရတနာက ပြည့်စုံပြီးသား။ ဒီ့ထက်ပို၍ လောဘ မတက်ချင်ပါ ..။

အဓိကက စိတ်ချမ်းသာဖို့ပဲ၊ သားကသာ တကယ်ပဲ ဟသာ ကို မြတ်နိုးနေတယ်ဆိုလျှင် လက်ထပ်ပေးဖို့ ဆုံးဖြတ်လိုက်မိသည်။

ဒါမှ သားငယ် ပွေပွေရှုပ်ရှုပ်လုပ်တဲ့ဓာတ်လမ်းတွေ ပြတ်ကုန်မှာ..





တကယ်ဆို နေပါစေဆိုပြီးတော့သာ ကြည့်နေရတာ မစိုးရိမ်ဘဲ နေမလား၊ မိန်းမကြောင့် လူသတ်ကြတဲ့အဖြစ်တွေက အများကြီး ..။

ဟုတ်ပါတယ် ..၊ ဟသာလေး နဲ့ လက်ထပ်ပေးဖို့ အမြန်ဆုံး ကြိုးစားမှ ..။

“မင်းသားကို သူ့ကိုထိန်းနိုင်မယ့် မိန်းကလေးတစ်ယောက်ယောက်နဲ့ လက်ထပ်ပေးမှ ဖြစ်မယ်၊ မင်း မတတ်နိုင်ရင် ငါ ရှာမယ်”

ဖအေလှုပ်သူကလည်း နိုင်ငံခြားမသွားခင်က ကြိမ်းသွားခဲ့သည်။ သူလည်း ပြန်လာတော့မည်မို့ ခုနေ စီစဉ်ထားမှ ဖအေပြန်ရောက်တာနှင့် လက်ထပ်ပေးရုံပဲ ဖြစ်သည်။

ဒေါ်နွဲ့မိုး ဆုံးဖြတ်ချက်ချလေသည်။


www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"သားငယ် ဒီမှာ သားသူငယ်ချင်းတွေ လာတယ်ကွယ်"

မင်းသခင် အိပ်ရာထဲကနေ အိပ်ခန်းတံခါးဝကို လှမ်းကြည့်လိုက်မိသည်။

မေမေ့အသံနှင့် တစ်ဆက်တည်း အခန်းတံခါး ပွင့်လာကာ သင်းနံ့သာ နဲ့ ဒေဝီ ရယ်၊ ပပ ရယ် ...။

မေမေက ရှေ့က ဝင်လာကာ ...

"လူနာမေး လာကြတာ သားငယ် .. လာကြ သမီးတို့၊ သားငယ်က နေမကောင်းဘဲ ကျောင်းတက်မယ် ဖွတ်လုပ်နေတာ"

"စာမေးပွဲနီးနေလို့ ဖြစ်မှာပါ အန်တီ"

သင်းနံ့သာ က ဒေါ်နွဲ့မိုး ကိုပြော၍ မင်းသခင် ဘက်လှည့်ကာ...





"စာတွေကူးဖို့ အဆင်ပြေရဲ့လား ယူ၊ သင်း ကူးပေးရမလား"

"ရတယ် သင်း .. မင်းက မေဂျာတူတာမှ မဟုတ်ဘဲ၊ ဟာသာ ကို ကူးနိုင်းမယ်"

ဒေါ်နွဲ့မိုး က သင်း ဆိုသည့် မိန်းကလေးကို အကဲခတ်မိကာ...

"သမီးက သင်း ဆိုတော့ မကြာမကြာ ဖုန်းဆက်တဲ့ သင်းနံ့သာ ဆိုတာလေး ထင်တယ်"

"ဟုတ် .. ဟုတ်ပါတယ် အန်တီ"

သင်းနံ့သာ မျက်နှာလေး နီနေရှာသည်။

"ဪ .. အေး .. အေး ...၊ ကဲ .. သူငယ်ချင်းတွေ စကားပြောကြဦး၊ ပြီးရင် ဧည့်ခန်းမှာ တစ်ခုခုစားကြတာပေါ့၊ အန်တီ စီစဉ်ထားလိုက်မယ်နော်"

"ဟင့်အင်း .. သမီးတို့ စားခဲ့ပြီးပြီ အန်တီ၊ ဘာမှမလုပ်ပါနဲ့"

"မဟုတ်တာကွယ် .. ဧည့်သည်လာရင် ဧည့်ခံတတ်မှ အိမ်ရှင်ကောင်းမှာပေါ့၊ အေးအေးဆေးဆေး စကားပြောကြ"

ဒေါ်နွဲ့မိုး ထွက်သွားလျှင် အားလုံးက မင်းသခင် ရဲ့အခန်းကို ဝေ့ဝဲကြည့်ကြသည်။

အဝတ်အစားတွေကချည်း အခန်းတစ်ဝက်လောက် ဖြစ်နေသည်။ ဗီရိုက နှစ်လုံး၊ ထောက်ချိတ်တွေမှာ စပို့ရှပ်တွေ အပြည့် ...။ ခေါင်းရင်းဘက်နံရံထိပ်မှာ တီဗီတစ်လုံး ရှိသည်။

ခေါင်းရင်းစားပွဲပေါ်မှာ စီဒီခွေတွေက ထပ်ညပ်လျက်။ သားရေ...



www.burmeseclassic.com

www.burmeseclassic.com



လည်း စင်လေးနှင့် ခွေတွေက အပြည့် ..။

"ယူ ဘယ်လိုဖြစ်တာလဲဟင် .. စာမေးပွဲဖြေဖို့ ကပ်နေပြီ"

"မတတ်နိုင်ဘူး သင်း ရယ် .. ခြေတွေလက်တွေကို ညောင်းနေတာ"

"ခုထိ မသက်သာဘူးလား"

"အဖျားတော့ မရှိတော့ဘူး၊ ဒါပေမယ့် ထိုင်မနေချင်ဘူး ဖြစ်နေတယ်၊ သင်း တို့လာတာ တို့ မကြိုမိတာ ခွင့်လွှတ်နော်"

"ပြောစရာလား ယူ ရယ် .. တို့တောင် ယူ့သူငယ်ချင်းတွေ ပြောလို့ သိရတာ၊ မနေ့ကတည်းက လာမေးဖို့ဟာ .. သူတို့က မနေ့က အတန်းမတက်ကြဘူး"

သင်းနုံ့သာ က ဒေဝီ တို့ကို မေးဆက်ပြ၍ ပြောသည်။

"ဟသာ ကို အဖော်စပ်တော့လည်း အိမ်မှာ ဘယ်သူမှမရှိလို့ ဒီနေ့ မလာသေးဘူးတဲ့၊ ညကဆို သင်း အိပ်လို့တောင် မပျော်ဘူး"

ဟသာ က မအားဘူးတဲ့လား ..၊ စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားမိသည်။

"ယူ အခု ထမင်းစားလို့ ရပြီလား"

"မရသေးဘူး"

"ဟယ် .. ဟိုမှာ သနပ်ခါးတုံးကြီးတွေ .. ကောင်းလိုက်တာ"

ဒေဝီ က ပြဿနာစဖို့ ကြိုးစားပြီ။

အားလုံးမျက်လုံးတွေက ရှိုးကေ့စ်ပေါ်မှာ တင်ထားသည့် သနပ်





ခါးတုံးတွေဆီ ရောက်သွားကြသည်။

"ဟုတ်တယ် .. မေမေက ညညဆို သနပ်ခါးထူထူ လိမ်းလိမ်း အိပ်တတ်တယ်လေ၊ အဲဒါကြောင့် ဝယ်လာတာ၊ သင်း အတွက် တို့ လက်ဆောင်ဝယ်ဖို့ဟာ ဘာဝယ်ရမှန်း မသိတာနဲ့ .."

"ရပါတယ် ယူ ရယ် .. ယူ နေမကောင်းတာပဲ တို့ စိတ်မကောင်း ဖြစ်နေတာ"

သင်းနုံ့သာ က ခုမှ ပေါင်ပေါ်မှာ တင်ကိုင်ထားသည့် မုန့်တွေ ဆွဲလာသည့် ကျွတ်ကျွတ်အိတ်ကို ပေးဖို့ သတိရသည်။

"ရော့ .. ဘာဖြစ်မှန်းလည်း မသိတော့ ခတ်စာ ဘယ်လိုဝယ်ရမှန်း မသိဘူး"

"ဒုက္ခရှာလို့ကွာ .. တို့က ကလေးမှ မဟုတ်ဘဲ"

"လူကြီးလည်း မမာရင် မုန့်စားရတာပဲ ယူ ရဲ့ .."

မင်းသခင် က မုန့်အိတ်ကိုယူ၍ စားပွဲပေါ် လှမ်းတင်လိုက်သည်။ ပြန်မယ်ဆိုတော့ တောင်းပန်ရ၏။

"တို့ လိုက်မပို့တော့ဘူးနော် သင်း၊ လုံးဝကို မတ်တတ်မရပ်ချင်တာ"

"ရတယ် .. ရတယ်၊ ယူ သက်သာသလို နေ၊ သွားမယ်နော်"

အခန်းထဲမှာ တိတ်ဆိတ်ကျန်ခဲ့သည်။

မင်းသခင် မျက်လုံးတွေက သနပ်ခါးတုံးတွေဆီ ရောက်၏။ သူ ကျောင်းမတက်တာ သုံးရက်ရှိပြီ၊ ခရီးသွားတာနဲ့ဆို မြောက်



www.burmeseclassic.com

www.burmeseclassic.com



ရက်၊ ဟံသာ အဲဒီလောက်ထိ နေနိုင်နေသည်။

သူများဝေဖန်တာလေးနဲ့များ ဒီလောက်ထိ ရက်စက်နိုင်သလား..။

🎭♡💔♡🎭

"သူ လမ်းတောင်မလျှောက်နိုင်ဘူး၊ ပိန်လည်း ပိန်သွားတယ် ဟံသာ ရဲ့ .."

စာထဲမှာ ဘယ်လိုမှ စိတ်မပါနိုင်တော့ပေ။

လက်ထဲက ဘော့လ်ပင်နဲ့လေးကိုချကာ ကုလားထိုင်နောက်မှီမှာ ခပ်ပျော့ပျော့လေး မှီချလိုက်မိသည်။

သင်းနဲ့သာ တို့ သခင် ဆီက ပြန်လာတော့ ဟံသာ ကို ပြန်ပြော ပြကြသည်။ သခင် တော်တော် ဖျားနေသည်တဲ့။

ခုလောက်ဆို လာမေးဖော်မရဘူးဆိုပြီး သခင် ဒေါပွနေလောက်ပြီ။ တကယ်ဆို သွားချင်တဲ့စိတ်ကို ကြံဖန် ဖျောက်နေရခြင်းပါ။

"နိုင်းကောင်းလို့ နိုင်းနေတာပါ"

"ပိုးကြေးပန်းကြေးနဲ့ လုပ်ပေးနေတာ"

လူတွေ အဲသလိုပြောကြတာကို ရှက်သည့်စိတ်က မပြေ ..၊ အစ ကတော့ ဖျားနေတယ်ဆိုတာ သိပေမယ့် မသွားတော့ဘူး။ အဲဒါမှ ဟံသာ ရက်စက်လေခြင်းဆိုပြီး မုန်းသွားလည်း အေးတာပဲဟု တွေး ထားခဲ့သည်။





တကယ်တမ်းကျတော့ ကိုယ့်မှာလည်း စားလို့ မဝင်၊ အိပ်လို့ မရ၊ အချိန်တိုင်း စိတ်က သခင့် ဆီမှာ ရောက်နေတော့သည်။ စာမေး ပွဲက တစ်ပတ်ပဲ လိုတော့သည်။

စာတွေ ဘယ်လိုလုပ်မလဲ ..။

"သမီး ညဉ့်နက်နေပြီ၊ မအိပ်သေးဘူးလား"

"ဟုတ် .. အိပ်မယ် မေမေ"

မေမေ သတိပေးတော့မှ သခင့် အတွက် စာကူးထားသည့်စာအုပ် ကို ကပျာကယာဆွဲယူကာ ဒီနေ့ပေးသည့်စာတွေ မြန်မြန် ကူးထည့် ရသည်။

စာမေးပွဲနားနီးမှ ဒါတွေ သခင် ဘယ်လိုကျက်မလဲ ..။

စိတ်ကလည်း ပူ၊ လက်ကလည်း ရေး။

ဘော့လ်ပင်နဲ့ချလိုက်တော့ လက်ချောင်းလေးတွေပင် နာနေပြီ။

🎭♡💔♡🎭

"ဟော .. ဟံသာ ပါလား၊ လာ .. လာ .."

မလတ် က လက်ထဲကမဂ္ဂဇင်းစာအုပ် ချ၍ ထလျှောက်လာ သည်။

"သခင် နေမကောင်းသေးဘူးလား မလတ် ..၊ စာမေးပွဲက ကပ် နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းနေပြီ၊ ဒီနေ့ပဲ ကျောင်းတက်မယ် ညကပြောပြီး မနက်ကျမှ မသွားချင်တော့ဘူးတဲ့ကွယ်၊ စောစောကပဲ ပူတင်းနှစ်ခု စားပြီး အိပ်တော့မယ်ဆို ပြန်ဝင်သွားလေရဲ့"

"ဟုတ်လား .. သူ အိပ်နေလည်း နေပါစေ၊ ဒီမှာ သူ့အတွက် ဟသ်ာ စာတွေ ကူးထားတယ်၊ မလတ် ပေးလိုက်တော့နော်"

မလတ် က ဟသ်ာ လက်ကလေးကို အသာတွန်းဖယ်ကာ ...

"အိပ်နေပေမယ့် ခဏလောက်တော့ ဝင်ကြည့်လိုက်ပါဦး၊ သူ့နားမှာပဲ စာအုပ်တွေ ထားခဲ့လိုက်လေ၊ မောင်လေးအတွက် စာတွေ ကူးပေးတာ ကျေးဇူးပဲ ဟသ်ာ ရယ် .."

မလတ် က တိုက်တွန်းနေသည်မို့ ဟသ်ာ သခင့် အခန်းထဲ ဝင်လာခဲ့သည်။

စားပွဲပေါ်မှာ ရှုပ်ပွနေသည့် စီဒီခွေတွေကို ထပ်၍ စင်လေးပေါ်မှာ လှမ်းတင်၊ စာအုပ်တွေ ပြန်ထပ် ..၊ မုန့်ထုပ်တွေ စု၍ ဘေးမှာကပ်ထားပြီးမှ ကိုယ်ယူလာသည့် စာအုပ်ကို အပေါ်က အသာတင်ထားလိုက်၏။

လှည့်ကြည့်လိုက်တော့ မင်းသခင် က နဖူးပေါ်လက်တင်၍ အိပ်ပျော်နေသည်။ အသားဖြူသူမို့ မျက်ကွင်းလေးတွေ ခန်ကျသွားတာ သိသာလှသည်။

ဒီလောက်ထိဖြစ်နေတာ မလာခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိသေးသည်။ သူငယ်ချင်းစိတ်နဲ့ လာသင့်သည်လေ ...။





အတန်ကြာ ရပ်ကြည့်နေပြီးမှ ဟသ်ာ လှည့်ထွက်ခဲ့သည်။

"အမလေး!..."

ရုတ်တရက် လက်ထဆွဲလိုက်သဖြင့် ဟသ်ာ လန့်သွားလိုက်တာ ကိုယ်လေးပင် တုန်သွားသည်။

မင်းသခင် က မျက်မှောင်ကြီးကုတ်လျက် ...

"ဒါ ပြန်တော့မလို့ပေါ့"

ဟသ်ာ က လက်ကို ပြန်ရုန်းသည်။

"နင် အိပ်နေတာ မနှိုးချင်ဘူး"

"တော်ပါ .. အကြောင်းပြစရာတွေက မကုန်နိုင်ဘူး"

"လက်ကို ကိုင်မထားနဲ့လေ .. မလတ် ဝင်လာရင် တစ်မျိုးသင်ဦးမယ်"

"ဘာဖြစ်လဲ .. ဒီလို နေနေကျပဲဟာ၊ ထိုင်စမ်းပါ"

မင်းသခင် က ဟသ်ာ ကို ခုတင်အစွန်းမှာ ထိုင်ခိုင်းသည်။

"နင် နေနိုင်တယ်နော် ဟသ်ာ .. တကယ် ရက်စက်တယ်"

"ဒီက ဘာဖြစ်မှန်းမသိလို့ပါဟာ .. တစ်ရက် လာနိုးလာနိုးနဲ့ စောင့်ကြည့်နေတာ၊ သုံးရက်လေးရက် ကျောင်းတက်ပျက်တော့မှ .."

"မကောင်းတတ်လို့လား"

"ရှန်မစနဲ့"

ခေါင်းလျှော်ထားသည်မို့ ဖားလျားဖြန့်ချသည့် ဆံပင်တွေကို မင်းသခင် က ဆွဲနမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစက တကယ် မေးခန် ပျော်သွားတာ၊ နှာခေါင်းထဲမှာ နင့်ရဲ့ ခေါင်းလျှော်ရည်နံ့ ဝင်လာတာနဲ့ နိုးသွားတာ"

ဟသ်ာ က စားကြည့်စားပွဲ ကုလားထိုင်မှာ ပြောင်းထိုင်လိုက် သည်။

"နင့်ဆီက သင်း တို့အုပ်စု ပြန်လာမှ ဒီလောက်ဖြစ်မှန်း ငါ သိတာ"

"ဂရုစိုက်တယ်ပေါ့နော်"

"ဟိုမှာ နင့်အတွက် စာတွေ နေ့စဉ် ငါ ကူးပြီး ထည့်ပေးထားတယ်၊ ဟိုစာအုပ် လိုက်ရှာရ .. ဒီလူ့ သွားမေးရနဲ့ ငါ လုံးပမ်းနေရတာ လွယ်သလား"

ဟသ်ာ က မျက်စောင်းထိုးတော့ မင်းသခင် ပြုံးသည်။

"ငါကလည်း ဟိုကောင်တွေ ကူးပေးမယ်ဆိုတာတောင် မကူးနဲ့လို့ ပြောထားတာ၊ စာတွေ နင် ကူးမပေးရင် အဲဒီစာမေးပွဲ ဖြေကို မဖြေဘူးလို့"

"ကြည့်စမ်း .."

"ဒီမနက် ကျောင်းတက်ဖို့ဟာတောင် နင့်ကို မြင်ရမှာစိုးလို့ မတက်တော့တာ"

"ဒါဆို ငါ ပြန်မယ်"

"မဟုတ်ဘူး .. ပြောတာ နားထောင်ဦး .."

"လွှတ်စမ်းပါ .. လူကိုများ မျက်နှာမမြင်ချင်ဘူးလေးဘာလေးနဲ့"





"အဲဒါ မြင်ချင်တာ မမြင်ရလို့ ဒေါသထွက်တာ၊ နင် နေနိုင်တာကို မကျေနပ်တာ"

"ဟင်း .. သူ ဖြစ်ချင်တာပဲ သိတယ်"

"နင့်အတွက် ငါ သနပ်ခါးတုံးတွေ ဝယ်လာတယ်"

"မယုံပါဘူး .. ကမ်းနားလမ်းမှာ သွားပြေးဝယ်ပြီး .."

"ဟသ်ာ .. နင် ငါ့ကို အမောဆို့အောင် မလုပ်နဲ့နော်၊ ငါ ဘယ်သူ့အတွက်မှ လက်ဆောင်မပါဘူး၊ နင့်အတွက်ပဲ သတိတရ ဝယ်လာတာ"

ဟသ်ာ က ဇက်လေးပုစ္ မဲ့တော့ မင်းသခင် ဟသ်ာ နဖူးကို လှမ်းထုသည်။

"အသည်းယားအောင် မလုပ်နဲ့၊ တကယ် စိတ်တိုလာပြီ"

ဟသ်ာ က မျက်နှာပိုးလေးသတ်၍ ပြန်စိုက်ပြင်သည်။

"ငါ ပြန်တော့မယ်ဟာ .. တော်ကြာ မိုးချုပ်နေရင် မေမေ စိတ်ပူနေမှာ"

"ငါ လိုက်ပို့မယ်"

"မပို့နဲ့ .. နေလည်းမကောင်းဘဲနဲ့၊ ငါဟာငါ ကားငှားပြန်နေကျ"

"ပို့ပါမယ်ဆို .."

မင်းသခင် က အိပ်ရာပေါ်မှ ဆင်း၍ ကားသော့သွားဖြုတ်သည်။ ပြီးတော့ သနပ်ခါးတုံးတွေကိုပါ ယူလာ၍ ကားပေါ်တင်လိုက်၏။ ခလတ် က တံခါးဝထိ လိုက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လူမမာ နာလန်ထသွားပြီလား၊ ခုမှ လူနာနဲ့ဆေး တွေ့သွား တာ ထင်တယ်"

မလတ် ရဲ့စကားက အနှောင့်အသွားမလွတ် ..။

နှစ်ယောက်သား စကားပင် မပြောမိကြဘဲ ကားပေါ်မှာ တစ်လမ်းလုံး တိတ်ဆိတ်လျက် ..။

"ကဲ .. သခင် လည်း ရှိသားပဲ .. မေမေ ဈေးလေး ခဏသွားလိုက်ဦးမယ်၊ သမီးဖေဖေဆီက ဖုန်းလာလို့ရှိရင် ဟင်းအိုးလေးတွေ သခင့် ကို ကြည့်ခိုင်းထားပြီး ဖုန်းပြေးပြောလိုက်ဦး"

"ဟုတ်ကဲ့ မေမေ"

ဖေဖေက အလုပ်ထဲမှာပဲ အိပ်ရတာ လေးရက်ရှိသွားပြီဖြစ်သည်။ မေမေက ပြန်လာပြီး ဖေဖေက နေခဲ့ရ၏။

ဒီနေ့တော့ မနက်ဖြန်ခရီးထွက်ဖို့ ရှိနေသည်မို့ ခရီးထွက်ဖြစ်မဖြစ် ဖုန်းဆက်မည်ဟု ပြောထားသည်။

ဖုန်းရှိတဲ့အိမ်က အတော်ဝေးသဖြင့် ဟသ်ာ ဒုက္ခများမှာစိုး၍ ဒေါ်ရွှေငယ် က မှာနေခြင်း ဖြစ်သည်။

"စိတ်ချ သွား အန်တီငယ် - ကျွန်တော် ကြည့်တဲ့ ဟင်းအိုး သေချာပေါက် လွှင့်ပစ်ရမှာပဲ"





"အေး .. ကောင်းတာပေါ့ကွယ်"

ဒေါ်ရွှေငယ် က ခပ်ပြုံးပြုံးနှင့် ထွက်သွားလေသည်။

"ဟသ်ာ .. လက်ဖက်သုတ်ချေဟာ"

"ဖြစ်ပြီ"

"ထမင်းပါ ထည့်ခဲ့၊ ငါ ဗိုက်ဆာလို့"

ကျောင်းတွေ ပြီးသွားပြီမို့ အတင်းအဖျင်းပြောမည့် ပါးစပ်တွေတော့ ဝေးသွားပြီဖြစ်သည်။

ဒါကြောင့် ဟသ်ာ မင်းသခင် ကို အရင်ကလောက် သိပ်မရှောင်တော့ပါ။ မင်းသခင် ကလည်း နေ့လယ်လောက်ဆို ဂစ်တာတစ်လက်နှင့် ရောက်လာတတ်မြဲ ..။

"ဟသ်ာ .. နင် ဘာသီချင်း နားထောင်မလဲ"

သီချင်းဝါသနာပါသည့် ဟသ်ာ က မီးဖိုချောင်အဝကျမှ ပြန်လှည့်ကြည့်ကာ ...

"ဘိုဘို သီချင်းထဲက ဆိုဟာ .. ဘာဖြစ်ဖြစ်"

မင်းသခင် က ဂစ်တာပိုက်၍ ကြုံးညှိသည်။

ဟသ်ာ လက်ဖက်သုပ်နယ်နေရင်း သီချင်းသံက ပျံ့လွင့်လာသည်။ သခင် က ဘယ်သူ့သီချင်းကိုပဲ ဆိုဆို သူ့အသံက သီချင်းတိုင်းနှင့် လိုက်ဖက်မှုရှိသည်။

နားထဲမှာ မငြီးငွေ့သော ဆွဲဆောင်မှု ရှိ၏။

သီချင်းတစ်ပုဒ်ဆုံးသည်နှင့် လက်ဖက်သုပ်ပန်းကန် ကိုင်၍ ဟသ်ာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတာနဲ့ အံကိုက် ..။

"ရှော့ ရေတ်သီးစိမ်းလေး နည်းနည်းထည့်ထားတယ်၊ မြင်တယ် မဟုတ်လား .. မမြင်လည်း ဟိုဘက်ကဟာ ယူစား၊ ရေတ်သီးစိမ်းက ဒီဘက်မှာ သပ်သပ်ထားတာ"

မင်းသခင် က ဂစ်တာကိုပိုက်လျက်မှ ဖွန်းတပ်ထားသည့် ထမင်းပန်းကန်ကို စားပွဲပေါ်က မယူဘဲ ဒီတိုင်း လှမ်းခပ်စားသည်။

"ကောင်းတယ် .. ငါ မိန်းမရတာတောင် ဒီလက်ဖက်သုပ်မျိုး မီအောင် ငါ့မိန်းမ သုပ်နိုင်ပါ့မလား မသိဘူး"

"လာတိုင်းလည်း စားနေရသားနဲ့ .. မြှောက်မပြောနဲ့"

"တကယ် ပြောတာ .. ငါနဲ့ အနီးစပ်ဆုံးမှာ လက်ကြောမတင်းတဲ့ သူများသမီးတွေပဲ ဖြစ်ဖို့များတယ်"

"အဲဒီတော့လည်း လက်ကြောတင်းတဲ့အိမ်ဖော် ငှားပေါ့ဟဲ့"

"သွားစမ်းပါ .. အိမ်ဖော် ပြုစုတာ ခံစရာလား၊ မိန်းမယူပြီး သူတို့ မိတ်ကပ်လူးတာ၊ ခြေသည်းဆိုးတာ ထိုင်ကြည့်နေရမှာလား"

"နင်က နိုင်းစားချင်တယ်ပေါ့"

"လာပြန်ပြီ .. ဒီ နိုင်းတာ၊ နင်ကိုက တစ်စုံတစ်ခုဝင်သွားရင် မပျောက်ဘူး၊ မိန်းမယူထားချင်လို့ ယူထားတာပဲ၊ ကိုယ့်အနားမှာ နေပြီး ကိုယ့်ရဲ့ဝေယျာဝစ္စတော့ လုပ်ပေးစေချင်တာပေါ့၊ ကိုယ် ကြိုက်တတ်တာ အလိုက်တသိ ပြုစုစေချင်တာပေါ့၊ အဲဒါ နိုင်းတာမဟုတ်ဘူး .. ချစ်တာ"





"အဲဒီတော့လည်း မယူခင်ကတည်းက ပြောထားပေါ့၊ ငါတော့ ဒီလိုပြုစုတာမှ ကြိုက်တယ် .. ဒီလိုလုပ်ပေး"

"တော်ပါတော့ မယ်မင်းကြီးမရယ် .. နင် ပြောပုံကြီးက ကုမ္ပဏီစက္ကူထရီ ရွေးတာကျနေတာပဲ၊ တကယ်ချစ်ရင် ကိုယ်က ပြောထားစရာ လိုသလား"

"အိုး .. ဒါကတော့ တစ်မိသားနဲ့တစ်မိသား လက်ထပ်တာ တစ်ယောက်အကြောင်းတစ်ယောက် သိထားကြတာမှ မဟုတ်ဘဲ၊ ပြောမှ သိမှာပေါ့"

"တော်ပြီ .. လျှောက်မပြောနဲ့၊ အချစ်ဆိုတာ ဘာမှန်းမသိဘဲနဲ့"

"ဟုတ်ပါတယ် .. နင်ပဲ သိပါတယ် လူသိကြီး"

ဟသ်ာ က လက်ဖက်တစ်ဇွန်း ခပ်စား၍ မျက်စောင်းထိုးတော့ မင်းသိခင် တဟားဟား ရယ်သည်။

"နေဦး .. ငါ ဟင်းအိုး ရေသွားထည့်ဦးမယ်"

ဟသ်ာ နေရာမှထရုံပဲ ရှိသေးသည်။

"ဟာ!... သွားပြီ .. စပ်လိုက်တာ၊ ဟသ်ာ ရေ .. ရေ .."

"ဟင်!... ငရုတ်သီးစိမ်း ဝါးမိပြီလား၊ နေဦး .."

ဟသ်ာ ရေအိုးစင်က ရေပြေးခပ်၍ ကပျာကယာ ပြန်လာသည်။ မင်းသခင် နှာသီးဖျားတွေပါနီရဲကာ ရေတစ်ခွက် ကုန်တဲ့အထိ ပါးစပ် မစေ့နိုင် ..။

ဂစ်တာကိုချ၍ ပြတင်းပေါက်ကို လျှောက်သွားကာ ပါးစပ်ဟ



www.burmeseclassic.com

www.burmeseclassic.com



ထားသဖြင့် ဟံသာ မနေနိုင် ..။ ယပ်တောင်လေး ပြေးယူလိုက်ပြီး...

"ဒီဘက်လှည့် .. ပါးစပ်ဟထား .."

ဟတဲ့လူကလည်း ဟပေးသည်။

ဟံသာ က ယပ်တောင်ကို ပါးစပ်နားကပ်၍ တဖျပ်ဖျပ် ခတ်ပေး၏။ ဒီတော့ လည်ချောင်းထဲ လေဝင်ကာ ချောင်းဆိုးလေသည်။

"အဟွတ် .. အဟွတ် .."

ချောင်းဆိုးတော့လည်း အသည်းအသန် ..။ ဟံသာ ကျောကုန်း ထုပေးရပြန်သည်။

မင်းသခင် ခါးပြန်မတ်လေတော့ မျက်နှာတစ်ခုလုံး နီရဲညိုပုပ်လျက် ...

"သက်သာသွားပြီလား"

"အင်း .."

"ဒုက္ခပါပဲဟယ် .. ရေတ်သီးကို ငါ စားချင်လို့ ထည့်လိုက်တာ"

စိတ်မကောင်းသံနှင့် ပြောနေပြီးမှ ...

"သူ့ဟာသူ သပ်သပ်ပုံထားတဲ့ကိစ္စ၊ နင်ကိုက ကန်းတာ"

ဒေါသဘက် လှည့်သွားသည်။

"အဟမ်း .."

သူတို့ အလုပ်ရှုပ်နေဆဲ အိမ်ပေါက်ဝမှ ချောင်းဟန့်သံကြောင့် ပြိုင်တူ လှည့်ကြည့်လိုက်မိကြသည်။

"ဟင်!..."





မင်းသခင် မျက်ခုံးတွေတွန့်ကုန်လျက် .. ဟံသာ မျက်နှာလေး ပျက်သွားသည်။

"ကိုဇင် .. လာလေ"

အိမ်ဝရောက်လာမှတော့ မခေါ်လို့ မကောင်း ..။ ထွတ်မြတ်ဇင် က ခပ်ပြုံးပြုံးနှင့် ဝင်လာသည်။

"ထိုင်ဦးနော် .. ဟံသာ စားစရာ သွားယူလိုက်ဦးမယ်"

"မယူနဲ့ ဟံသာ .. ကိုယ် ခုပဲ ပြန်မှာ၊ အန်တီရော .."

"မေမေ ဈေးဝယ်သွားတယ်၊ ကိစ္စရှိလို့လား .."

"မရှိပါဘူး .. တမင် လှည့်လာခဲ့တာ၊ မနေ့က မေမေတို့ လာကြတယ်လေ၊ ဒီမှာ ယိုတွေအစုံပဲ .. လက်ဆောင်ပါလာတယ်၊ ကိုယ့်မှာ ဘယ်သူ့မှာမှ ပေးစရာမရှိတာ၊ အားလုံး ဟံသာ အတွက် ယူလာတယ်"

"အို .. ကိုဇင် ကလည်း ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ"

"ဖြည်းဖြည်းစားပေါ့ ဟံသာ ရဲ့ .. ဒါ သိုးတဲ့ပစ္စည်းမှ မဟုတ်ဘဲ ဟာ၊ ပြန်တော့ သယ်မသွားပါရစေနဲ့ကွာ .. ရှက်စရာကြီး"

ထွတ်မြတ်ဇင် က ကြည်သြသြအသံနှင့် လေယူလေသိမ်းက သြဇာသံပါကာ နားထောင်လို့ကောင်းသည့် အသံမျိုး ...။

"ဟော .. မောင်ထွတ်မြတ်ဇင် ရောက်နေတာကိုး၊ အတော်ပဲ အန်တီ ဈေးက ကြက်သားပေါက်စီတွေ ပိုဝယ်လာတယ်၊ သခင် ကျွန်ခဲ့တော့ အပြန်ကျွေးမယ်ဆိုပြီး ဝယ်လာတာလေ၊ လာ .. အတူစားကြ"

ဟံသာ က အလိုက်တသိ ပန်းကန်သွားယူ၍ မေမေ့ဆွဲခြင်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ပေါက်စီခြောက်လုံးကို ပန်းကန်ထဲ ထည့်လိုက်သည်။

"သခင် ရေ .. စား၊ အဲဒါ မင်းအတွက် ဝယ်လာတာ၊ သမီးက လည်း ကြိုက်တော့ နှစ်ယောက် ဝအောင် ပိုဝယ်လာတာ၊ အတော်ပဲ ဖြစ်သွားပြီ၊ မောင်ထွတ်မြတ်ဇင် စားဖို့ .."

"ဟသ်ာ ငါ ပြန်တော့မယ်"

မင်းသခင် က ဂစ်တာကိုကောက်ယူ၍ စကားအဆုံး လူကလည်း ဝှံခါး..ရောက်နေပြီ။

"ဟဲ့ .. သား၊ မုန့်စားသွားဦးလေ"

"စောစောကပဲ လက်ဖက်သုပ်တွေ စားထားလို့ အန်တီ၊ မစား တော့ဘူး"

ပြော၍ ဟသ်ာ ကို တစ်ချက်ကြည့်ကာ လှည့်ထွက်သွား၏။

ထွပ်မြတ်ဇင် ကို မင်းသခင် မကြည့်တာသိ၍ အားလည်း နာ၊ ခါတိုင်းလည်း လိုက်ပို့နေကျဖြစ်၍ ...

"ကိုဇင် .. ခဏနော်"

ဆိုကာ ဟသ်ာ မင်းသခင် နောက် ပြေးလိုက်ခဲ့သည်။

သစ်ပင်ရိပ်က ဆိုင်ကယ်နားရောက်တော့ ဆိုင်ကယ်ကို ခြံဝ ဘက် ဦးလှည့် ခွတက်လိုက်ပြီး ...

"တက် .."

"ဟင်!..."

ခြံဝထိပဲ ဟသ်ာ လိုက်ပို့နေကြ ..၊ ပြီးတော့ ဆိုင်ကယ်နဲ့ ဟသ်ာ





ဘယ်တုန်းကများ လိုက်ဖူးလို့လဲ ..။

"ဘာကြည့်နေတာလဲ .. တက်လေဟာ"

"အို .. မတက်ချင်ပါဘူး၊ အိမ်ပေါ်မှာ ဧည့်သည်နဲ့"

"အဲဒီဧည့်သည် မရှိးသားမှန်း သိသားနဲ့ နင်က ဧည့်ခံစရာလား၊ စရာဘူး နောက်က တက် .."

"ဟာ .. ငါ ဆိုင်ကယ် မစီးချင်ပါဘူး သခင် ရယ်.. နင် ငါ့ကို ချက်နှာပျက်အောင် မလုပ်ပါနဲ့"

"ပျက်တော့ ဘာဖြစ်လဲ .. နင်က ကြိုက်နေလို့လား"

"သခင် နော် .."

ဟသ်ာ က အော်သည်။

"မဟုတ်ရင် တက် .."

"ကောင်းမလား .. ဟိုမှာ မေမေ .."

"ငါ အတင်းဆွဲတင်ရမှာလား .."

ဟသ်ာ စိတ်ပျက်လက်ပျက်နှင့် နောက်က ထိုင်လိုက်ရပါတော့ သည်။

မခေါ်ဘဲ ထားတာပဲ ကောင်းတယ်။

မဟုတ်ရင် သိပ်အနိုင်ကျင့်ချင်တဲ့ သခင် ..။



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ရေရေလည်လည် ညစ်နေပြီဟာ"

"ဘာဖြစ်လာတာလဲ"

နှင်းဆီခြံလေးထဲမှာ ဟင်္သာ ပန်းပင်ရေလောင်းနေတဲ့ဆီ လျှောက်လာရင်း ခုံတန်းလေးမှာ ထိုင်ချလိုက်သည်။

ပါးစပ်က ညည်းညူနေသလောက် မျက်နှာက ရှုံ့မဲ့နေ၏။

"ဘာဖြစ်ရမလဲ .. သင်းနဲ့သာ လေ .."

"တွေ့ခဲ့လား"

"အင်း .."

"ဘာပြောလိုက်လို့လဲ"

"သူ့ကို ခိုးပါတဲ့"

"ဘာရယ် .."

ဟင်္သာ တအံ့တသြ ..။

"ဟုတ်တယ် .. သူ ပြောပြတာတွေတော့ ရှုပ်နေတာပဲ၊ ဘာတွေမှန်းကို မသိဘူး၊ သူတို့အိမ်တွင်းရေးတွေ၊ အစကတော့ ငါနဲ့ပဲ သူ့အိမ်က သဘောတူသလိုလို၊ ခုတော့ နိုင်ငံခြားသံရုံးက အရာရှိနဲ့ ချက်ချင်း လက်ထပ်ပေးတော့မယ်တဲ့၊ အသက်က သူ့ထက် ဆယ်နှစ်နီးပါး ကြီးသတဲ့"

"ဒုက္ခပါပဲ"

"အဲဒါ သူ မလိုချင်လို့တဲ့ .. အတော်ဆိုးတာပဲဟာ၊ ငါတော့ ကျိုင်ပဲ"





"နှင်ကလည်း ခိုးလိုက်ပေါ့"

"ဘာ!..."

ဟင်္သာ က ရေပိုက်ကိုချ၍ မင်းသခင် ဘေးမှာ ဝင်ထိုင်သည်။

"နှင် ဟိုဟာတွေတုန်းကလို သူ့ကို မဖြတ်နိုင်ခဲ့ဘူးလေ၊ အဲဒါ ချစ်လို့ မဟုတ်ဘူးလား .. သူကလည်း ကိုယ်ချစ်တဲ့လူကိုပဲ လိုချင်မှာပေါ့၊ သနားပါတယ်"

မင်းသခင် က ဟင်္သာ ကို မျက်ထောင့်နီနှင့် စိုက်ကြည့်သည်။

"ဟင်္သာ .. နှင် ငါ့ကို တော်တော် မိန်းမရစေချင်တယ်ပေါ့"

"အဲလိုတော့ မဟုတ်ဘူးလေ၊ ဒါပေမယ့် နှင် ဒီတစ်ယောက်ကို ထားခဲ့ရင် နာမည်ပျက်တစ်ခု ထပ်တိုးမှာပဲ၊ အစကတည်းက ဆင်ခြင်ပါလို့ နှင့်ကို ပြောခဲ့သားပဲ၊ နှင် ရှုပ်တာ နှင် ခံရမှာပေါ့"

"ငါက ခံရအောင် တွဲသွားတွဲလာပဲ ရှိတာ၊ သူ နစ်နာအောင် ငါ ဘာမှမလုပ်ခဲ့ဘူး"

"အဲဒီ တွဲသွားတွဲလာတာလည်း မိန်းကလေးဘက်က နစ်နာတာပဲ၊ ယောက်ျားလေးတစ်ယောက်နဲ့ ယူတော့မလိုလို နာမည်ကြီးပြီးမှ ပျက်သွားရင် အဲဒီမိန်းကလေး ဘယ်လောက် နစ်နာလဲ .."

"အဲဒါ သူ ပူရမယ့်ကိစ္စ၊ နှင်နဲ့ ဘာဆိုင်လဲ"

"မိန်းမချင်း ကိုယ်ချင်းစာလို့ပေါ့"

မင်းသခင် က မဆီမဆိုင် တက်ခေါက်သည်။

"ဟင်္သာ .. နှင် ပြောသမျှ စကားထဲမှာ ငါ့အတွက် တစ်လုံးမှ



www.burmeseclassic.com

www.burmeseclassic.com



မဝါသေးဘူး"

"နင် ရွေးခဲ့တဲ့ ချစ်သူပဲ"

"ရွေးခဲ့တာ မဟုတ်ဘူး .. တွဲတာ"

"ဘာထူးလဲ သခင် .. နင် ယောကျာ်းဖြစ်ပြီး ဒီလို အဆင့်မရှိတဲ့ စကားမျိုး မပြောသင့်ဘူး"

"ဘာဖြစ်လို့ အဆင့်မရှိရမှာလဲ .. ငါမှ မချစ်တာ၊ မချစ်တဲ့မိန်းမ ကို လက်ထပ်ဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူး"

"သခင် .."

ဟသ်ာ က ထရပ်လိုက်သည်။

"ခုကိစ္စကို အသာထား .. နင် ဒီစိတ်ဓာတ်မျိုးနဲ့ ဘယ်လို မိန်းမ ကောင်းက အထင်ကြီးမှာလဲ၊ ဘယ်လိုအားကိုးစိတ်နဲ့ ယူရဲမှာလဲ"

"နင်ကရော .."

"ငါက လုံးဝ အထင်သေးပြီးသားပဲ၊ သူငယ်ချင်းသံယောဇဉ်ရှိ နေလို့သာ .. နင့်လို ရည်းစားတွေလျှောက်ထားနေတဲ့လူနဲ့ တွဲသွားရ တာတောင် ငါ့သိက္ခာကျတယ် သိလား၊ နင်လည်း ပြောတော့ ငါ ဒီလိုမိန်းမတွေကို အထင်မကြီးဘူး၊ ငါ လိုချင်တာ ဒါမျိုးမဟုတ်ဘူးနဲ့ ဒီကြားထဲကလည်း မထွက်နိုင်ဘူး၊ နင်နဲ့ ရေစက်ဆုံနေတာ ဒါပဲ ဆိုတာ သဘောပေါက်ဖို့ ကောင်းပြီ"

မင်းသခင် ဖြည်းညင်းစွာ ထရပ်၍ ဟသ်ာ မျက်နှာကို စေ့စေ့ ကြည့်ရင်း ...





"ကောင်းပြီ .. ငါနဲ့တန်တာကိုပဲ ငါ ယူတော့မယ်၊ သင်းနု့သာ ကို လက်ထပ်လိုက်ရင် နင်က အထင်ကြီးမယ်ပေါ့"

ဟသ်ာ က မဖြေဘဲ ဆတ်ခနဲ မျက်နှာလွှဲပစ်သည်။

မင်းသခင် က ဘောင်းဘီအိတ်ထဲ လက်နှစ်ဘက်သွင်းလျက် မဲ့တဲ့တဲ့ ပြုံးသည်။

"နင် ငါ့ကို ရှောင်နေခဲ့တာ အချင်းချင်း သွားပုပ်လေလွင့် ပြော ကြလို့ ရှက်ပြီး ရှောင်နေတယ် မှတ်တာ ..၊ လက်စသတ်တော့ နင်က ငါ့နဲ့တွဲရမှာ ရှက်လို့ကိုး .."

လှိုက်ခါနေသော မင်းသခင် ရဲ့အသံကြောင့် ဟသ်ာ ရင်ထဲ ထိတ် ခနဲ ဖြစ်သွားသည်။ အဲဒီလို တကယ်မဟုတ်ခဲ့တာ အမှန်ပါ ...။

ဒါကြောင့် မဖြေရှင်းဖြစ်ခဲ့ ...။

"ငါ သင်းနု့သာ ကို သွားခိုးမယ်၊ အဲဒါ ချစ်လို့တော့ မဟုတ်ဘူး၊ နင် အထင်ကြီးတဲ့ယောကျာ်း ဖြစ်လိုတ်ချင်လို့ .."

ဟသ်ာ က ဖျတ်ခနဲ မော့ကြည့်သည်။

"တစ်ခုတော့ ရှိတယ် .. မိန်းမခိုးဖို့ကို ငါ တိတ်တိတ်ဆိတ်ဆိတ် မသွားချင်ဘူး .. နေ့ဘက်ကို ရအောင် ချိန်းမယ်၊ ပြီးတော့ .."

မင်းသခင် က ဟသ်ာ မျက်လုံးလေးကို စူးစိုက်ကြည့်ကာ ...

"နင်ကိုယ်တိုင် ငါ့ကို သူ့လက်ထဲ ထည့်ပေးရမယ်"

"ဘာ!..."

"အဲဒါ နင့်ဆန္ဒအရ .. ငါက ဖြစ်စေခဲ့တဲ့သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်တာတွေ လျှောက်ပြောမနေနဲ့၊ နင်အရှုပ် နင် ရှင်း ..၊ ငါနဲ့ ဘာမှမဆိုင်ဘူး"

"ဘာဖြစ်လို့ မဆိုင်ရမှာလဲ ..၊ နင်ကိုယ်တိုင် အောင်သွယ်ပေးခဲ့တာလေ .. ငါနဲ့ သင်းနဲ့သာ ညားအောင် နင် ဆက်ကူညီဖို့ တာဝန်မရှိဘူးလား"

ဟသ်ာ က မော့၍ စူးစိုက်ကြည့်နေသည်။

"ငါ နင့်နားမှာ မရှိတော့ နင့်ရဲ့ကိစ္စအဝဝကို နှောင့်ယှက်မယ့်သူလည်း ရှင်းပြီးသား ဖြစ်သွားတာပေါ့"

"သခင် .. နင် ဘာတွေပြောနေတာလဲ"

"သင်းနဲ့သာ ကို ယူဖို့ ပြောနေတာလေ၊ မနက်ဖြန် မနက်ပိုင်း ငါ ချိန်းလိုက်မယ်၊ ဒါမှမဟုတ် ညနေပေါ့၊ ငါတို့နှစ်ယောက် ဆုံတဲ့အထိ နင် လိုက်ခဲ့၊ ပြီးမှ လှည့်ပြန် .. ငါ မိန်းမခိုးသွားတဲ့အကြောင်း မေမေတို့ကို နင့်အစီအစဉ်နဲ့နင် ဝင်ပြောပေး .. ဒါပဲ"

မင်းသခင် လှည့်ထွက်သွားသည်။

"သခင် .. နေဦး"

ဟသ်ာ က အတင်းပြေးလိုက်၍ မင်းသခင် လက်လေးကို ဆွဲထား၏။

"မပြောနဲ့တော့ ဟသ်ာ ..၊ ငါက ဆုံးဖြတ်ပြီးရင် မပြင်တတ်ဘူး၊ နောက်ပြီး နင်နဲ့ ဆက်ပြောနေရရင် ငါ နင့်ကို .. နင် လုံးဝ လက်သင့်မခံနိုင်တဲ့ စကားတစ်ခွန်း ပြောမိလိမ့်မယ်"





မင်းသခင် က ဟသ်ာ ကိုင်ထားသည့်လက်ကို ဖယ်ချ၍ ဆိုင်ကယ်ပေါ်တက်ကာ ဝေါခနဲ မောင်းထွက်သွားလေသည်။

ဟသ်ာ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

မင်းသခင် က ဒါဆို ဒါပဲ ..။

လုပ်မယ်ဆို မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့သူ ..၊

ငါ အဲဒီလောက်ထိ ရည်ရွယ်ပြောခဲ့တာ မဟုတ်ဘူး ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ခြံထဲကို ဆိုင်ကယ်သံ ဝေါခနဲ ဝင်လာကတည်းက ယောင်ရမ်း၍ မတ်တပ်ထရပ်လိုက်မိသည်။

ဘောင်းဘီနက်၊ ဂျာကင်နက်နှင့် အတွင်းအင်္ကျီကပါ အနက်…၊ ဟဲလ်မက်ကို ဆွဲချလိုက်တော့ ဖွေးနေသောအသားက အနက်ရောင်ထဲမှာ ထင်းခနဲ ဖြစ်သွားသည်။

ဖျော့တော့ခြင်းမရှိသော မျက်ခုံးမျက်လုံးနဲ့ နှာတံကို အဝေးမှပင် လှမ်းမြင်နေရလေသည်။

ဟသ်ာ ဘာကြောင့်မှန်းမသိဘဲ အိပ်ခန်းထဲ ပြေးဝင်ခဲ့မိသည်။

"သမီးရေ .. ကန်စွန်းရွက်ခြွေပြီးရင် ပို့ခဲ့"

မေမေ့အသံ ကြားပေမယ့်လည်း စကားမပြန်နိုင် ..။





တအောင့်ကြာလျှင် မင်းသခင် ရဲ့ဖိနပ်သံ လှေကားမှ ကြားလိုက်ရသည်။

သူက. သိနေသည့်အလား .. ဟသ်ာ ရဲ့အိပ်ခန်းထဲ တောက်လျှောက် ဝင်လိုက်လေ၏။

ဖိနပ်မချွတ်ခဲ့ဘဲ တက်ချလာသည့် ခြေနင်းသံက မျက်နှာကို နီမြန်းမြန်း ဖြစ်နေစေ၏။

"ဟသ်ာ .. လာ သွားမယ်"

"အို!... မလိုက်ချင်ဘူး"

"မလိုက်လို့ မရဘူးလေ .. လာ .."

မင်းသခင် က ဟသ်ာ လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်၍ ဖွတ်ဆွဲခေါ်သည်။

ညစာအတွက် မီးဖိုထဲမှာ တရှဲရှဲကြော်လှော်နေသည့် မေမေကတော့ သူ့အသံနဲ့သူ ဘာမှသိမှာ မဟုတ် ..။

ဟသ်ာ ကို တရွတ်တိုက်မတတ် ဆွဲချလာကာ ဆိုင်ကယ်ပေါ် အတင်းတက်ခိုင်းသည်။

တစ်လမ်းလုံး စကားတစ်ခွန်းမှ မပြော ..။

"သခင် .. သင်း က ဘယ်မှာ စောင့်မှာတဲ့လဲ"

"ရုပ်ရှင်ရုံမှာ"

သမ္ဘာရုပ်ရှင်ရုံရဲ့ စားသောက်ဆိုင်မှာ သင်းနဲ့သာ တကယ်ပဲ စောင့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သခင် ပြောတဲ့အတိုင်း တကယ်လုပ်တာပါလားဆိုတာ သိရလျှင် ဘာဖြစ်မှန်းမသိဘဲ ဟသ်ာ မျက်ရည်ဝဲလာသည်။

"သခင် .."

နောက်ကနေ ရှေ့ကလျှောက်ဝင်သွားသည့် သခင့် လက်မောင်းကို ဆွဲထားကာ ...

"နင် တကယ် နိုးပြေးတော့မှာပေါ့"

မင်းသခင် က ဟသ်ာ မျက်ဝန်းက မျက်ရည်ကိုတွေ့လျှင် မျက်နှာတစ်ချက်ပျက်သွားကာ ရုတ်တရက် စကားမဆို ..။

"မနေ့က ငါပြောခဲ့တဲ့ စကားတွေက ဒီကိစ္စဖြစ်မြောက်ဖို့ အဓိက ပြောခဲ့တာ မဟုတ်ဘူး၊ နင့်ကို သန့်စင်စေချင်လို့ .. အဲဒါ နင် သိသွားပါ"

သခင် က နှုတ်ခမ်းမလှုပ်ဘဲ မျက်နှာကြောလျှော့၍ မျက်ဝန်းတွေကို ရယ်ပစ်လိုက်သည်။

"ဟုတ်ပါတယ် .. နင် အထင်ကြီးတဲ့လူဖြစ်အောင် ငါက ဒီနည်းနဲ့ ဆေးကြောပစ်လိုက်တာပါ၊ ဘယ်သူမှာမှ အပြစ်မရှိဘူး"

သင်းနံ့သာ က သူတို့ကို မမြင်သေးပါ။

မင်းသခင် က သင်းနံ့သာ ရှိရာ တစ်ချက်လှမ်းကြည့်ကာ ...

"ငါ သူ့ကားနဲ့ သွားမှာ ..၊ ဆိုင်ကယ် ဒီမှာ အပ်ထားခဲ့မယ်၊ မေမေတို့ကို ပြောလိုက် .."

ဟသ်ာ လူတွေရှိနေတာကို မေ့လျော့ကာ မျက်ရည်စက်တွေ ပိုး





ပိုးပေါက်ပေါက် ကျလာလေသည်။

ပြီးတော့ အင့်ခနဲ ရှိုက်၏။

မင်းသခင် က မျက်နှာလွှဲ၍ အံကြိတ်သည်။

"ဟိုမှာ မှောင်နေပြီ ဟသ်ာ ..၊ မျက်ရည်တွေ သုတ်စမ်း"

ဟသ်ာ ရှိုက်ချင်းမသွားရဲဘဲ မျက်ရည်သုတ်၍ အသားကျအောင် အတန်ကြာ ရပ်နေရသေးသည်။

အညိုရောင် ဟန်းဘတ်အိတ်တစ်လုံးကို မင်းသခင် က ဆွဲ၍ လက်တစ်ဖက်ကလည်း သင်းနံ့သာ ကို ဆွဲလာကာ အနားရောက်လာမှ ဟသ်ာ ပြုံးပြလိုက်ရသည်။

"လာ .. သွားမယ်"

နိုးပြေးလာခြင်းတ ခုမှ တကယ် သရုပ်ပေါ်လာတာ ဖြစ်သည်။

ဟသ်ာ မှာ ရပ်နေခဲ့ရ အခက်၊ လိုက်ရအခက်နှင့် ကားပေါ်ရောက်အောင်တော့ ပို့ချင်သေးတာကြောင့် အပြေးတစ်ပိုင်း လိုက်လာခဲ့မိသည်။

ကားပါကင်နေရာမှာ သင်းနံ့သာ ရဲ့ကားက စီးရောင်လေး ..။

"ကား မြန်မြန်ထုတ် ယူ ..၊ သင်း ဒီရောက်နေတာ ကြာပြီ၊ မာမီတို့ လိုက်လာလိမ့်မယ်"

စိတ်လှုပ်ရှားမှုကြောင့် သင်းနံ့သာ အသံလေးက တုန်နေသည်။

မင်းသခင် က ကားကို ပါကင်နေရာမှ မောင်းထုတ်၍ လမ်းကြောင်းပေါ်ရောက်မှ သင်းနံ့သာ က တက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းသခင် နဲ့ ဟသာ မျက်လုံးချင်း ဆုံကြ၏။

ဟသာ မျက်ဝန်းမှာ ထိန်းချုပ်မျက်ရည်တွေ စိုလဲ့နေတာ မြင်လျက် မင်းသခင် က အံကြိတ်၍ ပြုံးပြီး ...

"ငါတို့ သွားတော့မယ် .. နင် ပြန်တော့"

ဟသာ မှာ ဘာမှပါမလာတာ သိ၍ တစ်ထောင်တန်တစ်ထပ်ကို ဟသာ လက်ကလေးထဲ ထည့်ပေးလိုက်သည်။

"ဘယ်မှ ကြာမနေနဲ့ .. ကားငှားပြန်"

မင်းသခင် မှာလို့မဆုံးရှိသေး ...

"ဟယ် .. ဟိုမှာ မာမီတို့ လာကြပြီ၊ သင်း တို့ကို မြင်သွားပြီ ယူ၊ မောင်းမောင်း .. မြန်မြန်မောင်း .."

မင်းသခင် လှမ်းကြည့်လိုက်တော့ ခပ်ဖိုင့်ဖိုင့် အမျိုးသမီးကြီး တစ်ယောက်နှင့် ယောကျ်ားသုံးယောက် လမ်းရဲ့တစ်ဖက်မှ သူတို့ဆီ ပြေးလာနေကြသည်။

အဲဒီထဲမှာ ဒေါက်တာ ထွတ်မြတ်ဇင် ပါ ပါနေသည်။

ဟသာ ကို လှည့်ကြည့်လိုက်တော့ လိုက်လာသူတွေကို ကြောက်ရွံ့ကာ မျက်နှာလေးတစ်ခုလုံး သွေးဆုပ်ဖြူလျော်လျက် ...

မင်းသခင် ဟသာ လက်ကလေးကို လှမ်းဆွဲလိုက်ကာ ...

"ဟသာ နောက်ကျ မြန်မြန်တက် .. နင် ကျန်ခဲ့ရင် ပြဿနာ ရှင်းနေရလိမ့်မယ်"

ဟသာ လည်း ဘာမှ မစဉ်းစားနိုင်တော့ဘဲ ကားပေါ် ကမန်း





ကတန်း တက်လိုက်မိလေသည်။

ကားလေးက လျှော့ခနဲ ပြေးထွက်သွားသည်။

"ဟာ!... ပြေးကုန်ပြီ"

ပြေးလာကြသည့် ခြေလှမ်းတို့ နေရာမှာတင် တုံ့ရပ်ကုန်ကာ နောက်ကြောင်းပြန် လှည့်ပြေးကြသည်။

ပြီးတော့ ကားပေါ် လုံးထွေး ပြေးတက်ကာ ဝေါခနဲ ဆောင့်ထွက်၏။

ကားနှစ်စီးသည် မီးပွိုင့်များနှင့် မလွတ်မချင်း ဝေးသွားလိုက်၊ နီးလာလိုက်၊ နောက်တော့ လိုက်သည့်ကား လုံးဝ ပြတ်ကျန်ခဲ့လေသည်။

ကားပေါ်မှာ သုံးယောက်လုံး ရင်တွေခုန်နေကြလျက် ...။

"ကဲ .. မင်းတို့ ဘာလုပ်ကြမှာလဲ"

စိုင်းအောင် က မေးတော့ သင်းနဲ့သာ က မင်းသခင် ကို ကြည့်သည်။

မင်းသခင် က ဟသာ မျက်နှာကို လှမ်းကြည့်၏။

"ငါ ဟသာ အတွက်ပဲ ပူနေတာ၊ သူ့ကို ဘယ်လိုလုပ် ပြန်ပို့ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပဲခူးနဲ့ရန်ကုန် ညာပဲ ရှစ်နာရီထိုးနေပြီ၊ မိန်းကလေးတစ်ယောက်တည်း ဘယ်လို ပြန်ပို့မလဲကွ .. အဲဒါ မင်းကိုက လိုတာ၊ လမ်းမှာကတည်းက သူ့ကို ကားတစ်စီးစီးနဲ့ ပြန်တင်ပေးခဲ့ရမှာ"

"မင်း ဘယ်လို ပြောလိုက်တာလဲ ..၊ သူ့အမေ လိုက်လာလို့ ပြေးရတာ၊ မြို့ပြင်ထွက်ခါနီးမှ လွတ်တယ်၊ မိုးကချုပ်နေပြီ၊ ဟံသာကို တစ်ယောက်တည်း ဖြစ်ချင်ရာဖြစ် ချထားခဲ့ရမှာလား"

မင်းသခင် က မျက်ထောက်နီနှင့် ထပြောသည်။

ဟံသာ အတွက်နဲ့ ပတ်သက်တိုင်း သည်းမခံတတ်တာ မေ့လျော့သွားမိသည်။

ကိုယ့်ကိုယ်ကိုယ် စိုင်းအောင် အပြစ်တင်မိလျက် ...

"အေးပါ .. ငါက ဒါကို မစဉ်းစားမိဘူး၊ ငါ ပြောတာက ဟံသာ အချိန်မီ အိမ်ပြန်ရောက်ဖို့ အဓိက ဖြစ်သွားလို့ပါ၊ ဖြစ်လာမှတော့ ဝိုင်းစဉ်းစားကြတာပေါ့ကွာ"

"ဟံသာ က တို့သူငယ်ချင်းပဲ၊ ပြီးတော့ သူနဲ့လည်း သူငယ်ချင်းပဲဟာ၊ အဖော်လိုက်လာတာဆိုရင် နောက်တော့ ရှင်းသွားမှာပါ"

"အဲဒီလို လွယ်လွယ်လေးနဲ့ ပြီးမှာ မဟုတ်ဘူး သင်း၊ ဟံသာကို တို့က ခေါ်ချလာတာ၊ နှစ်ယောက်အတူ ပျောက်သွားတာကို ဘယ်လိုမှ ရှင်းလို့ရမှာ မဟုတ်ဘူး"

"ဘာဆိုင်လဲ ယူ ရယ် .. လောလောဆယ် ရှုပ်မှာပဲ၊ ယူနဲ့ သင်းနဲ့ လက်ထပ်လိုက်ရင် ဟံသာ က အလိုလို လွတ်ပြီးသား ဖြစ်သွားမှာ





ပါ၊ တကယ်ဆို ရုပ်ရှင်ရုံမှာကတည်းက ယူ သူ့ကို ခေါ်ခဲ့ဖို့ မကောင်းဘူး"

သင်းနုံ့သာ က ဝေဖန်သည်။

"ထားခဲ့လို့ရော ဖြစ်မလား သင်း ..၊ နောက်ကလိုက်လာတဲ့လူတွေက သူ့ကို ဒီတိုင်းထားမှာ မဟုတ်ဘူး၊ မေးကြစစ်ကြနဲ့ ပြဿနာရှာကြမှာ၊ သူ ဘယ်လို ရှင်းတတ်မှာလဲ"

"ကဲ .. ကဲ တော်ကြပါတော့ကွာ၊ ဖြစ်လာတဲ့ကိစ္စကို ပြန်မစမနေကြပါနဲ့၊ ခု ဘာလုပ်မယ်ကိုသာ စဉ်းစား .."

"ဟံသာ ကို ပြန်ပို့ပေး .. ဟံသာ ပြန်မယ်"

မျက်ရည်သုတ်၍ ဟံသာ က ဆတ်ခနဲ ထရပ်သည်။

"ဟာ!... ဒီအချိန်ကြီး ပြန်လို့ ဖြစ်မလား"

"ဖြစ်တယ် .. မိုးမလင်းခင်ရောက်ရင် ပြီးရော၊ ကိုစိုင်းအောင် ဟံသာ ကို ကားငှားပြီး လိုက်ပို့ပေးပါ"

စိုင်းအောင် က မင်းသခင် ကို လှမ်းကြည့်၏။

"မပြန်ရဘူး ဟံသာ၊ ဟိုကို ညအချိန်မတော်ကြီး နင် ယောကျ်ားလေးတစ်ယောက်နဲ့ ပြန်ရောက်သွားရင် ဘေးက ဘယ်လိုထင်မလဲ"

"ဟာ .. မသိဘူး၊ ဘယ်လိုထင်ထင် ငါ ပြန်မှကို ဖြစ်မှာ၊ ငါ မနေနိုင်ဘူး သခင်၊ နောက်မှ ဘယ်လိုပဲရှင်းလို့ရရ သူများ ခိုးပြေးတဲ့ကြားထဲ ငါ ကန့်ကန့်လန့်လန့် ပါရတဲ့အဖြစ်က သိပ်ရှက်ဖို့ကောင်းတယ်၊ ခုလောက်ဆို မေမေ့လည်း တအား စိတ်ပူနေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ ခေါ်လာတာ သိတာပဲ၊ ဒီလောက်ဖြစ်မှာ မဟုတ်ပါဘူး"

"နင်နဲ့ငါ ခိုးပြေးတယ်ထင်ရင် ဘယ်လိုလုပ်မလဲ ..၊ သင်း ကို နင် ခိုးလာတာ ငါ့ပတ်ဝန်းကျင်က ဘယ်သူ သိသလဲ၊ ငါ နင်နဲ့ပါသွားတာပဲ မြင်ကြတာ"

"ဟုတ်တယ် ယူ .. ဟသ်ာ ကို ပြန်ပို့မှ ဖြစ်မယ်"

မင်းသခင် လုံးဝ လက်မခံပေ။

ဟသ်ာ တစ်ယောက်တည်း ယောကျ်ားတစ်ယောက်နှင့် ညသန်းခေါင်ကြီးမှာ ပြန်ရောက်သွားလျှင် ဟသ်ာ ရဲ့နာမည်တစ်လုံးက လုံးဝ အဖတ်ဆယ်လို့ရမှာ မဟုတ်တော့ပေ ..။

ပြီးပေဘ့ အဲဒီလို 'ခေါ်သွားတော့'ဆိုပြီး စိုင်းအောင် နဲ့ နှစ်ယောက်တည်း ခရီးအဝေးကြီးကို အချိန်မတော် သူ ထည့်မပေးလိုက်နိုင်ပါ။

"လိုက်ပို့ပေးပါဆိုရင်တော့ ငါ့ဘက်က အဆင်သင့်ပဲ၊ မင်း ပြော.."

"မဖြစ်ဘူး ဟသ်ာ ..၊ နင် စိတ်ပူမနေပါနဲ့၊ မနက်ကျတော့ ငါနဲ့ သင်း နဲ့ နှစ်ယောက် နင့်ကို လိုက်ပို့မယ်၊ အားလုံး ရှင်းသွားမှာပါ"

"အို .. ဘယ်ဖြစ်မလဲ ယူ .. သင်း က ဒီရက်ထဲမှာ ဝေးသထက်ဝေးရာကိုသာ ပြေးရမှာ၊ မြို့ထဲ ပြန်ဝင်လို့ဖြစ်မလား"





"ဟုတ်တယ် သခင် .. မင်းတို့ မနက်ကျရင် ဝေးတဲ့တစ်နေရာရာကို ပြောင်းကြရမှာ၊ မင်းနဲ့ပတ်သက်တဲ့ သူငယ်ချင်းအပေါင်းအသင်းတွေကို သင်း တို့ဘက်က စုံစမ်းပြီး လိုက်လာမှာပဲ"

ပဲခူးမှာ စိုင်းအောင် ရော ထွန်းထွန်း ပါ ရှိကြသည်။

ထွန်းထွန်း ဟာ တိုက်နဲ့တာနဲ့ နေနိုင်ပေမယ့် စိုင်းအောင် က ဦးလေးလူပျိုကြီးနှင့် အတူနေရသည်။

မဆင်းရဲပေမယ့် မချမ်းသာ ..။

မင်းသခင် ထွန်းထွန်း ဆီကို တမင်မသွားနဲ့တာ။

တကယ်လို့ သင်း ရဲ့မာမီ လိုက်လာလျှင် ထွန်းထွန်း နဲ့ စိုင်းအောင် ဆီကို မုချရောက်လာမှာပဲ ဖြစ်သည်။

သို့သော် မင်းသခင် က လုံးဝ လက်မခံ ..။

"ဟသ်ာ .. ဒီည နင် မပြန်ရဘူး၊ မနက်ကျမှ နင့်အတွက် ငါ တစ်ခုခု စီစဉ်ပေးမယ်"

"သခင် .."

"မပြောနဲ့ဟာ .. နင့်ကို ဒီညတော့ ပြန်လွှတ်လို့ မဖြစ်တော့တာ သေချာတယ်၊ ငါတို့ ဒီမှာပဲ ထိုင်စကားပြောကြတာပေါ့"

သင်းနဲ့သာ မင်းသခင် မျက်နှာကို စူးစိုက်ကြည့်ကာ မျက်ဝန်းတို့က အရောင်လက်လာသည်။

စိုင်းအောင် က အားလုံးကို ကြည့်ကာ ကျိတ်၍ သက်ပြင်းချ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနေကြရင်း ည ဆယ်နာရီထိုးတော့မည်။

ဟသ်ာ က မျက်ရည်ကျ၏။

မင်းသခင် က ချော့နေသည်။

သင်းနံ့သာ က ငုတ်တုတ်လေး ထိုင်ကြည့်နေ၏။

အဲဒါ နိုးပြေးရတဲ့ညရဲ့ ရင်ခုန်မှုတဲ့လား ...၊

ရုပ်ရှင်ရုံမှာ ဟသ်ာ ကို ဆွဲတင်လာကတည်းက ရင်ထဲမှာ မရှင်းခဲ့တာ ...၊

မင်းသခင် ရဲ့ လုပ်ပုံကိုင်ပုံတွေက တစ်စက်မှ ကျေနပ်စရာမရှိ...။

မိန်းမခိုးတာ သူငယ်ချင်းကို ဘာကြောင့် ခေါ်လာခဲ့တာလဲ ...၊ ဟသ်ာ ကရော သိရက်သားနဲ့ ဘာကြောင့် လိုက်လာရတာလဲ ...။

လုပ်ချက်တွေက ဘယ်ဟာမှ သဘာဝမကျ၊ ခုတော့ နိုးရာလိုက်ခဲ့တဲ့ မိန်းမက ဘေးမှာ ...။

"ကဲ .. ကဲ .. မင်းတို့လည်း နားကြတော့လေ၊ ဟသ်ာ အတွက် ဦးလေးရဲ့စာကြည့်ခန်းထဲမှာ ငါ လုပ်ပေးလိုက်မယ်၊ မင်းတို့နှစ်ယောက်အတွက်က ပြင်ပြီးသား"

အခန်းထဲ ဟသ်ာ တစ်ယောက်တည်း ထည့်ထားလိုက်ပြီး ကိုယ်ကတော့ သင်း နဲ့ ကြည်နူးနေရမှာလား ...။

အဲဒီအဖြစ်မျိုးကိုတော့ မင်းသခင် မခံနိုင် ...။

"လုပ်မနေနဲ့တော့လေ .. ငါတို့လည်း အိပ်ကြမှာမှ မဟုတ်ဘဲ၊





ဒီမှာပဲ ထိုင်စကားပြောနေကြတာပေါ့"

"မင်းက အကြောင်းမဟုတ်ပေမယ့် မိန်းကလေးတွေက နားချင်မှာပေါ့"

"ဟင့်အင်း .. ဟသ်ာ အိပ်လို့ရမှာ မဟုတ်ပါဘူး၊ ဒီမှာပဲ နေတော့မယ်"

"သင်း ပင်ပန်းရင် သွားနားလေ၊ ဒီမှာ ဟသ်ာ တစ်ယောက်တည်း ဖြစ်နေမှာစိုးလို့"

သင်းနံ့သာ အံလေး မသိမသာကြိတ်၍ ထရပ်လိုက်သည်။

ဟသ်ာ က မော့ကြည့်၍ ...

"လိုက်သွားလေ သခင် .. ဒီမှာ ငါ ကိုစိုင်းအောင် နဲ့ စကားပြောမယ်၊ လိုက်သွား .."

ဒီလိုပဲလည်း ဖြစ်ရတော့မှာမို့ ထလိုက်ရပေမယ့် မင်းသခင်, ဟသ်ာ ကို တကြည့်ကြည့် ...။

"ဟသ်ာ .. နင် ထွက်မသွားနဲ့နော်၊ စိုင်းအောင် .. မင်း ငါ မသိဘဲ ဟသ်ာ ကို ပြန်မပို့နဲ့နော်"

"မပို့ပါဘူးကွာ .. ခုပဲ ဆယ်နာရီခွဲပြီဥစ္စာ၊ မင်းဟာမင်း ဖြောင့်ဖြောင့်သွားစမ်းပါ"

မင်းသခင် မကြည်မသာနှင့် အခန်းထဲ ဝင်လိုက်သွားရသည်။ စိုင်းအောင် က တာဝန်ကျေပါသည်။

အခန်းထဲမှာ တစ်ယောက်အိပ်သာသာ ခုတင်ပေါ်မှာ ခေါင်းအုံး



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးနှင့် သေသပ်စွာ ပြင်ဆင်ပေးထားသည်။

ငါ အိမ်ထောင်ကျပြီ ဆိုသောစိတ်က နှစ်ယောက်အိပ်ဖို့ ခုတင်ကြီးကို မြင်လိုက်သည်နှင့် ရင်ထဲကို လှိုက်ခနဲ ခွေးထွေးစေတာ ရင်ခုန်တာမဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် သိသည်။

သင်းနုံ့သာ က တောင့်တောင့်ကြီးရပ်နေသည့် မင်းသခင် ကို ငဲ့ကြည့်၍ မချိုမချဉ် ပြုံးသည်။

"ယူ .. အပြင်မှာနေချင်ရင် သွားလေ၊ သင်း က တစ်ယောက်တည်း နေတတ်ပါတယ်"

သင်းနုံ့သာ မကျေနပ်ဖြစ်နေမှန်း မင်းသခင် သိသည်။ ဒါပေမယ့် ဖြေရှင်းဖို့ မကြိုးစားမိပေ။

ဟသ်ာ ကို သူ ဖွတ်ဆွဲချလာတာ ..၊

သူ့ကြောင့် ဟသ်ာ နာမည်ပျက် အရှက်ရမယ့်အဖြစ်မျိုး အဖြစ်မခံနိုင်တာ သူ့မှာ အပြစ်မရှိဘူးလို့ ယုံကြည်သည်။

ဒါကြောင့် ရှင်းပြဖို့လည်း မကြိုးစား၊ ချော့ချင်တဲ့စိတ်လည်း မရှိပေ။

သင်းနုံ့သာ က အိပ်ရာဘေးမှာ တင်ပါးလွှဲထိုင်၍ မခံချင်စိတ်ကို အံကြိတ်နေသည်။

"ဟသ်ာ နဲ့ပတ်သက်လို့ တို့မှာ တာဝန်ရှိနေတယ် သင်း ..၊ သင်း ကို တို့က ခိုးလာခဲ့တာ၊ ဘာပဲဖြစ်ဖြစ် သင်း က တို့ကို ပိုင်ဆိုင်သူ၊ ခုချိန်မှာ ဟသ်ာ က ဘာမှမဆိုင်သူတွေရဲ့ကြားထဲမှာ တစ်ယောက်





တည်းရယ် .. ဒါကြောင့် ဟသ်ာ ကို ပစ်ထားလို့ မဖြစ်ဘူး"

"ယူ့ကို ဘယ်သူက တားမြစ်နေလို့လဲ ယူ - ယူ သွားချင်တဲ့ဆီ သွားပါ၊ မိန်းမနှစ်ယောက်ကြားမှာ ဗျာများမနေပါနဲ့"

သင်းနုံ့သာ က ခပ်ရဲရဲကြည့်ကာ ...

"စိတ်နဲ့မကပ်တဲ့ကိုယ်မှာ သင်း ဘယ်တော့မှ မခိုလှုံဘူး"

"ဟုတ်တယ် .. ဒီအတိုင်းဆိုတော့ ဆောရီးလို့ ပြောရမှာပဲ သင်း၊ ဟသ်ာ ကိစ္စ တို့ခေါင်းထဲမှာ ပူနေတယ်"

မင်းသခင် က သင်းနုံ့သာ ရဲ့ဘေးမှာ ဝင်ထိုင်သည်။

မျက်ရည်လည်နေသော သင်းနုံ့သာ ရဲ့မျက်နှာလေးကို ဘေးတိုက်ကြည့်ကာ စိတ်ညစ်စွာ ဆံပင်တွေကို ဖွပစ်လိုက်မိသည်။

မှားပြီဆိုသောအသိက ယောက်ျားမဆန်စွာ နေရာယူထားသည်။

လုပ်ချင်ပြီဆို မဖြစ်မနေ လုပ်တတ်တဲ့အကျင့် ..။

ဟသ်ာ ရဲ့စကားလုံးတို့ကို နာကျင်စွာ သူ ဒီနည်းနဲ့ တုံ့ပြန်ဖို့ ကြိုးစားခဲ့မိတာ မှားပြီမှန်း သိတော့ ဘာမှ ပြင်ဆင်ခွင့် မရှိတော့ဘူး ..။

သင်းနုံ့သာ ကို သူ လုံးဝ ရင်ခုန်လို့မရပါလား ..။

မင်္ဂလာဦးညဆိုတာ ခုမှတွေးမိ၍ ရင်ထဲမှာပူလာသည်။ ရည်းစားဘဝတုန်းကလို ပွေ့ပိုက်နမ်းရှိုက်ဖို့ပင် ဆန္ဒမရှိ ..။

သူ့စိတ်အားလုံး ဟသ်ာ ဆီမှာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


မနက်မိုးလင်းလျှင် ဟံသာ နဲ့သူ အရှင်လတ်လတ်နှင့် ဘဝခြား သွားတော့မည်။

ဟံသာ ကို သူ ပြန်ပို့ရမည်။

ရင်ထဲမှာ ပူလိုက်သည့်ဖြစ်ခြင်း ...။

ခုနေ ဟံသာ လက်ကိုဆွဲ၍ သူ ထွက်ပြေးလို့ရမည်ဆိုလျှင် ...

သင်းနဲ့သာ မျက်ရည်ပေါက်ခနဲ ကျ၏။

နိုးရာလိုက်လာခဲ့သည့် မိန်းမရဲ့မျက်ရည်စကို ဒီတိုင်း ထိုင်ကြည့်နေတဲ့ယောက်ျား ...။

ရင်ထဲမှာ ဘာပဲရှိနေနေ ခုနေသာ ချစ်တဲ့သူက ပွေ့ပိုက်ချော့မြူလာလျှင် သင်း ကျေနပ်မိမည်သာ ...။

ခုတော့ ...

"စိုင်းအောင် .. ဟိတ်ကောင် စိုင်းအောင်"

တံခါးခေါက်သံနှင့်အတူ ထွန်းထွန်း အသံက တိတ်ဆိတ်နေသည့်ညမှာ ခပ်အုပ်အုပ် ပေါ်လာသည်။

"စိုင်းအောင် .."

"ဟော .. လာပြီ"

စိုင်းအောင် တံခါးပြေးဖွင့်တော့ မင်းသခင် အပြင်ထွက်လာခဲ့သည်။

"ဟာ!..."

ထွန်းထွန်း က တံခါးဟသွားသည်နှင့် အထဲ တိုးဝင်လိုက်ပြီး





ဟံသာ နဲ့ မင်းသခင် ကို တစ်ယောက်စီကြည့်ကာ မျက်လုံးကြီး ပြူးသွားသည်။

"သင်းနဲ့သာ ဆို .."

"ဟုတ်တယ် .. သင်း က အခန်းထဲမှာ၊ မင်း ဘာဖြစ်လာတာလဲ၊ သူတို့ ဒီရောက်နေတာ ဘယ်လိုလုပ် သိသလဲ"

"သင်းနဲ့သာ အမေ ငါ့အိမ်ရောက်လာတယ်"

"ဟင်!..."

အားလုံး မျက်နှာပျက်သွားကြသည်။

"ခု .. ခု .. ဘယ်မှာလဲ"

"မင်းအိမ်ကို မေးလို့ ငါလည်း ရှိလောက်မယ်ထင်ပြီး လမ်းလွှဲပြောလိုက်တယ်၊ ဒါပေမယ့် မကြာခင် ဒီကို ရောက်လာမှာပဲ၊ သခင်.. မင်းတို့ မြန်မြန်ပြောင်းကြ"

သခင် ဘာလုပ်ရမှန်း မသိ ...။

"ငါ့မှာ ကားပါတယ်၊ မင်းတို့ ကားပါသလား"

"သင်း ရဲ့ကား ပါတယ်"

"ဒါဆို မြန်မြန်လုပ် .. မင်းတို့ လစ်ကြတော့၊ တောဘက်မှာ ငါတို့အမျိုးတွေ ရှိတယ်၊ အဲဒီကို ငါ လိုက်ပို့မယ်၊ လုပ် .. လုပ် .."

ထွန်းထွန်း က တာဝန်ယူနေသည်။

သင်းနဲ့သာ ကို ခေါ်မလို့ မင်းသခင် အခန်းဘက်သို့ အလှည့် သင်းနဲ့သာ က ထွက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှ မပြေးတော့ဘူး ကိုထွန်းထွန်း ...၊ ကိုထွန်းထွန်း ခုလို လာပြောဖော်ရတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် သင်း မာမီနဲ့ပဲ ပြန်လိုက်တော့မယ်"

မင်းသခင် က နားမလည်နိုင်စွာ ...၊

"ဘယ်လိုလဲ သင်း ..."

"ယူ ကြားတဲ့အတိုင်းပဲလေ"

အခန်းထဲရှိ ရှိသမျှလူတွေအားလုံး မျက်စိတွေလည် နားတွေရှုပ် ကုန်လေသည်။

သင်းနုံ့သာ က မျက်ရည်လည်နေသော မျက်ဝန်းများနှင့် မင်းသခင် နဲ့ ဟသ်ာ ကို တစ်လှည့်စီကြည့်ကာ ...

"ဒီမှာ ယူ ... ယူ့ရဲ့ အချစ်မပါတဲ့ကိုယ်ကြီးနဲ့ သင်း ကို အသုံးပြု ပစ္စည်းတစ်ခုလို သုံးဖို့ မကြိုးစားပါနဲ့၊ ယူနဲ့ ဟသ်ာ ရဲ့ မပြေနိုင်တဲ့ သံယောဇဉ်အရှုပ်တော်ပုံထဲမှာ သင်း က တန်ဆာခံပေါ့၊ အဲဒီလောက် သင်း မအဘူးနော်"

သင်းနုံ့သာ က မျက်ရည်ကျရင်း မဲ့သည်။

"ယူ မိန်းမနိုးလာတာ လူမှားနေပြီ"

"မင်း ဘာစကားပြောလိုက်တာလဲ"

မင်းသခင် က သင်းနုံ့သာ ရဲ့ ပခုံးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်သည်။

သင်းနုံ့သာ ကလည်း လုံးဝ ဂရုမစိုက်ပေ ...။





"ယူ တကယ်လုပ်သင့်တာကို ပြောတာလေ၊ သင်း ကတော့ အချိန်မီပါသေးတယ်၊ ဟသ်ာ ကိုပဲ ယူ ဆက်ခိုးသွားပေတော့"

"မင်း .."

"ဟေ့ သခင် .. သင်း ရော တော်ကြပါတော့ကွာ၊ လူကြားလို့ မကောင်း .."

မင်းသခင် တက်ခေါက်၍ ပျဉ်ကာထားသည့်နံရံကို လက်သီးနဲ့ ဘအားထိုးချလိုက်သည်။

"ဦးဉာဏ်စိတ် .. ဦးဉာဏ်စိတ် ရှိသလားဗျာ .. အထဲမှာ ဘယ်သူ ရှိလဲ"

"ဟာ!... လာကြပြီ"

"ဟိတ်ကောင် သခင် .. မင်းတို့ ပုန်းကြလေ"

"မပုန်းတော့ဘူး ကိုစိုင်းအောင် .. ဖွင့်ပေးလိုက်ပါ"

စိုင်းအောင် တံခါးပြေးဖွင့်လိုက်သည်။

"သမီး .. အမလေး .. လုပ်ရက်လိုက်တာအေ၊ ဟိုမှာ မင်္ဂလာ ဖိတ်စာတွေ ဝေထားပြီးသား၊ မာမီကို သေအောင် သတ်မလို့လား ဟင် .."

သင်းနုံ့သာ ရဲ့မာမီက အပြစ်တင်သည်လား .. တောင်းပန်သည် လား မသိသော စကားလုံးများနှင့် သမီးလုပ်သူကို ပြေးဆွဲသည်။

နောက်မှာ ရပ်ကွက်လူကြီးတချို့နှင့် ရဲတွေ ..၊ အားလုံး ဘာလုပ် ရမှန်းမသိ ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသခင် ဆိုတာ ဘယ်သူလဲ"

ရဲက အခန်းထဲမှာရှိနေသည့် ယောကျ်ားလေး သုံးယောက်ကို ဝေ့ကြည့်၍ မေးသည်။

"ကျွန်တော်ပါ"

မင်းသခင် က ရှေ့ထွက်လာသည်။

"ဟုတ်ပါတယ် .. သူပါပဲ၊ မင်းသခင် ဆိုတာ သူပါ၊ ဒီကောင်က သူ့ရုပ်လေးဖန်းပြပြီး မိန်းကလေးတွေကို ဒီလိုပဲ လိုက်ဖျက်ဆီးနေတာပါ၊ ခုလည်း ကျွန်မသမီးလေးကို ရုပ်ရှင်ကြည့်ဖို့ချိန်းပြီး ကားပေါ်ဆွဲတင်သွားတာ အားလုံး မြင်ပါတယ်ရှင်"

ဟသ်ာ ဆတ်ခနဲ တုန်သွားသည်။

မင်းသခင် မျက်နှာနီရဲလျက် ဘာစကားမှ မဆိုနိုင် ..၊

သင်းနဲ့သာ က နှုတ်ခမ်းတင်းတင်းစေ့ထား၍ မင်းသခင် မျက်နှာကို စူးစိုက်ကြည့်နေသည်။

မျက်ဝန်းတို့က လွန်စွာ ကြောက်မက်ဖွယ်ကောင်းအောင် တင်းမာနေ၏။

အစက ဘာတွေဖြစ်လာခဲ့ကြမှန်း မသိ၍ စိုင်းအောင် နဲ့ ထွန်းထွန်း တို့လည်း ဘာဝင်ပြောရမှန်း မသိကြပေ။

ဟသ်ာ က မင်းသခင် ရှေ့မှာ ဝင်ရပ်လိုက်ကာ ...

"မင်းသခင် က ကျွန်မကို ခိုးလာတာပါ၊ ကျွန်မက ကား လိုချင်တာနဲ့ သင်း ကို အကူအညီတောင်းပြီး ဒီထိ ခေါ်လာခဲ့တာပါ၊





သင်း .."

ဟသ်ာ က ဘယ်သူမှ မထင်မှတ်စွာ တည်ငြိမ်အေးဆေးသော မျက်ဝန်းများနှင့် သင်း ကို လှည့်ကြည့်သည်။

"ရှိခဲ့ကြဖူးတဲ့ သံယောဇဉ်ကို ငဲ့သင့်ပါတယ် သင်း .. ခုနက မင်း ပြောခဲ့သလို ထပ်ပြောလိုက်ပါ"

မိန်းကလေးနှစ်ယောက်ကို အားလုံးက စူးစိုက် အကဲခတ်နေကြသည်။

"သမီး .. သမီး ရုပ်ရှင်သွားကြည့်တုန်း သူ ဖွတ်ခေါ်လာတာ မဟုတ်လား၊ ပြောလိုက်လေ .."

သမီးရဲ့ပုံစံက သိပ်ငြင်းငြင်းဖယ်ဖယ် မရှိတာကြောင့် ကိုယ့်ဘက်ပါပြီအထင်နှင့် မအေလုပ်သူက လိုရာကို ဖွတ်ပဲ ဆွဲယူနေသည်။

သင်းနဲ့သာ က ဟသ်ာ ကို စိုက်ကြည့်နေရာမှ မင်းသခင် ကို ဖျတ်ခနဲ လှမ်းကြည့်သည်။

ဒီအချိန်မှာ မင်းသခင် ကသာ ..၊

"ပြန်လိုက်မသွားရဘူး .. လိုက်မသွားပါနဲ့ သင်း ရယ်" ဆိုလျှင်...

"အို!.. မဟုတ်ဘူး .. သူ ဘယ်တော့မှ တားမှာလည်း မဟုတ်ဘူး"

"သူ ငါ့ကို ချစ်တာမှ မဟုတ်တာ"

သင်းနဲ့သာ မျက်ရည်တွေ ဝိုင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ သူ့စကားတစ်ခွန်းကသာ ...။

"လိုချင်ရင်လည်း အကောင်းတိုင်း ယူပါ၊ မယူချင်ရင်လည်း မဖျက်ဆီးပါနဲ့"

"ဟာသ်ာ မေတ္တာရပ်ခံနေတာပါ"

သင်းနှံ့သာ အားလုံးဘက်ကို လှည့်သည်။

"သမီးနဲ့ ဘာမှမဆိုင်ဘူး မာမီ၊ နိုးကြတာက သူတို့ပါ၊ သမီးက အဖော်လိုက်ပေးတာ"

"ဟင်!..."

ရဲတွေရော လူကြီးတွေပါ မျက်စိလည်ကုန်သည်။

ဒီနည်းနဲ့မှ မရှင်းလျှင် ဒီကိစ္စက တစ်ထိုင်တည်း ပြီးသွားမှာ မဟုတ်ပေ။

မာမီ အစရှိလာတဲ့ပုံက မင်းသခင် ကို ဒုက္ခပေးဖို့ အစီအစဉ်တွေ အပြည့် ...။

သူ့အချစ်ကို မယုံရဲတော့လို့ သင်း ရန်းထွက်ချင်တယ် ထား...၊ မာမီက အေးချမ်းစွာ လှည့်ပြန်မှာ မဟုတ် ...။

ဒါကြောင့် သင်းနှံ့သာ ဟာသ်ာ ချပေးတဲ့လမ်းအတိုင်းပဲ လျှောက်ခဲ့ခြင်း ဖြစ်သည်။

ပြဿနာက ရှုပ်ထွေးလှစွာဆင်လာပြီး ဘာမှ ရှေ့ဆက်လို့မရတော့ဘဲ ပြီးဆုံးသွားခဲ့သည်။

လူကြီးတွေ လှည့်ပြန်သွားကြသည်။





မာမီက သင်းနှံ့သာ ကို ခုထိ မလွှတ်ဘဲ ဖက်ထားသည်။

ကြေကွဲသောမျက်ဝန်းတို့က မင်းသခင် ဆီမှာ စူးနစ်စွာ ...။

"ယူ ကိုယ့်ကိုယ်ကိုယ် နားလည်အောင် ကြိုးစားပါဦး၊ နောက်ထပ်တစ်ယောက် တန်ဆာခံ မဖြစ်ရအောင်ပေါ့"

အားလုံး နဂိုအတိုင်း ကျန်ခဲ့ကြတော့ အချိန်က ...၊

ညဉ့် တစ်နာရီတိတိ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဟယ် .. သားငယ်"

"သမီး .."

"မောင်လေးတို့ ပြန်လာပြီ"

ဟသ်ာ တို့အိမ်လေးပေါ်မှာ လူကြီးတွေ စုံလို့ပါလား ..။ မင်းသခင် နဲ့ ဟသ်ာ တို့ ခြေလှမ်းတွေ တုံ့သွားကြသည်။

"လာကြဟေ့ .. သြော် .. လုပ်တုန်းက လုပ်ခဲ့ကြပြီး ခုမှ ကြောက်နေကြပြန်ပါပြီ"

"လာပါကွယ် .. မင်းတို့ကို မေမေတို့က သဘောတူထားပြီးသားပါ၊ ဘာဖြစ်လို့ ဆန္ဒစောပြီး ထင်ရာစွတ်လုပ်ကြတာလဲ၊ တင့်တင့်တယ်





တယ် တောင်းရမ်းလက်ထပ်ပေးဖို့ဟာ၊ ခုတော့ ဗရုတ်သုတ်ခ ထဖြစ်ကုန်ပြီ"

ဒေါ်နွဲ့မိုး က အပြစ်တင်စကားပြောပေမယ့် မျက်နှာကတော့ ပြုံးနေသည်။

ဟသ်ာ က မင်းသခင် ကို မော့ကြည့်သည်။

မင်းသခင် က ပြန်ငုံ့ကြည့်၏။

"ဟဲ့ .. ဘာကြည့်နေကြတာလဲ၊ မောင်လေးနဲ့ ဟသ်ာ လာ‌လေ"

မလိှုင် က ကိုယ်တိုင်ထလာ၍ ဟသ်ာ လက်ကလေးကို ဆွဲခေါ်သည်။ ဟသ်ာ က လက်ကို ဖျတ်ခနဲ ရုန်းယူကာ ...

"သခင် .. နင် ပြောလိုက်လေ"

မင်းသခင် က ယောင်နနပုံစံ ..၊

"ဟဲ့ .. ဘာလဲ"

"ပြောလေ .. သခင်"

ဟသ်ာ က ဒေါသသံနှင့် ...

"မေမေ သားတို့ မမေ ထင်သလိုမဟုတ်ဘူး၊ ဟသ်ာ နဲ့သား.."

"ဘယ်လိုကွယ် .."

လူကြီးတွေမျက်နှာ ချက်ချင်း အရောင်ပြောင်းသွားကြသည်။

"မေမေတို့ ထင်သလို မဟုတ်ဘူးဆိုတော့ ဘယ်သူ ထင်သလို ဘာလုပ်လာကြတာလဲ"

"အေးကွယ် .. ဘာတွေဖြစ်ကုန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့ ထင်သလို မဟုတ်ဘူးဆိုတော့ ညက တစ်ညလုံး မင်းတို့နှစ်ယောက်က လမ်းလယ်ခေါင်ထိုင်ပြီး ပုံပြောတမ်း ကစားနေခဲ့ကြတာလား"

ဒေါ်နွဲ့မိုး မျက်နှာ တင်းနေပြီ ...။

မင်းသခင် ဘာမှဆက်မပြောဘဲ ခေါင်းငုံ့နေသဖြင့် ဟင်္သာ က...

"ဒီလိုပါ အန်တီ ...၊ သခင် က မိန်းမခိုးတာ .."

"ဟုတ်တယ်လေ .. သိလို့ အခု သမီးတို့ကိစ္စ လူကြီးချင်း လာတိုင်ပင်နေကြတာပေါ့"

"ဟင်္သာ နဲ့ ခိုးတာ မဟုတ်ဘူး"

"ဟင်!..."

ဒေါ်ရွှေငယ် က သမီးလုပ်သူမျက်နှာကို မကျေနပ်ခြင်းများနှင့် စူးစိုက်ကြည့်ကာ ...

"ဟင်္သာ နဲ့ ခိုးတာ မဟုတ်ဘူး .. ဟုတ်လား၊ မဟုတ်ဘဲ ညည်းက ဘာကိစ္စ သူနဲ့ တစ်ညလုံး လိုက်နေရတာလဲ၊ ဟင်္သာငယ် .. ဒါ ထုတ်ဆီးတိုးတမ်း ကစားနေတာ မဟုတ်ဘူးနော်"

"ဟုတ်ပါတယ် မေမေ၊ ဟို .. ဒါပေမယ့် အဲဒါ မဟုတ်ဘူး"

"ဘာ!..."

"ဟုတ်ပါတယ်ဆိုတာ သမီး သူနဲ့ လိုက်သွားတာကို ပြောတာပါ၊ မဟုတ်ဘူးဆိုတာက ခိုးရာလိုက်တာ ဟင်္သာ မဟုတ်ဘူး"

"မိဟင်္သာ .."





ဒေါ်ရွှေငယ် ဆတ်ခနဲ ထရပ်လိုက်သည်။ မျက်လုံးတို့က မီးဝင်းဝင်းတောက်နေသည့်နှယ် ...။

"ဒါ မိန်းမကောင်းတစ်ယောက် ပြောရမယ့်စကားလားဟင်၊ ညည်းကို ငါ သတ်မိတော့မယ်နော်"

"ခဏနေကြပါဦး .. အန်တီနဲ့ မေမေတို့ရယ် .."

မလတ် က ကြားဝင်သည်။

မင်းသခင် နဲ့ ဟင်္သာ ဘယ်လိုဇယားရှုပ်တတ်ကြတာကို မလတ် က သိထားသည်မို့ ဒီကိစ္စ တစ်ခုခုတော့ လွဲနေပြီဆိုတာကို အကဲခတ်မိကာ ...

"လာ .. ဟင်္သာ နဲ့မောင်လေး ဒီနား လာထိုင်စမ်း၊ မေမေ သူတို့ ပြောတာကို သေသေချာချာ နားထောင်လိုက်ပါဦး၊ ပြီးမှ .."

ဒေါ်နွဲ့မိုး ကလည်း မကျေနပ်ပေ ...။

"သေသေချာချာ နားထောင်လည်း လုပ်ဖို့က တစ်လမ်းပဲရှိတယ်၊ ကဲ .. ပြော .."

ဟင်္သာ က မင်းသခင် ကို လှည့်ကြည့်သည်။

မင်းသခင် က ဘာကိုမှလည်း မကြည့်၊ ဘာမှလည်း မပြောဘဲ ကြမ်းပြင်ကိုစိုက်ကြည့်၍ လုံးဝ မလှုပ်သည်နှင့် ဟင်္သာ ကပဲ ...

"သူချစ်သူက သင်းနု့သာ ပါ၊ သင်းနု့သာ ကို သွားခိုးတာမှာ ဟင်္သာ က ပါသွားပြီး ဟို .. လူကြီးတွေလိုက်တော့ ထွက်ပြေးကြရင်း ဟင်္သာ က ဆက်ပါသွားတယ်၊ ပဲခူးက သခင့် ရဲ့သူငယ်ချင်းအိမ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ အချိန်မရှိတော့တာနဲ့ ဟင်္သာ မပြန်နိုင်တာပါ၊ အဲဒီမှာ.."

ဟင်္သာ ဘာဆက်ပြောရမှန်း မသိတော့ပေ။

မင်းသခင် ရဲ့ပုံစံကို မကျေနပ်၍ သင်းနံ့သာ ဖန်တီး ရှန်းထွက်သွားသည့်ကိစ္စကို ဘယ်လို ဆက်ရှင်းရမှန်း မသိတော့ ..၊

ဘယ်လိုပဲ လှည့်ပတ်ရှင်းရှင်း မြားဦးက ကိုယ့်ဘက်လှည့်ဖို့ချည်း ဖြစ်နေသည်။

ခိုးရာလိုက်ပြေးတဲ့မိန်းမက ဘာလို့ ပြန်သွားတာလဲဆို ဘယ်လို ဆက်ပြောမလဲ ..၊ ဟင်္သာ ချွေးပြန်လာသည်။

"ဒါဆို မောင်လေး ခိုးလာတဲ့ သင်းနံ့သာ က ဘယ်မှာလဲ .."

မလတ် က ကောက်မေးသည်။

"သူ့အမေနဲ့ ပြန်လိုက်သွားပြီ"

မင်းသခင် က တုံးတိတိ ဖြေ၏။

"အမလေး .. လွယ်လှချေလား၊ ကိုယ့်ချစ်သူနဲ့ ခွဲခေါ်သွားတာ ဒီလိုပဲ လွယ်လွယ်လေး ပါသွားသလား"

မလတ် က မင်းသခင် ပြောပုံကို နင်း၍ ဝေဖန်သည်။

"ဘာလဲ .. မောင်လေးက ရုပ်ရှင်ထဲကလို မိဘလက်ထဲကနေ သူ့ရဲ့ကောင်းကြီးလုပ်ပြီး သက်စွန့်ဆံဖျား သွားပြန်ခိုးမလို့လား"

မင်းသခင် ဖျတ်ခနဲ မော့ကြည့်ပြီးမှ ဘာမှမပြောဘဲ မျက်နှာ ပြန်လွှဲပစ်သည်။

ငြင်းလေ .. ဘာဖြစ်လို့ မငြင်းတာလဲ။





မင်းသခင် ကို ကြည့်၍ ဟင်္သာ အသည်းတွေယားနေသည်။ ဒေါသလည်း ဖြစ်နေ၏။

ကိုယ့်မှာတော့ တစ်ယောက်တည်း ဒိုင်ခံ။

"တော်ပြီ .. တော်ပြီ၊ သားငယ် ဘယ်သူ့ကို ခိုးတာပဲဖြစ်ဖြစ် မေမေ သဘောလည်း မတူဘူး၊ လက်လည်း မခံဘူး၊ အစကတည်းက သားငယ်နဲ့ ဟင်္သာ ကို လက်ထပ်ပေးဖို့ မေမေတို့က စီစဉ်ထားပြီးသား၊ အခု မင်းတို့နှစ်ယောက် ခိုးပြေးတယ်ဆိုတဲ့ သတင်းက ပြန့်နေပြီ၊ မူလအစီအစဉ်အတိုင်း လက်ထပ်ပေးဖို့ပဲ ရှိတော့တယ်"

"အို .. မဟုတ်ဘူး၊ သမီးတို့ ဘာမှမှ မဟုတ်တာ"

ဟင်္သာ က ခါးခါးသီး ငြင်းသည်။

"တိတ်စမ်း .."

ဒေါသထွက်ခဲ့သော ဦးဘမင်း အသံက ဟိန်းနေသည်။

"သမီး လိမ္မာလှ လိမ္မာလှနဲ့ ဒီလောက် မိုက်မဲရသလား .. ဟင်၊ မိန်းကလေးတစ်ယောက်က ယောကျာ်းလေးတစ်ယောက်နဲ့ တစ်ညလုံး အတူပျောက်နေတဲ့အဖြစ်ဟာ ခိုးရာလိုက်ပြေးတာလည်း မဟုတ်ဘူးဆိုတော့ ဘယ်လောက် ရှက်ဖို့ကောင်းသလဲ၊ ဒီကိစ္စ သမီး ခုလို ငြင်းနေသင့်သလား ..၊ ယောကျာ်းလေးရှင်ဘက်က လိုလိုလားလား ဒီမံပေးတာကို ကျေးဇူးတင်ရဦးမှာ၊ ခွေးလိုမိုက်တဲ့ သမီး .."

ဦးဘမင်း အသားတွေ တုန်နေသည်။

ခုနေသာ မင်းသခင် နဲ့ ဘာမှမဆိုင်ဘူးဆိုပြီး သူ့တို့ရဲ့သားကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲပြန်သွားလျှင် ...

တွေးတောင် မကြည့်ရဲ ...။

ကိုယ်က မိန်းကလေး၊ ဟသ်ာငယ် ဘဝ အကောင်းတိုင်း ကျန်ဦး မှာတဲ့လား ...၊ သမီးမျက်နှာကို ကြည့်ရင်း ဒေါ်သက ငြိမ်သက်မသွား ဘဲ ရှိလေသည်။

"တော်တော်ရှုပ်ကြတဲ့ ကလေးတွေ၊ မနဲ့မိုး .. သမီးကို ခင်များ တို့လက် အပ်ပါတယ်ဗျာ၊ ဒီကိစ္စ အမြန်ဆုံးသာ စီစဉ်လိုက်ကြပါ"

"ကောင်းပါပြီ ဦးဘမင်း"

ဟသ်ာ အားလုံးကို ထိတ်လန့်စွာ လိုက်ကြည့်လျက် မထင်မှတ် ဘဲ ယောကျ်ားယူရတော့မယ့် ကိုယ့်အဖြစ်ကို ငြင်းဆန်ဖို့လည်း ခွန်အားမဲ့နေပြီဖြစ်ရာ ...။

"လာလေ သား .. ထိုင်ဦး၊ သမီး ရေချိုးနေတယ်"

"ဟုတ်ကဲ့"

ဒေါ်ရွှေငယ် က ခြွေထားပြီးသည့် ချဉ်ပေါင်ရိုးတွေကို ဇကာထဲ စုထည့်ကာ ...

"သမီး ထွက်လာရင် ဒါတွေ သွားစိုက်ထားဖို့ ပြောလိုက်ဦးနော် သား .."





"ဟုတ်ကဲ့"

"အမေကြီး ပြီးပြီလားဟေ့"

"ပြီးပြီ .. သွားမယ်"

ဦးဘမင်း က ရုံးသွားဖို့ အားလုံးပြင်ဆင်ပြီး ထွက်လာသည်။

"မင်းတို့ ဖိတ်စာတွေ ဝေပြီးကြပြီလား"

"ပြီးပြီ ဦး .. ဦးတို့အတွက် ဖိတ်စာတွေရော ပြီးပြီလား၊ ကျွန်တော် ကူရဦးမလား"

"ဝေပြီးပြီကွယ့် .. ဖိတ်ရမယ့်လူလည်း သိပ်မရှိလှပါဘူးကွယ်"

ဦးဘမင်း တို့ လင်မယား သားရေအိတ် အသီးသီးဆွဲ၍ ထွက် သွားကြသည်။

မင်းသခင် စားပွဲပေါ်မှာရှိသည့် ဂျာနယ်တစ်စောင် ကောက်ဖတ် ရင်း ...၊ မိနစ်များစွာ ကုန်လွန်အောင် စောင့်တဲ့အထိ ဟသ်ာ ထွက် မလာ။

မင်းသခင် အိမ်နောက်ဖေးဘက် ထလျှောက်လာခဲ့သည်။ ဟသ်ာ ဘယ်မှာမှ မရှိ ...။

စေ့ထားသည့် အိပ်ခန်းတံခါးရှေ့မှာ ရပ်၍ ...

"ဟသ်ာ .."

ဘာမှ တုံ့ပြန်မှုမရှိ။

"ဟသ်ာ .."

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ စောင့်နေတာ ကြာလှပြီ၊ ဘာဖြစ်လို့ ထွက်မလာတာလဲ"

"မလာချင်လို့"

"ငါ ဝင်လာခဲ့မယ်"

"မလာနဲ့ .."

မင်းသခင် က တံခါးကို တွန်းဖွင့်လိုက်ပြီးပြီ။

ဟသ်ာ က လက်ထဲကစာအုပ်ကို ဖျတ်ခနဲ ဆောင့်ချကာ ရှုပ်ပုပ်မျက်နှာနှင့် အိပ်ရာထက်က ထသည်။

"သူများအိပ်ခန်းထဲ ပိုင်စိုးပိုင်နင်း ဝင်စရာ မလိုဘူး၊ ခု ထွက်သွား .."

"ခန်းဝင်ပစ္စည်း သွားဝယ်ဖို့ ငါ လာခေါ်တာ"

"ဘာ!..."

ဟသ်ာ က ခါးထောက်သည်။

"ဘာ ခန်းဝင်ပစ္စည်းလဲ၊ ဘာခန်းမှ မဝင်ဘူး၊ နင့်ကိုလည်း လုံးဝ မေတ္တာမရှိဘူး၊ သွားဆို သွား .."

"ဟသ်ာ .. နင် ငါ့ကို ဒီထိ မပြောနဲ့နော်၊ ငါ ဒီလောက် အပြောခံမယ့်ကောင် မဟုတ်ဘူး"

"မဟုတ်တော့ နင်က ဘာလုပ်ချင်လို့လဲ၊ ငါ မှန်တာပြောတာ၊ နင့်လို ရည်းစားထားဖို့တစ်ခုတည်း ခေါင်းထဲထားပြီး တောင်လိုလို မြောက်လိုလို ရည်ရွယ်ချက်မဲ့နေတဲ့လူမျိုး ဘာမှ အထင်ကြီးစရာ မရှိဘူး၊ လူကြီးတွေရှေ့မှာ နင် ဘာမှမငြင်းဘဲ ငုတ်တုတ်ထိုင်နေကတည်း





က နင့်ကို ငါ မုန်းတာ၊ မကျေနပ်တာ .."

"ထိုင်မနေလို့ ငါက ဘာလုပ်ရမှာလဲ"

"ငြင်းပေါ့ .. ဖြစ်တဲ့အကြောင်း ရှင်းပြပြီး လက်ထပ်ဖို့ကိစ္စကို ငြင်းပေါ့"

"ငါ ငြင်းလိုက်ရင် နင် ဘာဖြစ်သွားမလဲ သိလား"

"ဘာမှဖြစ်စရာမရှိဘူး .. အမှန်တရားကို နင်နဲ့ငါ သိဖို့ပဲ လိုတယ်၊ ခုတော့ .."

"နင် ငါ့ကို သက်သက် ရန်လိုနေတာ၊ ငါ မငြင်းခဲ့တာ နင်နဲ့ နင့်မိဘတွေကြောင့် သိလား၊ ငါ နင့်ကို .."

"မပြောနဲ့ .. မိဘကြောင့်ပဲဖြစ်ဖြစ် ဘာကြောင့်ပဲဖြစ်ဖြစ် နင်ဟာ အခွင့်အရေးသမားဆိုတာ ငါ သဘောပေါက်သွားပြီ"

"ဟသ်ာ .. နင် တော်နော်"

"မတော်နိုင်ဘူး .. ဒီမှာ သခင်၊ ငါက နင့်လောက် မချောပါဘူး၊ နင့်ထက်လည်း အများကြီး ဆင်းရဲတယ်၊ ဒါပေမယ့် အားလုံး နင့်ထက် သန့်ရှင်းတယ်၊ ငါ့နှလုံးသားကလည်း သိဝ်ကို အပြစ်ကင်းတယ်၊ ငါ့ နှလုံးသားကို အမှတ်တမဲ့ ကောက်ယူခံလိုက်ရတဲ့အဖြစ်မျိုး ဘယ်တော့မှ မဖြစ်စေရဘူး၊ နင် ငါ့ကို လှူပဲ ရမယ်၊ ကျန်တာ ဆောရီးပဲ"

"နင့်ကို ငါ အမှတ်တမဲ့ ကောက်ယူခဲ့တာ မဟုတ်ဘူး ဟသ်ာ၊ လိုလိုချင်ချင် ယူခဲ့တာ၊ မြတ်မြတ်နိုးနိုး ကောက်ယူခဲ့တာ"

"အရှက်မရှိ လာပြောမနေနဲ့ သခင်၊ ပါးစပ်ရှိရင် မိန်းမတိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးလို့ ရတယ်၊ နင့်ပါးစပ်က ထွက်လာသမျှ ဘာစကားမှ အထင်ကြီးစရာ မရှိဘူး''

မင်းသခင် အံ့ကြိတ်လျက် ဟင်္သာ ကို စိုက်ကြည့်နေသည်။

''နင်ဟာ မိန်းမတစ်ယောက်ကို မချစ်ဘဲ နမ်းရဲတဲ့သူ၊ မလိုချင်ဘဲ လက်ထပ်နိုင်တဲ့သူ၊ သင်းနံ့သာ ရဲ့မျက်ရည်စက်တွေ အားလုံး ငါ့နှလုံးသားမှာ စွန်းကျန်ခဲ့တယ် .. သိရဲ့လား''

''အဲဒါ နင့်ကြောင့်လေ၊ နင်ပဲ ဒီမိန်းမကို လက်ထပ်မှ အထင်ကြီးမယ်ဆို ..''

''ဪ .. ဟော် နင်က ငါ အထင်ကြီးဖို့အတွက် မိန်းမတစ်ယောက်ရဲ့ဘဝကို မချစ်ဘဲ ဖျက်ဆီးဖို့ ပြင်ခဲ့တာပေါ့''

''သူ့ကို တကယ် လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ၊ ဒါပေမယ့် အဲဒါ နင့်ကို ချစ်လို့ ..''

''ဘာ!... ဘာပြောတယ် သခင်''

ဟင်္သာ က မျက်နှာလေးရှေ့သို့လှည့်ကာ တကယ် အံ့ဩဟန်လေးနှင့် မေးသည်။

''ဟုတ်တယ် .. အချစ်ဆိုတာကို ငါ နင့်ကို ချစ်မိလာမှ နားလည်ခဲ့တာ၊ ငါ့ကိုဆိုရင် လိုက်လျောကြလွန်းတဲ့ မိန်းမတွေများတာကို သာယာခဲ့တာကတော့ မှန်တယ်၊ ဒါပေမယ့် ငါ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး။ အဲဒါ ငါ့အချစ်၊ ငါ့သံယောဇဉ်အားလုံး နင့်ဆီမှာ စုပုံထားပြီးသား ဖြစ်နေလို့ပဲ၊ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်စည်းကြိုးခြားပြီး ငါ့





ကိုယ်ငါတောင် မဆန်းစစ်ခဲ့မိဘူး''

မင်းသခင် က ဟင်္သာ ရဲ့အိပ်ရာဆီ လျှောက်သွားကာ မပြောမဆို ဝက်လက်ကြီး လှဲအိပ်ချလိုက်သည်။

''ဒေါက်တာ ထွတ်မြတ်ဇင် နဲ့ နင့်ကို အတူတွေ့လိုက်ရတဲ့နေ့ အဲဒီနေ့က ငါ တစ်ညလုံး အိပ်လို့မရဘူး၊ နင့်ကို ဘယ်ယောကျ်ားလေးမှ ကြည့်တာတောင် မကြိုက်နိုင်ခဲ့တာ အဲဒီညကမှ ငါ သဘောပေါက်လိုက်တယ်''

မင်းသခင် ဖျတ်ခနဲ ထထိုင်လိုက်ကာ ...

''မနက်ကျတော့ နင့်ကို ငါ ဖွင့်ပြောဖို့ အားတင်းပြီး လာခဲ့တာ၊ ဒါပေမယ့် ငါ မပြောရသေးဘူး နင့်ဆီက အထင်မြင်သေးတဲ့စကားတွေ၊ ငါ့ကို လက်မခံနိုင်တဲ့အကြောင်းတွေ ငါ သိခဲ့ရတယ်၊ ငါက သဝန်တိုသလောက် နင်ကတော့ သင်းနံ့သာ နဲ့ပဲ ငါ့ကို သိပ်ဖြစ်စေချင်နေတာကို ငါ ရင်နာတာ၊ တစ်ဖက်ကို မတွက်မိဘဲ ငါ နင့်ကို ရွဲ့ခဲ့မိတာ ငါ မှားပါတယ်''

''သိပ်မှားတာပေါ့ .. အဲဒီအမှားအတွက် နင် တစ်သက်လုံး ပေးဆပ်ရမှာကတော့ အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရင်ထဲမှာ နင့်ကို သူငယ်ချင်းဆိုတဲ့သံယောဇဉ်ထက် ပိုပြီး ဘယ်လိုမှ အထင်ကြီး ကိုးကွယ်မှာ မဟုတ်လို့ပဲ''

''ဟင်္သာ ..''

''နင့်ကို ငါ လုံးဝ မချစ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ချစ်တယ်"

"ဟား .. ဟား .. ဟား ..."

ဟင်္သာ က တမင် အသံကျယ်ကျယ်ရယ်ကာ ...

"နင်ချစ်တတ်မှန်း ငါ သိပါတယ်၊ ဒါ ဘာဆန်းလို့လဲ"

"မဟုတ်ဘူး .. ငါ ခုမှချစ်တတ်တာ၊ ငါ ဘယ်မိန်းမကိုမှ မချစ်ခဲ့သေးဘူး"

"တော်တော့ သခင်၊ နင်က ပြောရဲပေမယ့် ငါ နားရှက်တယ်၊ အချစ်မပါဘဲ 'ပန်းစားဘီလူး' ဆိုတဲ့ဘွဲ့ရအောင် နင် ရှုပ်ခဲ့တာတွေကို ငါ ရွံတယ်"

"အဲဒါ .."

"နင်ပဲလေ .. နင်လုပ်ခဲ့တာ၊ ညစ်နွမ်းခဲ့တဲ့အတိတ်ဟာ ရွှေဦးရဲ့လေရှူးလို့ အချိန်ရောက်လာတိုင်း ကိုယ့်ရဲ့နောက်မှာ တသုန်သုန် တိုက်နေမှာပဲ၊ အခု နင့်ကြောင့် ငါ့ဘဝပါ ညစ်နွမ်းရတော့မယ်"

"ဟင်္သာ .. နင် ငါ့ရဲ့စိတ်ကို ဒီစကားတွေနဲ့ နှိုးဆွပြီး ငါ့ကို မနှိပ်စက်ပါနဲ့၊ ငယ်သူတို့သဘာဝ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းခဲ့ကြတုန်းက ငါ့ဘေးမှာ နင် အမြဲရှိနေခဲ့တာပါ၊ နားအလည်သင့်ဆုံး ဖြစ်သင့်တဲ့လူက အဆိုးဝါးဆုံး တိုက်ခိုက်နေတာ ငါ ဘယ်လိုတုံ့ပြန်ရမှာလဲ"

"ကြိုက်သလို တုံ့ပြန်ပေါ့၊ ငါ နင့်အနားမှာ သူငယ်ချင်းအဖြစ်ပဲ ရှိချင်တာ၊ ဇနီးမယားအဖြစ်ကို လုံးဝ လက်မခံနိုင်ဘူး"





မင်းသခင် က အိပ်ရာခေါင်းရင်းမှာ ခပ်လျောလျောမှီချလိုက်ပြီး ဟင်္သာ ရဲ့ခေါင်းအုံးလေးကို ဆွဲယူကာ ရင်ခွင်ထဲမှာ မြုပ်နေအောင် အကျ၍ နမ်းရှိုက်လိုက်သည်။

ဟင်္သာ မျက်နှာလေး နီရဲသွားကာ တစ်ဖက်လှည့်ပစ်လိုက်မိသည်။

"နင့်ကို ငါ သိပ်ချစ်တယ် ဟင်္သာ... မြတ်မြတ်နိုးနိုး ချစ်တာ၊ ရှိုက်ရှိုက်လှိုက်လှိုက် ချစ်တာ၊ နင် ယုံချင်ယုံ မယုံချင် နေ၊ အခု ချစ်ချစ်မချစ်ချစ် နင့်အချစ်ကို ငါ ရအောင်ယူမယ်"

"ရုပ်ကြီးကလည်းကွာ ပြုံးအီနေတာပဲ"

"အေးလေ .. ဟိုတစ်ညကတော့ ဟင်္သာလေး ကို ပြန်လွှတ်ရမှာ နိုးလို့ မျက်နှာကြီးက အီးမှန်ထားတဲ့အတိုင်း .."

"ဟီး .. ဟီး .. ဥစ္စာရင်းမှန်လို့ .. ဥစ္စာရင်းမှန်လို့ .."

ထွန်းထွန်း တို့ ဝိုင်းစနေကြသည်။ ဟင်္သာ မျက်နှာလေး နီမြန်းဘင်းမာလျက် လက်ကို အတင်းရုန်းနေလျက် ..၊

မင်းသခင် က ခပ်တင်းတင်းချုပ်ဖက်ထား၍ အပြုံးမပျက် ညှိခံနေ၏။

မင်္ဂလာပွဲက ချက်ချင်းကြီး ထလုပ်လိုက်ရတာပေမယ့် စည်ကား



www.burmeseclassic.com

www.burmeseclassic.com



နေသည်သာ ...။

"သမီးရေ .. ခဏ"

မေမေ့ခေါ်သံ ကြားမှ မင်းသခင် ဟသ်ာ ပခုံးလေးကို မလွှတ်ချင် လွှတ်ချင်နှင့် လွှတ်ပေးလိုက်ရသည်။

"ဟိတ်ကောင် .. အမလေး လိုက်ကြည့်နေလိုက်တာကွာ၊ လေယာဉ်ပေါ်တက်တော့မယ့်လူကို ကြည့်သလိုပဲ၊ ဘယ်မှ ပါသွားမှာ မဟုတ်ဘူး၊ အဲဒါ မင်းမိန်းမပါ"

"မင်းတို့ တအား စတာနဲ့ ဟသ်ာ ရှက်နေတာ"

"သခင် .. မင်း ဟသ်ာ ကို သိပ်ချစ်တာပဲလား"

"ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ အတိုင်းအဆမရှိ ထားစရာမရှိအောင်ကို ချစ်တာ .."

"လုပ်လိုက်ကွ"

မင်းသခင် က သူတို့စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ဟသ်ာ ကို ငါ ငယ်ငယ်ကတည်းက ချစ်တာကွ၊ အရွယ်ရောက်လာတော့ အချစ်က ဘယ်အချိန် အရောင်ပြောင်းသွားလိုက်မှန်း မသိဘူး၊ ငါ့ရင်ထဲမှာ ဟသ်ာ တစ်ယောက်ပဲ ရှိနေခဲ့တာ"

"သိသားပဲ .. ပြောတော့လည်း မကြိုက်ဘူး၊ မင်းကိုယ်မင်းသာ သတိမထားမိတာ၊ မင်းပုံစံက သိပ်အကဲခတ်ရ လွယ်တာပဲ၊ ဟသ်ာ နဲ့ပတ်သက်ရင် ရှူးရှူးနိုင်းနိုင်း .. ဒီပြင် မိန်းကလေးတွေဆို ရည်းစားထားပြီး အေးတိအေးစက် .."





"အေးလေ .. ရွှေလိုဥအောင် လှတဲ့မိန်းကလေးကိုတောင် ဂရုစိုက်ခဲ့ဘူး"

မင်းသခင် က နှုတ်ခမ်းစေ့ထားလျက် ခပ်မဲ့မဲ့ပြုံးလိုက်သည်။

"ဒါပေမယ့်-ဟသ်ာ က ငါ့ကို နားမလည်ပါဘူးကွာ၊ ငါ ချစ်ခဲ့၊ ဂရုစိုက်ခဲ့တဲ့အချစ်တွေကို မမြင်ဘူး၊ ငါ့ကို ပွေတယ်ရှုပ်တယ်ဆိုပြီး ခန်းနေတယ်"

"ဟ .. အဲဒါ သူ့အသိပဲ၊ သူ့ကိုယ်တိုင် ကူညီခဲ့တဲ့ကိစ္စတွေပဲဟာ"

"အဲဒါ သူငယ်ချင်းလို ခင်လို့တဲ့ကွာ .. ဇနီးမယားလို မချစ်နိုင်ဘူးတဲ့"

"ခက်လိုက်တာ .."

"အဲဒါပေါ့၊ လွယ်မယောင်နဲ့ခက် ဆိုတာ"

"အားမလျှော့ပါနဲ့ကွာ .. ကိုယ်ပိုင်ပြီပဲဟာ၊ နောက်တော့ ချစ်လာမှာပေါ့"

"မင်းကလည်း သူငယ်ချင်းတုန်းကလို ရန်တကျက်ကျက် ဖြစ်နေနဲ့တော့၊ ချော့ချော့မော့မော့ ဆက်ဆံပေါ့၊ ဟိုတုန်းကတော့ 'ပညာသို သူတောင်းစား' တဲ့၊ မင်းကျတော့ 'အချစ်လို ကယ်ပါ' ပေါ့ကွာ"

သူငယ်ချင်းတွေနဲ့တွေ့တော့ ခံစားချက်တွေ ရင်ဖွင့်ပြမိသည်။ သိပ်ချစ်တယ် ဟသ်ာ ရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. အားလုံးလည်း ပင်ပန်းနေကြပြီ၊ မမရွှေ တို့ ပြန်ဖို့ ကျွန်မ စီစဉ်လိုက်ဦးမယ်"

"ခဏနေဦး မနဲ့ ရယ် .. သမီးကို နည်းနည်း ဆုံးမရဦးမယ်၊ မနဲ့ တို့ကိုလည်း အပ်ပါတယ်၊ မတော်တာတွေ့ရင် ဆုံးမပါနော်"

"အမလေး .. ဟသ်ာ က လိမ္မာပြီးသားပါ၊ သူတို့ သူငယ်ချင်း နှစ်ယောက် ဆုံလိုက်ရင်သာ ဆိုးကြတာ၊ အားလုံး တော်ပြီးသား"

ဒေါ်နှဲ့မိုး တို့ မိသားစုက အရင် ခြံချင်းကပ်လျက် နေလာကတည်းက ဟသ်ာငယ် ကို တစ်အိမ်လုံးက ချစ်ကြသည်။

ညိုညိုသေးသေးကလေးပေမယ့် ပါးပြင်မှာ မွေးညှင်းနုနုတွေဖုံး၍ သွေးကြောလေးတွေ မြင်နေရလောက်အောင် နုနယ်သည့် ဟသ်ာ က ငယ်ငယ်ကတည်းက မျက်နှာမြင် ချစ်ခင်ပါစေဆိုသည့် ဆုတောင်းနဲ့ ပြည့်တဲ့သူ။

"ကိုမောင် ကိုတောင် လှမ်းအကြောင်းကြားရုံပဲ ကြားနိုင်တော့တယ်၊ သူလည်း ပြန်မလာဖြစ်သေးဘူးတဲ့၊ သားကို ကျောင်းပြီးရင် လှမ်းခေါ်ဖို့တောင် စီစဉ်ထားတာတဲ့၊ ဒါပေမယ့် မင်္ဂလာကိစ္စကို ဘမောင် က သဘောတူပါတယ်၊ မလာနိုင်တာတောင် စိတ်မကောင်းဘူးတဲ့၊ မကြာခင် လက်ဖွဲ့ရောက်လာလိမ့်မယ်၊ သမီးအတွက် စိတ်ချပါ .. နဲ့ တို့က ဟသ်ာငယ် ကို ချစ်ကြပြီးသား"

ဒေါ်ရွှေငယ် ပြုံးနေသည်။ သမီးလေးအတွက် စိတ်ချပြီ မဟုတ်လား ..။





"ကဲ .. စိတ်ချသွားပါပြီ၊ ဒါဖြင့်လည်း မမရွှေ တို့ ပြန်တော့မယ်နော်"

"ဟုတ်ကဲ့ .. မောင်ဝင်း ရေ .."

"ဗျာ .."

"မမရွှေ တို့ကို လိုက်ပို့လိုက်ပါဦး"

"ဟုတ်ကဲ့"

ဒေါ်ရွှေငယ် တို့ ပြန်သွားကြလျှင် ဒေါ်နှဲ့မိုး က ...

"သားရေ .. သားငယ်"

"ဗျာ .."

မင်းသခင် က ခြံထဲကနေ တက်လာသည်။

"ဟော .. သားငယ် ခြံထဲမှာ ဘာလုပ်နေတာလဲ၊ မေမေက အခန်းထဲရောက်နေပြီ မှတ်တာ၊ ဟသ်ာ ရော .."

"အခန်းထဲမှာ နေမှာပေါ့ မေမေ၊ သားက ဟိုကောင်တွေကို နှုတ်ဆက်နေတာ"

"သားတို့ လက်ဖွဲ့ပစ္စည်းတွေ ဖောက်ကြလေ၊ သွား .. ဟသ်ာ ကို သွားခေါ် ... မေမေတို့တော့ အိပ်တော့မယ်"

ဒေါ်နှဲ့မိုး က ကိုယ်ပေါ်က ခြုံပဝါကိုဖြုတ်ချ၍ အခေါက်ကလေး ပြုကာ အပေါ်ထပ် တက်သွားလေသည်။

"မောင်လေး .."

မလတ် က မင်းသခင် နား လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်္သာ နဲ့ ရန်ဖြစ်မနေနဲ့နော်၊ ကိုယ်က ယောက်ျားလေး၊ မိန်းမ နဲ့ ပြိုင်မဖြစ်ရဘူး"

"ဟုတ်ကဲ့ပါ"

မလတ် က မယုံကြည်သလို စိုက်ကြည့်နေပြီးမှ အပေါ်ထပ် လိုက်တက်သွားသည်။

မင်းသခင် လည်ပင်းက နက်ခ်တိုင်ကို ဖြုတ်ရင်း မဲ့လိုက်မိသည်။

မလတ် တို့ ဟင်္သာ ကိုဆို သိပ်သည်းကြသည်။ အတွေးက ဒေါသဝန်တိုခြင်းမဟုတ်ဘဲ ကြည်နူးပီတိများဖြင့်သာ...။

မင်းသခင် အခန်းရှေ့လျှောက်လာပြီး တံခါးကို အသာ တွန်းဖွင့်လိုက်သည်။

ပန်းနုရောင်ရဲနေသော နှစ်ယောက်အိပ်မွေ့ရာနှင့် အပွင့်အဆုပ်ကြီးများနှင့် လှပနေသည့် ခြင်ထောင်ကြီးက ရင်ထဲကို လှပ်ခနဲ ဖြစ်သွားစေ၏။

ဟင်္သာ ကို သူ ပိုင်ဆိုင်ခဲ့ရပြီ။

ချစ်ခြင်း၏နှုတ်ဆက်ခြင်းက ရင်ကို တဒိတ်ဒိတ် တိုးဆောင့်နှန့်လျက် ...

"ဟင်္သာ"

အခန်းထဲမှာ ဟင်္သာ ရှိမနေပါလား ...။

သူ အခန်းတွေထဲ လိုက်ရှာတော့ ရေချိုးသံကြားလိုက်ရသည်။





"ဟင်္သာ .."

တံခါးခေါက်၍ ခေါ်လိုက်သည်။

"ဟင်္သာ .. ရေချိုးနေတာလား"

"ဟုတ်တယ်"

"ဟာကွာ .. ဆယ့်တစ်နာရီတောင် ထိုးနေပြီ၊ ဒုက္ခပါပဲ .. မြန်မြန်လုပ် .."

မင်းသခင် ရပ်စောင့်နေသည်။

ဟင်္သာ တော်တော်နှင့်မထွက်ဘဲ ရေချိုးသံက မပြတ် ..၊

"ဟင်္သာ"

"ဘာလဲ .. ဘာဖြစ်နေတာလဲ"

"အအေးပတ်လိမ့်မယ်၊ မြန်မြန်လုပ်"

"ပတ်ပတ် .. သေသေ"

"ဟင်္သာ .. ငါ ဝင်လာမှာနော်"

အသံတိတ်သွားပြီး တအောင့်ကြာတော့ ဟင်္သာ ထွက်လာသည်။

"ဟာ!... နင် .. နင် .. ခေါင်းလျှော်တယ်"

မင်းသခင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

ဟင်္သာ က တဘက်စောင်လေးခြုံ၍ ရှေ့က ထွက်သွား၏။

မင်းသခင် ဒေါနမောနှင့် ကပ်ပါလာ၏။

"ဒီအချိန်ကြီး ခေါင်းလျှော်ရအောင် နင့်ခေါင်းမှာ ဘာတွေပေနေလို့လဲ ..၊ နောက်တစ်ရက်ကလေး စောင့်ရမှာ ဘာဖြစ်သွားမှာမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဟာငါ သန်းခေါင်ပဲ ထလျှော်လျှော် နင့်ကိစ္စလား သခင်"

"ငါ့ကိစ္စပေါ့၊ နင့်က ငါ့မိန်းမပဲ"

ဟသ်ာ က မဲ့သည်။

"နေပစေ .. ဖယ်"

"ဘာလို့ ဖယ်ရမှာလဲ"

ဆံပင်တွေကို မင်းသခင် က တဘက်နဲ့ အတင်းဆွဲသုတ်ပေးသည်။

"ပြီးမှ ဆက်သုတ်မယ်၊ အင်္ကျီ မြန်မြန်ဝတ်"

သူက အပြင်ထွက်သွားတုန်း ဟသ်ာ က အင်္ကျီပြီးအောင် ဝတ်သည်။

မင်းသခင် ပြန်လာတော့ လက်ထဲမှာ ဆံပင်မှုတ်တဲ့ ဒရိုင်ယာနှင့် ပလပ်ပြေးတစ် ခလုတ်ဖွင့်၍ ဟသ်ာ ဆံပင်တွေကို မခြောက်မချင်း မှုတ်ပေးနေသည်။

"တော်ပြီ .. ဖယ်"

"ခြောက်မှ မခြောက်သေးပဲ"

ဟသ်ာ ဆံပင်တွေကို ကျစ်ဆံမြီး ထိုင်ကျစ်နေတာကိုလည်း တစိမ့်စိမ့် ထိုင်ကြည့်နေ၏။

"သနပ်ခါးလိမ်းလေ"

"မလိမ်းဘူး"

"သွေးပေးမယ်"





"မလိမ်းပါဘူးဆို"

မင်းသခင် မျက်နှာကြီး တည်သွားသည်။

"အဲဒီ သနပ်ခါးနံ့ကို ငါ ရင်ခုန်ခဲ့ရတာ ဟိုတုန်းကတည်းက နော်၊ မလိမ်းလို့ မရဘူး"

မင်းသခင် တကဲကဲယ်ပဲ သနပ်ခါး ထသွေးနေသည်။

ဟသ်ာ က မလိမ်းဘူးဟု လုပ်နေလျှင် ဆွဲလိုက်ရန်းလိုက်နှင့် သုံးတွေးနေလေသည်။

တိမ်းမူးနေသော ရင်ခုန်သံစည်းချက်တို့ မြန်လာကာ မင်းသခင် က ဟသ်ာ မျက်နှာလေးကို ဆွဲမော့လိုက်သည်။

ဟသ်ာ အမျိုးမျိုး တိမ်းဖယ်ပေမယ့် မရ ..။

"သခင် .. နင် .. လွှတ်နော်"

ဟသ်ာ သည် ရုတ်တရက် အနမ်းပေးလိုက်ရသော်ငြား မျက်နှာ နှင်ခု ခွာလိုက်သည်နှင့် ...

"ဖြန်း .."

မင်းသခင် မျက်နှာ လှည့်ထွက်သွားသည်။

"ဟသ်ာ .."

ပါးတစ်ဖက်သည် ချက်ချင်း ညိုတက်လာကာ မထင်မှတ်ခဲ့သော ချက်ဝန်းတို့က ဟသ်ာ မျက်နှာပေါ်မှာ စူးစိုက်လျက် ..၊

ဟသ်ာ က စေ့စေ့ပြန်ကြည့်သည်။

"အံ့သြသွားသလား .. နင့်ရဲ့အနမ်းတွေကို ဒီပြင်မိန်းကလေး..."



www.burmeseclassic.com

www.burmeseclassic.com



မေ့မူးသွားချင်သွားမယ်၊ ငါကတော့ ရှုံတယ်၊ ချစ်တဲ့စကားတွေ ပလီပလာပြောပြီး အနမ်းများစွာ ချွေခဲ့ဖူးတဲ့ နှင့်နှုတ်ခမ်းတွေကို မသတ်ဘူး၊ ငါက ငါ့လို သန့်ရှင်းတဲ့ချစ်ခြင်းကိုပဲ မျှော်လင့်ခဲ့တာ၊ ဒီမှာ သခင် ..''

ဟသ်ာ က ဆုပ်ကိုင်ထားဆဲ မင်းသခင် ရဲ့လက်တွေကို ပုတ်ချပစ်လိုက်သည်။

''ငါ့ရဲ့ခန္ဓာကိုယ်ကို နှင် သိမ်းပိုက်ပေ့၊ ယုယမှုတွေ မပေးပါနဲ့၊ နှင်ပြောသမျှ စကား .. နှင်ပေးသမျှ အနမ်း .. ငါ ဘာမှမလိုချင်ဘူး၊ စကြားချင်ဘူး .. အဲဒါပဲ''

အိပ်ရာပေါ်တွင် စောင်ခြုံ၍ ဟသ်ာ က သူ့ကို ကျောခိုင်းထားလိုက်မိသည်။

ကျိန်းစပ်သွားသော လက်ဖဝါးတစ်ဖက်ကို ကိုယ့်ဘာသာ ပြန်ဆုပ်ထားလျက် မျက်ရည်စက်တွေ ကျလာကြသည်။ ကျော်တော့ လေသူကြီး ညားတော့ လေ့ထိုးသား တဲ့ ..။

ခိုးပြေးတော့ တစ်ယောက် .. ရတာက တစ်ယောက်တဲ့။

ဘယ်သူမှန်းမသိသော အများထဲက တစ်စုံတစ်ယောက်ဆီ ဟသ်ာ ကြားခဲ့ရသည်။

ညည်းခံပွဲထဲ အများသူငါထဲမှာ ဘယ်သူပြောလိုက်တာမှန်း မသိပေမယ့် သုံးပွင့်ဆိုင် ရှင်းခဲ့ကြရသော အရှုပ်ကို သိသူတစ်ယောက်ဖြစ်မှာတော့ အသေအချာပင် ..။





ခိုးတာကတော့ လိုချင်လို့ဆိုလျှင် ..

ရလို့ ယူလိုက်ရတာက မလွှဲသာလို့သာ ဖြစ်မည်။

ချစ်စကားတွေ တဖွဖွပြောနေသည့် မင်းသခင် ကို ဟသ်ာ မယုံပါ။ မချစ်တဲ့မိန်းကလေးတွေကိုတောင် သူ ဖက်ဆုပ်ရှိုက်နမ်းခဲ့သေးတာ၊ သူငယ်ချင်းသံယောဇဉ် ရှိထားပြီးသား ဟသ်ာ ကိုရော ရလို့ ယူထားလိုက်တဲ့သဘော မဖြစ်နိုင်ဘူးလား ..။

သူဟာ မချစ်အဲလည်း နမ်းရဲတဲ့သူ ..၊

အဲဒီအစွဲကြောင့် ဟသ်ာ မင်းသခင် ရဲ့အနမ်းတွေကို ကြောက်သည်။ ဒီအနမ်းတွေထဲမှာ ကိုယ်သာ မေ့မူးသွားခဲ့လျှင် ...

''အို ..''

ပြန်တွေးမိတာနှင့် ရင်တွေ တဖျတ်ဖျတ် ခုန်လာသည်။ ရှေ့ရှေ့က မိန်းကလေးတွေလို ဟသ်ာ သူ့အနမ်းအရှိုက်ကြားမှာ ပျော်ဝင်သွားလို့ မဖြစ် ..။

ဗီဇ ဆိုတာ ဖျောက်နိုင်ခဲတဲ့အရာ ..။

ကိုယ့်လက်ထဲကနေ သူ နောက်ထပ် အပျော်မရှာဘူးလို့ ပြောနိုင်မလား ..၊ ပြီးတော့ ရုပ်ရည်အားဖြင့် ကိုယ်က မင်းသခင် ရဲ့ ခြေဖျားတောင်မှ မမီ ..။

မယုံကြည်နိုင်ခြင်းအားလုံးရဲ့ အဆုံးသတ်မှာ အချစ်ကို တန်ဖိုးမထားတတ်စွာ ပြောင်းလဲတတ်လေသော လူတစ်ယောက်ကို နူးနူးနစ်နစ် ချစ်မိသွားမှာ ဟသ်ာ အကြောက်ဆုံး ..။



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားများခဲ့သော မင်းသခင် ရဲ့သမိုင်းကို ဟင်္သာ ကြောက်နေမိသည်။ ကိုယ့်ထက် များစွာလှပသော အလှတရားများကိုတောင် ဂရုမစိုက်ခဲ့တဲ့သူ ..။

ဟင်္သာ က ဘယ်လောက်ထိ စိုးမိုးနိုင်ပါ့မလဲ ..။

မွေ့ရာတစ်ချက် သိမ့်ခနဲ ညွတ်ကျသွားလျှင် ဟင်္သာ ခြေဖျား လက်ဖျားလေးတွေ အေးစက်သွားသည်။

ကိုယ်လုံးသည် ကြွတက်မြောက်ပါသွားကာ မင်းသခင် ရင်ခွင်ထဲ ရောက်သွားလေသည်။

"ဟင်္သာ .."

ပါးချင်းပွတ်တိုက်၍ မင်းသခင် က ခေါ်သည်။

ဟင်္သာ မျက်လုံးတွေမှိတ်ကာ အံလေး ကြိတ်ထားမိသည်။

"နင့်ကို ငါ သိပ်ချစ်တယ်၊ ရည်းစားများခဲ့တဲ့ ငါ့ရဲ့သမိုင်း မကောင်းခဲ့လို့ ငါ ခံစားရတာ ကျေနပ်ပါတယ်၊ ဒါပေမယ့် ဟင်္သာ ရယ် .. လေတိုက်နေတာချင်း တူပေမယ့် အရပ်မျက်နှာချင်း ကွာပါတယ်၊ အဲဒါကို သတိထားပြီး ခံစားကြည့်စမ်းပါ၊ ငါဟာ နင်ထင်သလို သွေးဆာနေတဲ့ ပန်းစားဘီလူး မဟုတ်ဘူး"

မင်းသခင် က ဟင်္သာ ကိုယ်လုံးလေးကို အသာလွှတ်ပေးလိုက်သည်။

"ငါ နင့်ကိုချစ်တာ သွေးဆာလို့ မဟုတ်ဘူး၊ ပကာသန အလှအပနဲ့လည်း မဆိုင်ဘူး၊ မျိုးစေ့ချလို့ အမြစ်တွယ်တာချင်း တူရင်





တောင် ငါ့အချစ်က ညောင်ခြေထောက်ပင်ကြီးလို နှစ်ပရိစ္ဆေဒ ခိုင်ခြံသွားမယ့်အချစ်မျိုးပါ၊ အဲဒါ နင် ယုံ"

ဟင်္သာ ရဲ့ နုအိသော ပါးဖောင်းဖောင်းလေး နွေးခနဲ ဖြစ်သွားသည်။

ပြီးတော့ ဟင်္သာ ကို ရိုက်ခနဲ တစ်ချက်ကြည့်ကာ မင်းသခင် သထွက်သွားလေသည်။

ဟင်္သာ လက်ဖျားလေးတွေ အေးနေဆဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

နှလုံးသားထဲက တေးသံ နာစ်ဝေသော် ××× ဘဝတစ်ခုလုံးနဲ့ ရင်းကာ ××× ရင် ×× ထဲ ×× က ×× ဝေား ×× သံတွေ ×× ကမ္ဘာဘုံကျယ်သရွေ့ ××× တည်စေသော်××× တည်ပါစေ သော်×××

မှန်ရာကို သစ္စာဆိုပါမည် ××× ဘုရားသခင်ထံ ××× တိုင်တည်ပူးပါသည် ××× ရင်မှာတစ်ယောက်တည်း ××× ချစ်ခဲ့ပူးပါသည် ××× မင်းကလွဲလို့ ××× ဘယ်သူ့မှ ××× ကိုယ် မချစ်ပြီ×××

ဂစ်တာသံက နားထဲသို့ တုန်ခါ ရောဝင်လာသည်။

ဘုရားပန်းလဲနေရာမှ ဟသ်ာ ခြံထဲသို့ ငုံ့ကြည့်လိုက်လျှင် ပန်းပင်တွေကြားက ခုန်းလေးပေါ်မှာ မင်းသခင် ဂစ်တာတီးလျက် ...





ကြွင်းနာသူ ××× သိစေချင်ပါသည် ××× ကိုယ့်ဝေဒနာ ××× မြှုပ်ခဲ့ပါသည် ××× အမှန်တကယ် မြတ်နိုး ××× မိတဲ့အဖြစ်တွေသည် အရိပ်တကြည့်ကြည့်နဲ့ မပြောရက် မဆိုရတ် ×× ပြီ ×××

အကြွင်နာတွေ ××× မတွေ့နိုင် မခံနိုင်ပြီ ×× မျက်နှာတော် ×× မော်တာရှူးချင်သည် မရေရာလှသော ဘဝမို့ အားငယ်သည် ××× ဆင်းရဲတွင်းထဲ ××× ဆွဲလို့ မခေါ်ရက်ပြီ ×××

မှန်ရာကို ×× သစ္စာဆိုပါမည် ×× ဘုရားသခင်ထံ ×× တိုင်တည်ပူးရှင်သည်×× ရင်မှာတစ်ယောက်တည်း ×× ချစ်ခဲ့ပူးပါသည် ×× မင်းတလွဲ၍ ×× ဘယ်သူ့မှ ကိုယ်မချစ်ပြီ ×××

သီချင်းသံတိတ်သွားပြီး တစ်အောင့်ကြာတော့ နောက်မှ ခြေသံကြားလိုက်၏။

"ဟသ်ာ .."

ဟသ်ာ က လှည့်ကြည့်၏။

မင်းသခင် က လက်ကိုင်ပဝါနှင့် စည်းချထားသည့် ဟသ်ာရဲ့ဆံပင်တွေကို ဆွဲယူ၍ တယုတယ နမ်းလိုက်သည်။

"ငါ့ကို လက်ဖက်သုပ် ပေးစမ်းပါ"

ဟသ်ာ ခေါင်းညိတ်၍ လှည့်ထွက်လာခဲ့သည်။

မင်းသခင် က နောက်ကနေ ဆွဲဖက်ထားလိုက်ပြီး ...

"ဟသ်ာ ဒီနေ့ တစ်ပတ်တိတိ ရှိသွားပြီ"

"လွှတ်စမ်းပါ သခင် ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"လေညှာအရပ်ကို မမြင်နိုင်သေးဘူးလား ဟံသာ ရယ် .. ငါ တကယ်ကြွေနေပြီ"

"ဟင့်အင်း .. လွှတ် .."

မင်းသခင် က ဟံသာ ကို နမ်းမလို့ ငုံ့မိုးလာပြီးမှ အရှိန်သတ် ပစ်လိုက်သည်။

"နင့်ကို ငါ သိပ်ချစ်တယ်"

ဆို၍ ဟံသာ ကို လွှတ်ပေးသည်။

ဒီနေ့ထိ ဟံသာ ကို သူ လွတ်လပ်ခြင်းတွေ ပေးထားဆဲ။

"ငါဟာ ပန်းစားဘီလူးမဟုတ်ဘူးဆိုတာ နင် သိစေချင်တယ်" တဲ့ ..။

ဟံသာ ကတော့ ယုံကြည်ဖို့ရာ မနည်း ကြိုးစားရဦးမှာပါ။

"ဟဲ့ .. မိုးချုပ်တော့မယ် ..၊ ပြန်ပါတော့လား သမီး"

"ပြန်မှာပါ မေမေ .. ဟံသာ ဖေဖေ လမ်းလျှောက်ပြန်လာအောင် စောင့်နေတာ"

"ဘာလုပ်မှာလဲ .. သမီး ရောက်လာတာ မေမေ ပြောလိုက်ပါ့မယ်"

"ဟင့်အင်း .. ဟံသာ ဖေဖေနဲ့ စကားပြောဦးမှာ"





"ကဲ .. ကဲ .. သဘော"

ဒေါ်ရွှေငယ် က စိပ်ပုတီးဖြုတ်ကာ ဘုရားခန်းထဲ ဝင်သွားသည်။ ဟံသာ သတင်းစာကို ကောက်ကိုင်၍ ဖတ်မလို့ပဲ ရှိသေးသည် ..၊

"ဟံသာ .."

မော့ကြည့်လိုက်တော့ ထွတ်မြတ်ဇင် ..။

"ကိုဇင် .."

အတော်လေး အံ့သြသွားမိသည်။

မကြေညာရပါဘဲ ပဋိပက္ခဖြစ်ထားခဲ့ကြသည့် မိသားစုနှစ်ခု။

ထွတ်မြတ်ဇင် ကတော့ ဘာမှမဖြစ်သလို ခပ်ပြုံးပြုံးပဲ ဝင်လာ ကာ ...

"ကိုယ်ကို ထိုင်ခွင့်မပြုတော့ဘူးလား ဟံသာ"

"သြော် .. ဟုတ် .. ထိုင်ပါ ကိုဇင် ..၊ ဟံသာ တောင် ခုနပဲ ရောက်တာ"

"မကြေညာပါနဲ့ ဟံသာ ရယ် ..၊ မင်းသခင် နဲ့ ဟံသာ လက်ထပ် လိုက်တာ ကိုယ်တို့ သိပါတယ် ..၊ သင်း လည်း ဘန်ကောက်မှာ သွားနေတယ်"

"သြော် .."

ဒါကြောင့် ဘာသံမှ မကြားတော့တာကိုး ..။

"ဟံသာ ကို ကိုယ် လာနှုတ်ဆက်တာ ..၊ လာတုန်းကတော့ အန်တီတို့ဆီကိုပေါ့ ..၊ ဟံသာ တစ်ဆင့်သိမှာပဲဆိုပြီးတော့လေ ..၊



www.burmeseclassic.com

www.burmeseclassic.com



ခု ဟသာ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တာ ဝမ်းသာလိုက်တာ"

"ဘာအတွက် နှုတ်ဆက်တာလဲ ကိုဇင်"

"ကိုယ် စစ်တွေကို တာဝန်နဲ့ ပြောင်းရတော့မယ် ..။ သိပ်လှတဲ့ ဟသာ်ငှက်ကလေးတစ်ကောင် ကိုယ့်မျက်စိရှေ့က ထွက်သွားခဲ့ပြီးမှ နောက်ဆို ရန်ကုန်ကို ကိုယ် ခြေဦးလှည့်ဖြစ်မှာ မဟုတ်တော့ဘူး"

ဟသာ် က မျက်နှာကိုတည်၍ မကြားလိုက်ဟန်နှင့် တစ်ဖက်လှည့်လိုက်သည်။

"စကားကို ဆင်ခြင်ပြောဖို့ကောင်းတယ် ကိုဇင် ..။ ဟသာ် တာဝန်ကျေတဲ့ အိမ်ရှင်ဖြစ်ပါရစေ .. မရိုင်းပါရစေနဲ့"

"ဆောရီး ဟသာ် ရယ် .. ကိုယ် အဲဒီလို ရင်ထဲကရှိခဲ့ဖူးတာကို ဟသာ် သိစေချင်တဲ့ ဆန္ဒသက်သက်နဲ့ပါ ..။ ကျန်တာ ဘာမှမပါဘူး..။ ကိုယ့်ကို ခွင့်လွှတ်ပါ"

ထိုစဉ် ...

ဆေါခနဲအသံနှင့်အတူ ဆိုင်ကယ်တစ်စီးက အိမ်ရှေ့သို့ ကွေ့ဝင်လာလေသည်။

ပြီးတော့ ...

ထွတ်မြတ်ဇင် ရဲ့ ကားသောမှာ ကပ်ရပ်သွား၏။

ဟသာ် မျက်လုံးလေး ပြူးသွားမိသည်။

သခင် လိုက်လာပြီ ..။

ဘာမှမပိုင်သေးဘဲနဲ့တောင် လွှမ်းမိုးစွာ သဝန်ကြောင်တတ်





သော သခင် ..။

ထွတ်မြတ်ဇင် ကလည်း ဟသာ် မျက်နှာပျက်သွားတာကို သတိထားမိကာ ဖျတ်ခနဲ ထသည်။

"ကိုယ် သွားတော့မယ်နော် ဟသာ် ..။ နှုတ်ဆက်သွားတယ်လို့ အန်တီတို့ကိုလည်း ပြောလိုက်ပါ"

"အင်း"

ဟသာ် ဘာပြောလိုက်မိမှန်းပင် ကိုယ့်ကိုယ်ကိုယ် မသိတော့..။

အိမ်တံခါးဝအတက်အဆင်းမှာ မျက်နှာချင်းဆိုင်ကြတော့ ထွတ်မြတ်ဇင် က ပြုံးပြ မျက်လွှာချ၍ ...

မင်းသခင် က တင်းမာသောမျက်နှာနှင့် စူးစိုက်ကြည့်လျက် ...

ဟသာ် နေရာမှထကာ ..

"မေမေရေ .. သမီး ပြန်ပြီနော်"

အိမ်ထဲကိုလည်း လှမ်းပြော၍ ဆင်းလာခဲ့သည်။

ဟသာ် ဆင်းလာတာမြင်သည်နှင့် မင်းသခင် က ဆိုင်ကယ်ပေါ်မှတက်ကာ ထွက်သွားသည့် ကားရဲ့နောက်မီးကို စူးစိုက်ကြည့်နေလေသည်။

ဟသာ် သူ့ခါးကို နောက်မှ သိုင်းဖက်လိုက်၏။

သခင် ပြဿနာရှာတော့မှာတော့ သေချာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ပါဘူးလို့ ပြောနေတယ် မဟုတ်လား"

"မဆိုင်ပါဘူးဆိုရင် ဘာဖြစ်လို့ ငါလာတာမြင်မှ အမှုအရာတွေ ပျက်ပြီး ထပြန်သွားတာလဲ ..၊ နင်ကရော ဘာဖြစ်လို့ အမှုအရာတွေ ပျက်ယွင်းနေတာလဲ"

"နင် အဲဒီလို သဝန်တိုတတ်တဲ့စိတ် ရှိမှန်း သိလို့ပေါ့ ..၊ နင်ဟာ ယောက်ျားဖြစ်ပြီး ဆင်ခြင်တုံတရား နည်းတယ် .. ဆုံးဖြတ်လွယ်တယ်"

"နင့်ကို ပိုးပန်းခဲ့ဖူးတဲ့ လူတစ်ယောက်အပေါ် ငါက သွေးသောက်ညီအစ်ကို ဖွဲ့ရဦးမှာလား ..၊ ဟသ်ာ .. နင် ငါ့ကို ဝေဖန်တာ ပက်စက်လွန်းတယ် သိလား"

"ငါမြင်တာ ပြောတာလေ"

"ငါ ချစ်ခဲ့တာ .. လိုက်လျောခဲ့တာတွေကိုသာ နင် အဲဒီလို မြင်တတ်ရင် အားလုံးဟာ ငြိမ်းချမ်းသွားမှာ .. ငါ့ဘက်ကျတော့ နင် မျက်လုံးစိမ်းနဲ့ အမြဲကြည့်တယ်"

ဟသ်ာ က ဆိုဖာပေါ် ဆောင့်ထိုင်ချလိုက်သည်။

အိမ်မှာ လူကြီးတွေ မရှိကြသဖြင့် ဧည့်ခန်းထဲမှာပဲ ပြောချင်တိုင်း ပြောနေမိကြသည်။

"အဲဒီလူက နင်ရှိတဲ့အချိန် ကွက်တိရောက်နေတာ ဘာသဘောလဲ"

"သြော် .. ငါ ချိန်းထားတယ်လို့များ နင်က ပြောချင်သေးလို့





လား"

"ငါပြောတဲ့စကားထဲမှာ နင် လုံးဝ မပါဘူး ..၊ အဲဒီလူ အဲဒီ ယောက်ထိ မြင်တတ်နေတာကို ထောက်ပြတာ ..၊ ဒါ ရိုးသားတာ တဲ့လား"

"နင် သူများကို မစော်ကားပါနဲ့"

"စော်ကားတော့ ဘာဖြစ်လဲ"

"ကိုယ်ကနိုးတော့ သူများကို ငြိုးတယ်တဲ့ ..၊ လူတိုင်း နင့်လိုစိတ် ရှိတယ် မမှတ်နဲ့"

"ဘာပြောတယ် .."

မင်းသခင် ဟသ်ာ ရှေ့ စားပွဲပေါ်မှာ ထိုင်ချလိုက်သည်။

"နင်က ဒီဒေါက်တာနဲ့ယှဉ်ပြီး ငါ့ကို နှိမ့်ချလိုက်တာပေါ့လေ"

"အမှန်အတိုင်း ပြောတာပဲ ..၊ ဟိုက သူ့သိက္ခာနဲ့သူ ယဉ်ယဉ် ကျေးကျေး လာနှုတ်ဆက်တာ ..၊ သူ နယ်ပြောင်းရမယ့်ကိစ္စနဲ့ လာ တာ"

မင်းသခင် အသံလုံးဝထွက်မလာဘဲ အံကြိတ်လျက် ဟသ်ာ ကို စိုက်ကြည့်နေသည်။

မျက်ဝန်းမှာ မျက်ရည်ကြည်တို့ ဝေ့လျက် ..။

"ငါ မှားသွားတယ် ဟသ်ာ ..၊ နင်ပြောသလို ငါ ကိုယ့်ကိုယ် ကိုယ် အထင်ကြီးခဲ့တာ မှားသွားတယ်..၊ နင့်အချစ်ကို ငါ ရဖို့ မလွယ် ဘူးဆိုတာ ခု သိသွားပြီ ..၊ ဒီမှာ ဟသ်ာ မချစ်ဘူးသေးတဲ့ နတိုးသားဟာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိရင် အရိုးစွဲအောင် ရူးသွပ်တတ်တယ် ..၊ နင် တစ်ယောက်ယောက်အပေါ် ရူးသွပ်သွားမှာ ငါ မစိုးရိမ်ရတော့ဘူးလား ..၊ နင့်အချစ်ကို လုံးဝ အကုန်ရဖို့ ငါ့ဘက်က အစွမ်းကုန် ကြိုးစားနေတဲ့အချိန်မှာ နင် ဒီစကားမျိုးတွေ ပြောရက်တယ် ဟသ်ာ ..၊ ပထမတစ်ခါ နင့်စကားတွေကို မခံစားနိုင်လို့ ငါ မှားခဲ့ပြီးပြီ ..၊ အခု နင် ထပ်ပြောတယ် .. ငါ ဆက်မှားရမလား .. ရပ်နေရမလား"

ဟသ်ာ မျက်နှာလွှဲလျက် ငြိမ်နေသည်။

အတန်ကြာ စောင့်ကြည့်နေပြီးမှ မင်းသခင် ထိုင်ရာက ထရပ်၏။

"ငါ သေပြမယ်ဆိုတာတောင် ငါ့အချစ်ကို နင် ယုံမှာ မဟုတ်တော့ဘူး"

မျက်နှာမော့၍ တစ်ကိုယ်တည်း ဆိုနေသည်။

"လောကမှာ အချစ်ကြောင့် သေဆုံးခဲ့ရတဲ့လူတွေ ရှိခဲ့သလား"

"အဲဒီလူတွေက အရူးတွေလား ..၊ သူရဲကောင်းတွေလား"

မင်းသခင် မျက်နှာပြန်ငုံ့တော့ မျက်ရည်တစ်စက် ပေါက်ခနဲ ကြွေလေသည်။

စွန်းကွယ်တင်ခဲ့သော မျက်ရည်စက်ကို ငေးကြည့်ကာ ဟသ်ာ မျက်ရည်တွေ ကျလာသည်။

သူ .. သူ .. ငိုနေသလား ..။

မင်းသခင် က ထွက်ခွာသွားပြီ ဖြစ်သည်။





သူပြောသွားသည့်စကားတွေက နှလုံးသားထဲထိ ပဲ့တင်ထပ် လျက်

"ဟိတ်ကောင် .. မလုပ်ပါနဲ့တော့ကွာ"

မင်းသခင် က စိုးအောင် လက်ကို ပုတ်ချပစ်သည်။

"မင်းကို ငါ ဒီခေါ်လာတာ ငါ့ကို တားဆီးဖို့ မဟုတ်ဘူး.. အေး.. ငါ့ရဲ့ဝေဒနာရှင်းတမ်းကို နားထောင်ဖို့ .. ဝေဖန်ဖို့ .. အေး .."

မင်းသခင် က တစ်ခွက်ပြီးတစ်ခွက် ထည့်သောက်နေသည်။

အာလေးလျှာလေးကြီးနှင့် စကားပြောရင်း သောက်နေလိုက်တာ အမြည်းမစား ရေခဲမစပ် ..။

"ဟသ်ာ ငါ့ကို အပီအပြင် ရက်စက်တာကွာ ..၊ သံယောဇဉ်နည်းနည်းလေးနဲ့တောင် ငဲ့ကြည့်ဖော် မရဘူး .. အေး .."

မင်းသခင် ခေါင်းကြီး စိုက်ခနဲ ကျသွားသည်။

"သခင် .. ဟိတ်ကောင် .."

စိုးအောင် စိုးရိမ်တကြီး ဆွဲလှုပ်တော့ လက်ကိုဖယ်ချကာ ခေါင်းပြန်မတ်လာသည်။

"အချစ်နဲ့ပတ်သက်ပြီး လူတွေ ဘာကြောင့် သေချင်ကြတာလဲ.. ..ရဲကြတာလဲ .. အေး .. သိ .. သိလား .. အား .."



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကိုဖိ၍ မင်းသခင် ရှုံ့မဲ့သွားသည်။

လက်ထဲက ဖန်ခွက်ကိုတော့ မချသေး ..။

"ငါကတော့ သိပြီးသား ..၊ ငါ့ရင်တွေ ပူနေတယ် .. စိုးကြီးရာ..၊ ငါ .. ငါ့ကို ကူညီပါဦး ..၊ ငါ့ရင်တွေ လောင်ကျွမ်းကုန်ပြီ ထင်တယ်.. အေ့ .."

"သခင် ထပါကွာ .. ပြန်ကြရအောင်ပါ ..၊ မူးချင်ရင် မူးရုံပေါ့.. မင်း သိပ်ကိုများနေပြီ .. ငါ တောင်းပန်ပါတယ်"

မင်းသခင် ခေါင်းပြန်မတ်လာသော်လည်း စကားမပြောနိုင်တော့ဘဲ သူ့ရင်ဘတ်အင်္ကျီစကို ခပ်ကြမ်းကြမ်း ပြန်ဆုပ်ဆွဲ၍ အံကြိတ်နေ၏။

"သူ့ကြောင့် ငါ့ရင်တွေ မီးလောင်နေပြီ ထင်တယ် ..၊ ငါ့ရင်ထဲ ပူနေပြီ ..၊ ဟင်္သာ .. မိ .. ဟ .. သာ .. နင် ... ရက် .. စက် .. လိုက် .. တာ"

မင်းသခင် မျက်ရည်တွေ ကျ .. အံကြိတ်နှင့် ရင်ဘတ်ကိုလည်း ဆုပ်ဆွဲကာ ရှုံ့မဲ့နေလျှင် စိုးအောင် မကြည့်ရက်နိုင်တော့ပေ။

အရက်တွေ အလွန်အကျွံသောက်ထား၍ ရင်ပူနေသည်ကို အချစ်ကြောင့်ဟု တတွတ်တွတ်ဆိုနေသော အသည်းကွဲ လူရိုင်းလေးကို သူ ဆွဲထူလိုက်သည်။

"မိ ... ဟ .. သာ .. ငါ့ကို ဟင်္သာ ဆီ ပို့မလို့လား ..၊ မပို့နဲ့ .. မပို့နဲ့ ..၊ အား .. ပူလိုက်တာ .. ငါ .. သူ့မျက်လုံးတွေကို မမြင်ပါရစေနဲ့၊ သူပြောတဲ့ စကားတွေကို မ .. အား!..."





"ဟာ!..."

မင်းသခင် အရုပ်ကြိုးပြတ် ပုံကျသွားလေသည်။

"သခင် .. သခင် .. သူငယ်ချင်း .. လုပ်ကြပါဦးဗျာ"

အရက်ဆိုင်ထဲမှ လူတွေအားလုံး ဝိုင်းအုံလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သားငယ် ပြန်မလာသေးပါလား ဟင်္သာ"

"ဟုတ်တယ် အန်တီ .. မလာသေးဘူး"

"မောင်လေး ဒီလောက်ထိ တစ်ခါမှ မသွားဖူးဘူး"

တစ်အိမ်လုံး ဘယ်သူမှ ဖင်ထိုင်မရအောင် ဖြစ်နေကြလေသည်။ ဟင်္သာ တံခါးဝနားထိ သွားရပ်ကာ မျက်ရည်တွေ ကျနေမိသည်။

ကိုယ် စကားလွန်သွားပြီမှန်းသိတော့ သခင် က ထွက်သွားခဲ့ပြီ။

နင်ရောက်လာရင် ငါ့အမှားအတွက်၊ ငါ တောင်းပန်မှာပါ သခင်ရယ်..၊

"ငါလေ .. နင့်ကို ဒီလောက်ထိ ခံစားသွားရအောင် ပြောတာ မဟုတ်ပါဘူးဟယ်"





ဟင်္သာ မျက်ရည်တွေ အဆက်မပြတ် ကျလာကာ မျက်ဝန်းထဲမှာ ရိပ်ခနဲဆို အနားမှာ တစ်ယောက်ယောက် လာရပ်လိုက်သလိုလို ..။

"ဟင်!..."

မျက်ရည်တွေ ပြည့်နေတဲ့ မျက်လုံးက အမြင်မှားတာလား ..၊

မျက်ရည်ကို ကပျာကယာ သုတ်၍ လှည့်ကြည့်တော့ ဘာမှမရှိ..။

အို .. ဒါ .. သခင့် ကိုယ်က ရေမွှေးနံ့ပဲ ..။

ဟင်္သာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။

ရေမွှေးနံ့က အနားမှာ လာရပ်နေတဲ့အတိုင်း ပြင်းပြနေဆဲ ..။

"အန်တီ .."

"ဟင် .."

ဟင်္သာ ဒေါ်နွဲ့မိုး ကို ပြေးဖက်၍ ငိုသည်။

"ဟင်္သာ စိတ်ထဲ လေးလိုက်တာ .. သူ့သူငယ်ချင်းဆီ ဖုန်းဆက်ကြည့်ပါဦး ..၊ ဒါမှမဟုတ် ဟင်္သာ လိုက်ရှာဝါရစေ"

"အို .. မဟုတ်တာကွယ် ..၊ အပေါင်းအသင်းတွေဆီ ရောက်နေလို့ ဖြစ်မှာပါ .. လာမှာပေါ့"

လာမှာပေါ့ဆိုပြီး ဒေါ်နွဲ့မိုး တယ်လီဖုန်းဆီ ရောက်သွား၏။ ဘယ်သူ့ဆီမှ ခေါ်လို့မရ ..။

တစ်ယောက်ကတော့ မလာဘူးလို့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာ ငိုတာမြင်မှ အခြေအနေကို သတိထားမိလာကာ မလတ်ရော .. ဒေါ်နွဲ့မိုး ပါ မျက်နှာတွေ ပျက်လာကြသည်။

"ဟသ်ာ .. သားငယ် ဟသ်ာ နဲ့ ရန်ဖြစ်သွားသလား"

"ရှင်!..."

ဟသ်ာ ဆတ်ခနဲ ဖြစ်သွားကာ ဘာဖြေရမှန်းမသိ ဖြစ်နေစဉ်...

"တီ .. တီ .."

ဖုန်းနားမှာ ရှိနေသည့် ဒေါ်နွဲ့မိုး က ချက်ချင်း ကောက်ကိုင်လိုက်သည်။

"ဟုတ်ပါတယ် .. ဒေါ်နွဲ့မိုး ပါ"

"... ... ... ...."

"ရှင်!..."

ဒေါ်နွဲ့မိုး လက်ထဲကဖုန်း လွတ်ကျသွားသည်။

"မေမေ .."

မလတ် စူးစူးဝါးဝါး အော်၍ ပြေးလာ၏။

"ဘာတဲ့လဲ .. ဘယ်ကလဲ မေမေ"

မအေကို ကယောင်ချောက်ချား အတင်းလှုပ်မေးသည်။

ဟသ်ာ အသက်ရှူရပ်သွားမတတ် ငုတ်တုတ်မေ့နေသည်။

"သား .. သားငယ် ဆေးရုံမှာ .. အရက်တွေ အသောက်လွန်ပြီး ရှော့ခ်ဖြစ်သွားလို့တဲ့"

"အမလေး .. မောင်လေးရယ်"





မလတ် အရူးမီးဝိုင်း ဖြစ်သွားလေသည်။

ထင်းနေသည့် မျက်ခုံးတန်းတို့က ပိုထင်း၍ လှနေသည်။

အောက်စီဂျင်ပေးထားသည့် ကိရိယာထဲမှာ မျက်နှာတစ်ခုလုံးဝင်ရောက်နေပေမယ့် နဖူးပြေပြေနှင့် ချောမောသော မင်းသခင် မျက်နှာက ထူမည်းသော မျက်တောင်လေးတွေ ယှက်ပိတ်လျက် ငြိမ်သက်စွာ အိပ်ပျော်နေတဲ့အတိုင်း ...။

"အရက်တွေ အလွန်အကျွံသောက်ပြီး ရှော့ခ်ဖြစ်သွားတာ ..၊ နှလုံးခုန်နှုန်းကတော့ သိပ်အားရစရာ မရှိဘူး ..၊ ဒါပေမယ့် သူ့ကံပေါ့ဗျာ..၊ ကျွန်တော်တို့လည်း အစွမ်းကုန် ကြိုးစားထားတာပါပဲ"

"ဆရာရယ် .. ကျွန်မသားလေး အသက်အန္တရာယ် မရှိရအောင် တစ်ခုခု ထပ်စီစဉ်ပေးလို့ မရဘူးလားရှင် ..၊ ကျွန်မ လမ်းပေါ်ရောက်ရှင် ရောက်သွားပါစေ .. သားလေးအတွက် ကျွန်မ အသက်ဆက်ယူပါရစေ..၊ ကုန်ချင်သလောက် ကုန်ပါစေ"

ဒေါ်နွဲ့မိုး စကားတွေ တတွတ်တွတ်ပြောကာ ဆရာဝန်နောက် ပြေးလိုက်နေသည်။

ဆရာဝန်က ခေါင်းတခါခါနှင့် သက်ပြင်းချ၏။

ဆရာမလေးတွေ မျက်နှာလွှဲသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ -"

မလတ် က ဆရာဝန်ကြီးလက်ကို ပြေးဆွဲထားသည်။

ဆရာဝန်ကြီးက စိတ်မကောင်းစွာ ပြန်လှန်ကြည့်ကာ ...

"အဲဒီဂရပ်ဖ်မှာ ပြနေတဲ့ နှလုံးခုန်နှုန်းကိုပဲ ကြည့်နေပေတော့ သမီးရယ် ...၊ ဆရာတို့ဘက်က အာမခံလို့ မရတော့ဘူး"

နာရီသံ တချပ်ချပ် မြည်နေသည်။

ညက တိတ်ဆိတ်ငြိမ်သက်လျက် ...။

ဟာသ်ာ မျက်လုံးတွေ မင်းသခင် ရဲ့ မျက်နှာထက်မှာ စူးနစ်စွာ ကျရောက်လျက် ရှိသည်။

သခင် ပြန်လာပါ ...၊

ဘယ်မှ မသွားပါနဲ့ ...၊

ဟာသ်ာ ဆီကို ပြန် လာပါ သခင် ရယ်...။

ငါ့မှာလေ နင်လိုချင်တဲ့ အချစ်တွေ အစကတည်းက ရှိနေခဲ့တာ သိလား ...။

နင် ငါ့ကို သိပ်ချစ်တာ .. ငါက သိပ်ချစ်လို့ပါ။

ငါ မယုံခဲ့တာက ...

မယုံရဲတာကလည်း သိပ်ချစ်လို့ပါ သခင် ရယ် ...။

သိပ်ချောပြီး ရည်းစားများတဲ့ နင့်အချစ်တွေကို ငါ မယုံရဲတာ...။ တစ်နေ့ နင်ထားခဲ့ရင်ဆိုတဲ့ ဝေဒနာကို မခံစားနိုင်လို့ပါ။

နင် တစ်နေ့ အပျော်ရှာသွားမှာပဲဆိုတဲ့အစွဲ ငါ့မှာ ရှိခဲ့တယ် သိ





လား။ ခု အားလုံးကို ငါ မေ့လိုက်ပြီ။

ထားခဲ့လည်း နေခဲ့ပါ့မယ် ...။ သွားဆိုလည်း ထွက်သွားပေး မယ်။

ငါ နင့်ကို မဆုံးရှုံးပါရစေနဲ့ ...၊

ငါ့ကို မထားခဲ့ပါနဲ့ သခင်ရယ် ...။

ရင်ထဲမှာ စကားတွေ တတွတ်တွတ် ဆိုနေသော်လည်း နှုတ်ခမ်းတို့က ဖွင့်ဟခြင်း မရှိပါ။

မင်းသခင် ရဲ့လက်ဖဝါးကို ဆုပ်ညှစ်ထားကာ ဟာသ်ာ မျက်စိမလွှဲ ထိုင်ကြည့်နေသည်မှာ ဖွင့်လာမယ့် မင်းသခင် ရဲ့ မျက်လုံးတွေကိုပဲ ဖြစ်သည်။

လက်ဖျားတို့သည် ဟာသ်ာ အုပ်ကိုင်ထားသည့်ထဲမှ ပို၍ အေး စက်လာသည်။ တစ်ဖက်မှာ ဆုပ်ကိုင်ထားသည့် လက်ထဲမှာလည်း ဤသို့ ရှိလိမ့်မည်။

မလတ် တရှိုက်ရှိုက်ငိုလျက် မင်းသခင် မျက်နှာကို ကြည့် လိုက်၏။

ဂရပ်ဖ် ပေါ်နေသော ဖန်သားပြင်ကို ကြည့်လိုက်၏။

ဒေါ်နွဲ့မိုး သားငယ်ရဲ့ ခြေထောက်အစုံကို ပွေ့ဖက်၍ ငိုနေလေ သည်။

မျက်ရည်မစိုသော ဟာသ်ာ ရဲ့ ပါးပြင်သည် ထူးဆန်းစွာ ခြောက် သွေ့နေ၏။

စိတ်က ထင့်ခနဲဖြစ်လျက် ဟာသ်ာ ရဲ့ လှပသော မျက်ဝန်းတို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဂရပ်ဖ်ဆီသို့ အကြည့် ...၊

"ဟင်!..."

မလတ် က ဆတ်ခနဲ ဖြစ်သွားကာ ဂရပ်ဖ်ကို လှမ်းကြည့်၏။

"အမလေး!..."

အားလျော့စွာ လှုပ်ခုန်နေသော နှလုံးခုန်နှုန်းပြ ဂရပ်ဖ်သည် လုံးဝ ရပ်ဆိုင်းနေလေပြီ။

ဒေါ်နွဲ့မိုး အခန်းပြင် ပြေးထွက်သွား၏။

အားလုံး ဆရာဆရာမတွေ ဝင်လာကြတော့ စိုးအောင် ဝင်လိုက်လာသည်။

ဟသ်ာ က လှုပ်ရှားလှုပ်ကိုင်နေကြတာတွေကို မမိတ်မသုန် လိုက်ကြည့်နေ၏။

"ဆရာ .. ဆရာ .. ကျွန်မသားလေး .."

ဟသ်ာ ဘာကိုမှ နားမစွင့်တော့ပေ။

အားလုံးကို ကျော်ခိုင်း၍ တစ်လှမ်းချင်း လျှောက်ထွက်လာသည်။

သူ သေပြီ ..

သေပြီလား ...။

သူ သေပြီ ထင်တယ် ...၊

မသေပါဘူး။

မရှင်ရင် သေမှာပေါ့ ...။





ဟသ်ာ နောက်ပြန်လှည့်ကြည့်လိုက်သည်။

ဒေါ်နွဲ့မိုး ရင်ဘတ်ထု၍ ငိုနေသည်။

မလတ် ကို ဆရာမလေးတစ်ယောက်က ဆွဲထားတာ တွေ့၏။

မင်းသခင် ရဲ့ ခုတင်ဘေးမှာ လူတွေ ရှုပ်ယှက်ခတ်လို့ ...။

"သားငယ်ရေ .."

ဒေါ်နွဲ့မိုး အသံက လူရှင်ကို လှုပ်နှိုးတဲ့အသံလား ...။ သေသူကို 'တ' ငိုတဲ့ အသံလား ...။

သခင် သေ .. မသေ ဘယ်သူသိသလဲ ...။

ဟသ်ာ ပြုံးလိုက်သည်။

ငါ သိတာပေါ့ သခင် ရယ် ...၊ သူတို့ ခုထိ မပြောနိုင်ကြဘူး။ နင်က ငါ့ကို စိတ်ကောက်နေတာ ...။

ငါမလိုက်လို့ စီဒီသွားမရိုက်တဲ့သူ ...၊

ငါမလာလို့ စာမေးပွဲ မဖြေတော့ဘူးဆိုတဲ့ သူ ...၊

ငါ လာနှိုးအောင် နင် စောင့်နေတာ ငါ သိပါတယ်ဟယ် ...။

ဟသ်ာ အရေးပေါ်အခန်းတံခါးဝမှာ တဟားဟားနှင့် အော်ရယ်ပစ်လိုက်သည်။

အရူးတွေ .. သူတို့ ဆရာဝန်လုပ်ပြီး ငါ့လောက်တောင် မသိဘူး..၊ အိပ်နေတာကို သေတာတဲ့ ...။

"ဟား .. ဟား .."

ဟသ်ာ ဘေးမှာ လူတွေ ဝိုင်းအုံလာကြပြန်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... ဟိုမှာတစ်ယောက် .. ဒီမှာတစ်ယောက်"

"ဒုက္ခပဲဟော့"

ဟသာ က အားလုံးကို ခါးထောက်ကြည့်သည်။

"ဘာကြည့်နေကြတာလဲ ...၊ သွားကြ .. လူသေမှန်းမသိ .. လူရှင်မှန်း မသိ"

"သမီး .. အမလေး .. အမေ့သမီးလေး"

ကိုယ့်ကို လာပြေးဖက်လိုက်တာ ဘယ်သူလဲ ...၊

အို .. မျက်ရည်တွေနဲ့ ...။

ဒီလူတွေ ဘာလို့ လာငိုနေကြတာလဲ ...။

ဟသာ ကိုယ့်ပါးကိုယ် ပြန်စမ်းကြည့်သည်။

မျက်ရည် တစ်စက်မှမရှိ ...။

"သမီးလေး စိတ်ကိုထိန်းပါ သမီးရယ် .. လူကြီးတွေ တစ်ပူက နှစ်ပူဖြစ်အောင် မလုပ်ပါနဲ့နော်"

"ဟင့်အင်း .. ဖယ် .. ဖယ် .. ငါ ဟိုတစ်ယောက်ကို သွားနှိုးမလို့...၊ သခင် .. သခင် .. နင် ထတော့လေ .. ငါ နှိုးရင် ထမယ်ဆို"

ဆေးရုံဝရန်တာမှာ ဟသာ အောက်ဘက်ကို ငေးကြည့်ကာ စကားတွေ တတွတ်တွတ် ပြောနေ၏။

"သေပြမယ်ဆိုတာတောင် ငါ့အချစ်ကို နင် ယုံမှာ မဟုတ်ဘူး"

"သေပြမယ်ဆိုတာတောင် ငါ့အချစ်ကို နင် ယုံမှာ မဟုတ်ဘူး"

"လောကမှာ အချစ်ကြောင့် သေချင်ခဲ့ရတဲ့လူတွေ ရှိခဲ့သလား"





"ရှိခဲ့သလား .. မရှိပါဘူး"

ဘယ်သူရှိလို့လဲ .. နော်။

"သေရင် အဲဒီလူတွေက အရူးတွေလား .. သူရဲကောင်းတွေ လား"

သူရဲကောင်း .. အဲဒါ သူရဲကောင်း ...။

ဟသာ နှုတ်ခမ်းလေးမှာ လက်ညှိုးလေးကပ်၍ ခေါင်းငဲ့လိုက်.. ခေါင်းခါလိုက် ...။

အို .. မဟုတ်သေးဘူး ...။

အဲဒါ မိုက်တာ .. သခင် က မမိုက်ဘူး။

သခင် မသေဘူးနော် .. မသေပါနဲ့ သခင် ရယ် ...။

ဟသာ ဆီ ပြန်လာခဲ့ပါနော် ...။

မျက်ရည်စတို့ နုမှ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။

"ဟသာငယ် .."

တစ်ယောက်က သူ့လက်ကို လာဆွဲလှုပ်၏။

"အို .. မကိုင်နဲ့ ...၊ သခင် က မကြိုက်ဘူး"

လာကိုင်သည့်လက်ကို ပုတ်ချပစ်လိုက်သည်။

ဟသာငယ် တဲ့လား ...။

ငါက ဟသာငယ် ...။

ဒါဆို သခင် က ဘယ်သူလဲ ...၊

မဟုတ်ဘူး .. မဟုတ်သေးဘူး...။ ဟုတ်ပြီ .. မင်းသခင် ပါ။ ... လေးတွေကို နှမ်းတတ်တဲ့ မင်းသခင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာငယ် ရဲ့ မင်းသခင် ...။

ဟသ်ာငယ် ဒီမှာရပ်နေတယ် .. သခင် ဘယ်မှာလဲဟင်။ ပြန်လာခဲ့ပါ သခင် ရယ် ...၊

ဆိုးဝါးသော အကြောင်းတစ်ခု အတူပြုခဲ့မိလေသလား။

သေဆုံးခြင်းနှစ်ခုက တစ်ပြိုင်နက်။

တစ်ခုသည် အသက်ဖြစ်လျက် ...

တစ်ခုက ဘဝ ...။

ဟသ်ာငယ် ဆိုတာလည်း ပျောက်ကွယ်သွားတော့မည်သာ ...။

အစဉ်လေးစားလျက် ...၊

**လရောင်ကျိုးရှင့်**

BURMESE CLASSIC .com



www.burmeseclassic.com